# မြဝတီ နေ့စဉ်

မှန်မည် ထူးမည်၊ မြန်မည် ဦးမည် အသွင်သစ်နှင့်မြဝတီ

www.myawady.net.mm
E-mail:mwddailynewspapergroup@gmail.com

အတွဲ(၁၅)၊ အမှတ်(၂၂၇)

၁၃၈၇ ခုနှစ်၊ နတ်တော်လဆန်း ၁၂ ရက်
၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်၊ တနင်္လာနေ့


**မြတ်ဗုဒ္ဓ၏အဆုံးအမတရား**

လောက၌ အမိကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ အဖကိုပြုစုလုပ်ကျွေးခြင်းသည် ချမ်းသာ၏။ လောက၌ ရဟန်းတို့ကို ပစ္စည်းလေးပါးတို့ဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ မကောင်းမှုကင်းကုန်သော ဘုရား၊ ပစ္စေကဗုဒ္ဓါ၊ သာဝကတို့ကို ပစ္စည်းလေးပါးဖြင့် အရိုအသေပြုစုခြင်းသည် ချမ်းသာ၏။ **ဓမ္မပဒ**

**ဒို့တာဝန်အရေးသုံးပါး**

- ပြည်ထောင်စုမပြိုကွဲရေး။
- တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး။
- အချုပ်အခြာအာဏာတည်တံ့ခိုင်မြဲရေး။

**နှလုံးသားနဲ့ခံစားလို့ ဦးနှောက်နဲ့ရွေးချယ်ဖို့ မဲပေးကြပါစို့။**

## အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီ၏ ဦးတည်ချက်(၄)ရပ်

၁။ နိုင်ငံတော်၏ အမျိုးသားအကျိုးစီးပွားကိုအလေးထား၍ စစ်မှန်စည်းကမ်းပြည့်ဝသော ပါတီစုံဒီမိုကရေစီစနစ်ကို အကောင်အထည်ဖော်နိုင်မည့် နိုင်ငံရေးအင်အားစုများ၊ ပြည်သူ့ကိုယ်စားလှယ်များဖြစ်ပေါ်လာစေရန် အစဉ်တစိုက်ဆောင်ရွက်ရေး။

၂။ နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့်အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍ စဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries) ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး။

၃။ နိုင်ငံတော်စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ခိုင်မာစေရေးအတွက် အမျိုးသားပညာရေးကဏ္ဍ၊ ကျန်းမာရေးကဏ္ဍတို့ကို အလေးထားမြှင့်တင်ရေး။

၄။ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များ အောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး။

# အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားကျင်းပ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေး

## အာကာသနည်းပညာများ ခေတ်နှင့်အညီဖွံ့ဖြိုးတိုးတက်လာစေရေး ရည်မှန်းချက်ထားပြီး ဆောင်ရွက်

**နေပြည်တော် နိုဝင်ဘာ ၃၀**

ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်ရှိ အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားအား ယနေ့နံနက်ပိုင်းတွင်ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်ဖွင့်လှစ်ပေးသည်။

အခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် ဘယ်လာရုစ်နိုင်ငံတို့မှ သံအမတ်ကြီးများနှင့် **စာမျက်နှာ ၁၆ ကော်လံ ၃** ✭



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ရုရှား၊ တရုတ်၊ အိန္ဒိယနှင့်အမေရိကန်နိုင်ငံတို့မှ အာကာသအတွင်းသို့ ခေတ်အဆက်ဆက်လွှတ်တင်ခဲ့သည့်ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်းလှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှုသရုပ်ပြသမှုများကိုလိုက်လံကြည့်ရှုစဉ်။

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းအား ငွေကျပ် သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်** စာ - ၁၁ သို့

## အယ်ဒီတာ့အာဘော်

(၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာ ၁ ရက်)

# မြန်မာ့မီးရထားပို့ဆောင်ရေး ပိုမိုဆန်းသစ်လာ

နိုင်ငံတော်အစိုးရအနေဖြင့် မြန်မာ့မီးရထားပို့ဆောင်ရေးစနစ် တစ်ခေတ်ပြန်လည်ဆန်းသစ်နိုင်ရေးကို ကြိုးပမ်းဆောင်ရွက်ပေးလျက်ရှိသည်။ ရထားပို့ဆောင်ရေးစနစ်သည် နိုင်ငံတစ်နိုင်ငံ၏အဓိကကျသည့် ပို့ဆောင်ရေးစနစ်ဖြစ်သည့်အပြင် ပြည်သူများအတွက် အကျိုးရှိသည့်စနစ်ဖြစ်သည်။ ပြည်သူကိုဝန်ဆောင်မှုပေးရသည့်လုပ်ငန်းဖြစ်သည်နှင့်အညီ ရထားစီးခရီးသည်များ ဘေးအန္တရာယ်ကင်းရှင်းပြီး လိုရာခရီးသို့ စိတ်ချမ်းမြေ့စွာသွားလာနိုင်ရေးကို အလေးထားသည်။ တစ်နေရာနှင့်တစ်နေရာသွားလာမှုလျင်မြန်လွယ်ကူချောမွေ့စေရေးကို စဉ်ဆက်မပြတ်အလေးထားလုပ်ဆောင်လျက်ရှိရာတွင် ပိုမိုကောင်းမွန်သောဝန်ဆောင်မှုပေးနိုင်ရေးကို အစဉ်ရှေးရှုဆောင်ရွက်လျက်ရှိသည်။ နိုင်ငံတစ်ဝန်းရှိ ရထားခရီးစဉ်များနှင့် ပတ်သက်၍ ပြည်သူများသွားလာမှုလွယ်ကူသက်သာစေရေး၊ အချိန်မှန်မှန်ဖြင့်ပြေးဆွဲနိုင်မည့် မြန်နှုန်းမြင့်ရထားများပေးဆွဲနိုင်ရေးကို စီမံဆောင်ရွက်ပေးလျက်ရှိသည်။

မြန်မာနိုင်ငံရှိ အဓိကမီးရထားလမ်းပိုင်းများတွင် တစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေး ဆောင်ရွက်လျက်ရှိရာတွင် အချို့သောလမ်းပိုင်းအကွေ့နေရာများအား အမြန်နှုန်းကန့်သတ်ချက်များကိုက်ညီမှုရှိစေရေး လမ်းပိုင်းအလိုက် သုတေသနဆောင်ရွက်ခြင်းများကိုလည်း ဆောင်ရွက်ခဲ့ကြရသည်။ အမြန်နှုန်းနှင့်ကိုက်ညီမှုမရှိသည့် ရထားလမ်းနေရာများ၊ တံတားနေရာများကိုလည်း လေ့လာဆန်းစစ်ကာ ပြုပြင်ဆောင်ရွက်မှုပြုခဲ့ကြရသည်။ မြန်မာနိုင်ငံ၏မီးရထားပို့ဆောင်ရေးသည် ၁၈၇၇ ခုနှစ်ကတည်းကစတင်ခဲ့ခြင်းဖြစ်ပြီး နှစ်ပေါင်း ၁၄၈ နှစ်ရှိခဲ့ပြီဖြစ်သည်။ သက်တမ်းအားဖြင့် ရင့်ကျက်ခြင်းနှင့်အတူ နည်းပညာနှင့်လက်တွေ့အသုံးချမှုတွင်လည်း မြင့်မားနေရမည်ဖြစ်သည်။ မီးရထားသယ်ယူပို့ဆောင်ရေးတွင် ရထားလမ်းသည် အဓိကအရေးကြီးပြီး သတ်မှတ်စံချိန်စံညွှန်းများအတိုင်း ကိုက်ညီသည့် ကျောက်များ၊ ဇလီဖားတုံးများ ဖြည့်သွင်းပေးခြင်းဖြင့် ကြံ့ခိုင်မှုကောင်းမွန်အောင် ဆောင်ရွက်ကြရမည်ဖြစ်သည်။

မြန်မာ့မီးရထားအနေဖြင့် အမြန်နှုန်းတစ်နာရီလျှင် ၈၀ ကီလိုမီတာအထိ မြန်နှုန်းမြှင့်တင်မောင်းနှင်နိုင်ရေးနှင့် ကုန်ရထားတွဲများအား တစ်နာရီလျှင် ၆၀ ကီလိုမီတာအထိမောင်းနှင်နိုင်ရေး စံသတ်မှတ်ကာ ဆောင်ရွက်လျက်ရှိသည်။ ရထားလမ်းများကောင်းမွန်ပြီး အချိန်မှန်မှန်ဖြင့် ပြေးဆွဲနိုင်ခြင်း၊ မြန်နှုန်းမြင့်ပြေးဆွဲနိုင်ခြင်းများကို အောင်မြင်စွာလုပ်ဆောင်နိုင်မည်ဆိုပါက အများပြည်သူများက ပိုမိုသုံးစွဲလာမည်ဖြစ်သည်။ ဘက်ပေါင်းစုံအဆင်ပြေချောမွေ့စေရေးအတွက် မြန်မာ့မီးရထားက ကြိုးပမ်းဆောင်ရွက်မှုကြောင့် ယခုအခါ မြန်မာ့မီးရထား၏အောင်မြင်မှုများကို ပြည်သူတို့လက်တွေ့သိမြင်နေကြရပြီဖြစ်သည်။

ရထားခရီးစဉ်များတွင် DEMU ရထားတွဲဆိုင်းအသစ်များဖြင့် ပြေးဆွဲနိုင်ခြင်းကြောင့် ရထားစီးခရီးသွားများ၏စိတ်ကျေနပ်မှုရရှိစေပြီဖြစ်သည်။ သန့်ရှင်းသပ်ရပ်ပြီးစီးနင်းလိုက်ပါမှုအဆင်ပြေသည်။ မီးရထားဝန်ထမ်းများ၏ဝန်ဆောင်မှုများက အဆင်ပြေသည်။ ခရီးတစ်ခုသွားလာရာတွင် အချိန်တိကျမှန်ကန်ခြင်းကို လူတိုင်းနှစ်သက်သည်။ အချိန်နှင့်လုပ်ရှားသွားလာနေကြသူများအဖို့ မြန်မာ့မီးရထားသည် အချိန်နှင့်တစ်ပြေးညီဟူသောစကားအတိုင်း အချိန်ကိုတိတိကျကျမှန်မှန်ကန်ကန်ရှိသည်။ ရထားတွဲဆိုင်းအသစ်များရှိ သန့်စင်ခန်းများကလည်း သန့်ရှင်းမှုရှိနေသည်မှာ ခရီးသွားပြည်သူများအတွက် ကျန်းမာရေးကောင်းမွန်မှုကို များစွာအထောက်အကူပြုလျက်ရှိသည်။

မြန်မာ့မီးရထားအနေဖြင့် နေပြည်တော်-ရန်ကုန်၊ ရန်ကုန်-နေပြည်တော်၊ နေပြည်တော်-မန္တလေး၊ မန္တလေး-နေပြည်တော်ကဲ့သို့ အခြားသောခရီးစဉ်များကို ပိုမိုကောင်းမွန်အဆင်ပြေချောမွေ့စေရန် ဆောင်ရွက်လျက်ရှိသည်။ ယခုအခါ နေပြည်တော်-မန္တလေးရထားလမ်းပိုင်းတွင် ဘက်ထရီလျှပ်စစ်စက်ခေါင်းအသုံးပြုပြီး လေအေးပေးစက်ပါလေအိတ်ရထားတွဲဆိုင်းဖြင့်စတင်ပြေးဆွဲခြင်းအခမ်းအနားကို နိုဝင်ဘာလ ၂၂ ရက်က နေပြည်တော်ဘူတာကြီးအမှတ်(၁)စင်္ကြံ၌လည်းကောင်း၊ မန္တလေးဘူတာကြီးစင်္ကြံအမှတ်(၁)၌လည်းကောင်း ကျင်းပခဲ့ကြသည်။

မန္တလေး-နေပြည်တော်-ရန်ကုန်ခရီးသွားသူများ၊ ရန်ကုန်-နေပြည်တော်-မန္တလေးခရီးသွားသူများ အနေဖြင့် နေပြည်တော်ဘူတာကြီးတွင် တွဲကူးပြောင်း၍ဆက်လက်စီးနင်းလိုက်ပါနိုင်ကြသည်။ ခရီးစဉ်အနေဖြင့် နေ့ချင်းသွား/ပြန်ခရီးစဉ်ဖြစ်သည့်အတွက် သွားလာမှုပိုမိုအဆင်ပြေလှသည်။ ထို့ကြောင့်လည်း မီးရထားဖြင့်ခရီးသွားလာမှုများပြားလာပြီဖြစ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် အကောင်းဆုံးဖြစ်အောင်ဆောင်ရွက်ပေးထားသကဲ့သို့ ပြည်သူများအနေဖြင့်လည်း နိုင်ငံကြီးသားစိတ်ဓာတ်ဖြင့် နိုင်ငံတော်ပိုင်ပစ္စည်းများကို ထိန်းသိမ်းစောင့်ရှောက်ကြရမည်ဖြစ်သည်။

နိုင်ငံတော်အကြီးအကဲ၏လမ်းညွှန်မှုအရ မြန်မာ့မီးရထားက လက်ရှိမြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ၆ ခေါင်းကို ဘက်ထရီလျှပ်စစ်စက်ခေါင်း(Battery Electric Locomotive- BEL) အဖြစ် ပြောင်းလဲတည်ဆောက်ရန် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် အရေးပေါ်ရန်ပုံငွေမှသုံးစွဲခွင့်ရရှိခဲ့ပြီး စက်ခေါင်းသစ်တပ်ဆင်ထုတ်လုပ်ရေးစက်ရုံ နေပြည်တော်တွင် ပြောင်းလဲတည်ဆောက်ခဲ့ခြင်းဖြစ်သည်။ ထပ်မံ၍ ၂၀၂၅- ၂၀၂၆ ဘဏ္ဍာနှစ်တွင်လည်း မြင်းကောင်ရေ ၁၃၀၀ အား ဒီဇယ်လျှပ်စစ်စက်ခေါင်း ၆ ခေါင်းကို အလားတူဘက်ထရီလျှပ်စစ်စက်ခေါင်း- BEL အဖြစ်ပြောင်းလဲတည်ဆောက်ရန် ဆက်လက်ဆောင်ရွက်နေပြီဖြစ်သည်။ အနှစ်ချုပ်ဆိုရသော် မြန်မာ့မီးရထားအနေဖြင့်ပြည်သူများသွားလာလွယ်ကူမှုလျင်မြန်ချောမွေ့စေရေးဆောင်ရွက်မှုများလည်း တိုးတက်လာသကဲ့သို့ ပြည်သူများအနေဖြင့်လည်း ပိုမိုအသုံးပြုလာနေသည်ကိုတွေ့ရပါကြောင်း ရေးသားလိုက်ရပေသည်။ ။

## ၂၀၂၅ ခုနှစ်၊ ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ

**ရွေးကောက်ပွဲကျင်းပရန်**

**၂၇ ရက်**

**သာ လိုတော့သည်။**

## လွှတ်တော်အသီးသီးအတွက် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အပိုင်း(၁)ကို ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် စတင်ကျင်းပမည်

# မဲဆန္ဒရှင်စာရင်းများမှန်ကန်မှုရှိရေးအတွက် မဲစာရင်းများအား Door to Door စနစ်ဖြင့် ကွင်းဆင်းစစ်ဆေး

လဲချား နိုဝင်ဘာ ၃၀

ရှမ်းပြည်နယ်(တောင်ပိုင်း) လဲချားမြို့နယ်၌ ၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ရပ်ကွက်နှင့်ကျေးရွာများအလိုက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်စာရင်းများ မှန်ကန်မှုရှိရေးအတွက် နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းက လဲချားမြို့ပေါ်ရှိ ရပ်ကွက်(၄)ရပ်ကွက်နှင့် မြို့မကျေးရွာအုပ်စုသို့ Door to Door စနစ်ဖြင့် မဲစာရင်းများအားမြေပြင်တစ်အိမ်တက်ဆင်း၍ လိုက်လံကွင်းဆင်းစစ်ဆေးသည်။

ထို့သို့ကွင်းဆင်းစစ်ဆေးမှုကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးနန်းတင့်နှင့်အဖွဲ့ဝင်များ၊ မြို့နယ်ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ အဖွဲ့ဝင်များ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ရပ်ကွက်/ကျေးရွာစာရေးများ၊ ရပ်ကွက်/ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးများနှင့် ရာအိမ်မှူးများပါဝင်သည့် စာရင်းကောက်ယူရေးအဖွဲ့များက မြို့နယ်အတွင်းရှိရပ်ကွက်များနှင့်ကျေးရွာများ၌ Door to Door စနစ်ဖြင့် ကွင်းဆင်းကြည့်ရှုစစ်ဆေးကြောင်း သိရသည်။ (၄၁၄)

## မြဝတီရုပ်မြင်သံကြားအစီအစဉ်

၁-၁၂-၂၀၂၅(တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၆:၀၃ | တရားတော် |
| ၂။ | ၀၈:၀၀ | မျိုးချစ်တပ်မတော် |
| ၃။ | ၁၀:၀၀ | တစ်ပတ်အတွင်းနိုင်ငံတကာသတင်း |
| ၄။ | ၁၁:၀၀ | သာယာသီကြွေးခေတ်ဆန်းတေး |
| ၅။ | ၁၂:၀၀ | ရှေးမြန်မာမင်းများ၏ခေါင်းဆောင်မှု |
| ၆။ | ၁၃:၀၀ | လူတိုင်းကျန်းမာသိမှတ်စရာ |
| ၇။ | ၁၄:၀၀ | မှတ်သားလိုက်နာပုံပမာ |
| ၈။ | ၁၅:၀၀ | ပန်းပေါင်းစုံစွာအနုပညာ |
| ၉။ | ၁၇:၀၀ | သီချင်းလက်ဆောင် |
| ၁၀။ | ၁၈:၀၀ | **မြဝတီရုပ်မြင်သံကြားသတင်း** |
| ၁၁။ | ၁၈:၃၀ | **ထုတ်လွှင့်ပြန်ကြားသတင်းမှန်များ** |
| ၁၂။ | ၁၉:၀၀ | **၂၀၂၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ နိုင်ငံရေးပါတီများ၏ ဟောပြောချက်အစီအစဉ်** |
| ၁၃။ | **ည ၈ နာရီ သတင်း အပြီး** | အမျိုးသားရေးတေးကဗျာ |
| ၁၄။ | | ဒို့တာဝန်အရေးသုံးပါး |
| ၁၅။ | | သစ်တောသယံဇာတနှင့် သဘာဝပတ်ဝန်းကျင် |
| ၁၆။ | | တရားတော် |

**MWD Variety Channel**

၁-၁၂-၂၀၂၅ (တနင်္လာနေ့)

| | | |
|---|---|---|
| ၁။ | ၀၉:၂၀ | သတိမမူ ဂူမမြင် |
| ၂။ | ၁၁:၃၀ | သောတဆင်စရာ တေးမြန်မာ |
| ၃။ | ၁၆:၃၀ | စိတ်ဝင်စားဖွယ်ရာ တိရစ္ဆာန်ကမ္ဘာ |
| ၄။ | ၁၇:၄၅ | ပရိသတ်အတွက် ကဗျာလက်ဆောင် |
| ၅။ | ၂၁:၁၀ | မှတ်တမ်းအစီအစဉ်(ကမ္ဘာ့ခုခံအားကျဆင်းမှုကူးစက်ရောဂါနေ့) |

မြဝတီ နေ့စဉ် the Myawady Daily

စာတည်းမှူးချုပ် - ဦးမျိုးဝင်းရှိန်
စာတည်းမှူး(မြန်မာ) - ဦးရာဇာအောင်
စာတည်းမှူး(အင်္ဂလိပ်) - ဦးရဲမင်းတင်
စာတည်း(ကျွမ်းကျင်)အင်္ဂလိပ် - ဦးတင်မောင်သန်း

စာတည်းအဖွဲ့(မြန်မာ) - ဦးနေမင်းဦး၊ ဦးထွန်းထွန်းနိုင်၊ ဒေါ်နီလာအောင်၊ ဒေါ်ဖြူဖြူမောင်
စာတည်းအဖွဲ့(အင်္ဂလိပ်) - ဦးထက်မြတ်၊ ဒေါ်သီရိမွန်
သတင်းအဖွဲ့(နေပြည်တော်) - ဦးဇော်မင်းပိုင်၊ ဒေါ်ခိုင်ဝါဝါကျော်
သတင်းအဖွဲ့(ရန်ကုန်) - ဦးစံမင်းသူ

**နေပြည်တော်**
စာတည်းအဖွဲ့ ၀၃၁-၇၃၉၉၈၊ ဖက်စ် ၀၃၁-၇၃၉၉၉/၀၃၂-၃၀၂၆၂၊
ဖြန့်ချိရေး/ကြော်ငြာ ၀၃၁-၇၄၀၀၆၊ ၀၃၁-၇၄၀၀၈၊
ဘုရင့်နောင်ရပ်ကွက်၊ ပုဗ္ဗသီရိမြို့နယ်၊ နေပြည်တော်။


**ရန်ကုန်(ရုံးခွဲ)**
စာတည်းအဖွဲ့ ၀၃၁-၇၄၀၂၁၊ ဖြန့်ချိရေး ၀၁၈-၄၀၀၆၉၇၊
ကြော်ငြာ ၀၃၁-၇၄၀၂၂၊ အမှတ်(၁၅)၊ မိုးကောင်းလမ်း၊ ရန်ကင်းမြို့နယ်၊ ရန်ကုန်မြို့။

**မန္တလေး(ရုံးခွဲ)**
တာဝန်ခံ ၀၉-၆၈၈၈၈၃၅၅၈၊ ၈၄ လမ်း၊
၂၉x၃၀ လမ်းကြား၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့။

**ကျိုင်းတုံ(ရုံးခွဲ)**
တာဝန်ခံ ၀၉-၂၅၀၅၅၆၆၃၈၊ ၀၃၄-၇၃၆၀၁
လွိုင်မွေလမ်း၊ အမှတ်(၂)ရပ်ကွက်၊ ကျိုင်းတုံမြို့။

**ပုံနှိပ်ခြင်း/ထုတ်ဝေခြင်းအမှတ် - ၀၀၃၇၈/၀၀၄၉၄**
**စတင်ထုတ်ဝေသည့်ရက် - ၂၀၁၁ ခုနှစ် ဧပြီလ ၁ ရက်**
E-mail: mwddailynewspapergroup @ gmail.com
Website - www.myawady.net.mm




## ပြည်သူ့စစ်မှုထမ်းဥပဒေပြဋ္ဌာန်းချက်ပါ ပြည်သူ့စစ်မှုထမ်းဆောင်ခြင်းတာဝန်မှလျှော့ပေါ့ခွင့်ရသူများ

**လျှော့ပေါ့ခွင့်**

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့က ပြည်သူ့စစ်မှုထမ်းဆောင်ရမည့်တာဝန်မှ လျှော့ပေါ့ခွင့်ပြုသူများမှာ အောက်ပါအတိုင်းဖြစ်ပါသည်-

(က) လျှောက်ထားသူ၏မိဘနှစ်ပါးစလုံးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ် တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏တစ်ဝက်အထိလျှော့ပေါ့ပေးနိုင်သည်။

(ခ) လျှောက်ထားသူ၏မိဘနှစ်ပါးအနက် တစ်ဦးဦးသည် နိုင်ငံ့ဝန်ထမ်းအဖြစ် နှစ်ပေါင်း ၂၀ ထက်မနည်း တာဝန်ထမ်းဆောင်နေဆဲဖြစ်ပါကလည်းကောင်း၊ နိုင်ငံ့ဝန်ထမ်းအဖြစ်တာဝန်ထမ်းဆောင်ခဲ့ပြီး သက်ပြည့်အငြိမ်းစားယူခဲ့သူဖြစ်ပါကလည်းကောင်း၊ အဆိုပါလျှောက်ထားသူအား ဥပဒေအရ ၎င်းထမ်းဆောင်ရမည့် ပြည်သူ့စစ်မှုထမ်းရန်ကာလ၏သုံးပုံတစ်ပုံအထိ လျှော့ပေါ့ပေးနိုင်သည်။

(ဂ) ပြည်သူ့စစ်မှုထမ်းတစ်ဦးဦးသည် တာဝန်ထမ်းဆောင်နေသည့်ကာလအတွင်း ထိခိုက်ဒဏ်ရာရရှိခြင်းများရှိခဲ့ပါက ထိခိုက်ဒဏ်ရာရရှိသည့်နေ့နောက်ပိုင်း ဆက်လက်တာဝန်ထမ်းဆောင်ရန် ကျန်ရှိသည့်ကာလအား လျှော့ပေါ့ပေးနိုင်သည်။

## ကရင်ပြည်နယ်သို့ ယခုနှစ် ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်ငါးသိန်းကျော်ဝင်ရောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်ကာလတူထက်ပိုမိုဝင်ရောက်

**ဘားအံ နိုဝင်ဘာ ၃၀**

ကရင်ပြည်နယ်သို့ ယခုနှစ် ဇန်နဝါရီလမှ အောက်တိုဘာလအထိ ၁၀ လတာကာလအတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည် ငါးသိန်းကျော်ဝင်ရောက်ခဲ့ပြီး ပြီးခဲ့သည့်နှစ်ကာလတူနှင့်နှိုင်းယှဉ်ပါက ၃၈ ရာခိုင်နှုန်းခန့် ပိုမိုဝင်ရောက်ခဲ့ကြောင်း ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ်ရုံးခွဲမှ သိရသည်။



လက်ရှိတွင် ကရင်ပြည်နယ်အတွင်း ပြည်တွင်းပြည်ပခရီးသွားဧည့်သည်များ ရာသီမရွေးလာရောက် လည်ပတ်နိုင်သော စုစုပေါင်းခရီးစဉ် ၂၆ ခုရှိပြီး ယခုအခါ စိုက်ပျိုးရေးကိုအခြေခံသော ခရီးသွားလုပ်ငန်းနှင့် သဘာဝကိုအခြေခံသောခရီးသွားလုပ်ငန်းများကိုလည်း ကရင်ပြည်နယ်အတွင်းဖော်ဆောင်လျက်ရှိကြောင်း သိရသည်။

"အဓိကအားဖြင့် ခရီးသွားဧည့်သည်တွေက ဘားအံခရီးစဉ်ဒေသနဲ့ အနီးပတ်ဝန်းကျင်မှာရှိတဲ့ ခရီးစဉ်တွေကို အများဆုံးလာရောက်လည်ပတ်ကြပါတယ်၊လာရောက်လည်ပတ်ကြတဲ့ ပြည်တွင်းပြည်ပခရီးသွားဧည့်သည်တွေ အဓိကနှစ်သက်တာက မိုးရာသီကာလမှာ ကရင်ပြည်နယ်ရဲ့ စိမ်းစိုလှပတဲ့ ရေမြေတောတောင်သဘာဝ အလှတွေပဲဖြစ်ပါတယ်" ဟု ဟိုတယ်နှင့် ခရီးသွားညွှန်ကြားမှုဦးစီးဌာန ကရင်ပြည်နယ်ရုံးခွဲမှ ညွှန်ကြားရေးမှူး ဦးသက်လင်းက ပြောသည်။

ပြည်တွင်းရှိ တခြားဒေသများ၌ မိုးရာသီကာလတွင် ခရီးသွားဧည့်သည်လာရောက်လည်ပတ်မှု နည်းပါးသော်လည်း ကရင်ပြည်နယ်၌ မိုးရာသီကာလတွင် ခရီးသွားဧည့်သည်ဝင်ရောက်မှုများပြားကြောင်း၊ ဒီဇင်ဘာလတတိယပတ်တွင်လည်း ကရင်နှစ်သစ်ကူးပွဲတော်ကျင်းပမည်ဖြစ်ရာ ခရီးသွားဧည့်သည်များသည် ယခုကတည်းက ပြည်နယ်အတွင်းရှိ ဟိုတယ်နှင့်တည်းခိုရိပ်သာများတွင် ကြိုတင်စာရင်းပေးထားကြောင်း သိရသည်။

ယခုအခါ ကရင်ပြည်နယ်အတွင်း ခရီးသွားဧည့်သည်များ အများဆုံးလာရောက်လည်ပတ်ကြသောဘားအံခရီးစဉ်ဒေသနှင့် အနီးပတ်ဝန်းကျင်ရှိ ခရီးစဉ်များကို စနစ်တကျစီမံဆောင်ရွက်နိုင်စေရန် ခရီးစဉ်ဒေသစီမံခန့်ခွဲရေးအဖွဲ့ပေါင်း ၁၆ ဖွဲ့ခန့်ဖွဲ့စည်းထားပြီး စနစ်တကျစီမံဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဆောင်းဦး**

MWD Education, Knowledge & Sports Channel

၁-၁၂-၂၀၂၅ (တနင်္လာနေ့)


| | | | |
|---|---|---|---|
| ၁။ | ၀၇:၀၀ - ၀၈:၃၅ | Grade - 6 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၂။ | ၁၅:၃၀ - ၁၆:၁၀ | Grade - 6 | သင်္ချာ(၁)၊ သင်္ချာ(၂) |
| ၃။ | ၁၆:၁၀ - ၁၇:၀၅ | Grade - 6 | ပထဝီဝင်၊ သမိုင်း၊ သိပ္ပံ |
| ၄။ | ၁၇:၀၅ - ၁၇:၄၀ | Grade - 3 | မြန်မာစာ၊ အင်္ဂလိပ်စာ |
| ၅။ | ၁၇:၄၀ - ၁၈:၃၀ | Grade - 3 | သင်္ချာ၊ လူမှုရေး၊ သိပ္ပံ |

## ညအပူချိန်များအနည်းငယ်လျော့နည်းနေမည်

**နေပြည်တော် နိုဝင်ဘာ ၃၀**

နောက်နှစ်ရက်အတွက်ခန့်မှန်းချက်မှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကယားပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနေမည်။

(မိုး/ဇလ)



# အရိုင်း

**မစန္ဒာ**



**ယမန်နေ့မှအဆက်**

'ဒီနေ့ မုန့်ဖိုးတစ်မတ်အပိုပါတယ် ဆရာ၊ မနေ့တုန်းက နို့ဆီခွက်ရောင်းတာလေ၊ ငါးပြားဖိုး ငါးခွက်ရတယ်၊ နို့ဆီခွက်က နှစ်ဆယ့်လေးလုံးပဲရှိတာ၊ အဘိုးကြီးက သဘောကောင်းတယ်၊ တစ်မတ်ပေးသွားတယ်၊ တစ်လုံးလျှော့ယူသွားတယ် သိလား'

'ဟယ် တန်တာပေါ့၊ ဒို့ဘက်မှာ ခြောက်ခွက်မှ ငါးပြားရယ်'

အမာညို၏ရှေ့ခုံတွင်ထိုင်နေသော သက်သက်နှင့် မသန်းအေးတို့က ခပ်တိုးတိုးပြောနေကြသည်။ အမာညိုသည် ခက်ဆစ်ကျက်နေရင်း မီးဖိုအောက်မှ နို့ဆီခွက်ပုံကြီးကို ပြေး၍မြင်ယောင်လိုက်သည်။ စိတ်တွက်နှင့်တွက်ကြည့်ရင်း ငါးမူးဖိုးခန့်ရှိမည်ဟု ခန့်မှန်းလိုက်သည်။ မေမေတို့မရောင်းမီ ဦးအောင်ရောင်းပြီး မုန့်ဖိုးရှာရန် စဉ်းစားမိပြီး ပျော်သွားသည်။

'ဟေ့ အမာညို သန်လျင်ကူးတို့သစ်နှစ်စင်းရောက်ပြီတဲ့ သိလား၊ သဘော်ာနာမည်က ယူ့နာမည်အတိုင်းပဲ'

နောက်ဘက်ခုံမှာ အယ်မာထွေးက ကိုယ်ကို ရှေ့ဘက်သို့ကိုင်းညွှတ်ကာ တိုးတိုးလေးလှမ်းပြောသည်။

'ဘာလဲ အမာညိုတဲ့လား'

'ဟုတ်ပါဘူး၊ သူကဗျာစပ်ရင်သုံးမယ့် ကလောင်နာမည်လေ'

'ဟောတော် သီတာတဲ့လား'

အမာညိုသည် ကာရန်အကြောင်း လုံးဝနားမလည်သော်လည်း ကဗျာစပ်ရန် ကြိုးပမ်းနေသူဖြစ်သည်။ ကဗျာက ဘယ်နေမှန်းမသိသေးသော်လည်း အေးမြခြင်းကို အဓိပ္ပာယ်ဆောင်သည့် ကလောင်အမည်လှလှကိုကား ရွေးထားပြီးဖြစ်သည်။ ယခုတော့ လူနာမည်ကို သဘော်ာ ဦးသွားချေပြီ။

'ဟုတ်တယ်၊ သီတာ ၁ နဲ့ သီတာ ၂ တဲ့'

'ဒီလိုဆို ကိုယ်က သီတာ ၃ ပေါ့'

စကားသံကြားရာသို့ ဆရာမက မျက်လုံးလှန်ပြီး လှမ်းကြည့်သည်။ အမာညိုသည် ခေါင်းလေးပုသွားရင်း ငြိမ်သွားသည်။ ထို့နောက် စက္ကူဖြူနှင့်ဖုံးထားသော စာအုပ်အဖုံးပေါ်တွင် ခက်ဆစ်အဖြေများကို လက်ရေးသေးသေးနှင့် မှုန်မှုန်လေးရေးနေလိုက်သည်။

| | |
|---|---|
| အတန်းရှိ | ၄၅ |
| တက် | ၄၂ |
| ခွင့် | ၂ |
| ပျက် | ၁ |
| နေ့စွဲ | ၂၂၊ ၉၊ ၆၅ |

အတန်းမော်နီတာ ခင်ခင်လှက နံရံတွင်ကပ်ထားသော ကျောက်သင်ပုန်းကြီး၏ထောင့်တွင် လှပသေသပ်စွာရေးပြီးသောအခါ ဆရာမကလည်း ကျောင်းခေါ်ချိန်စာအုပ်ကို ပိတ်လိုက်သည်။

'ကဲ စာအုပ်တွေပိတ် ခက်ဆစ်မေးမယ်'

အမာညို စာမရသေးပေ။ စာမရသေးသော်လည်း ဒဏ်ပေးတော့ မခံချင်ပေ။ ဒီအရေးများကို ကြိုမြင်သဖြင့် စာမေးလျှင် ခေါင်းငုံ့ပြီး စဉ်းစားသလိုလိုနှင့် စာအုပ်ဖုံးပေါ်မှ ခက်ဆစ်များကိုကြည့်ပြီးဖြေရန် စီစဉ်စဉ်းစားပြီးဖြစ်သည်။ သို့သော်လည်း တတ်နိုင်လျှင်တော့ စာမေးမခံချင်ပေ။ ထို့ကြောင့် မျက်နှာထားကို ပြင်ရသည်။ ဆရာမက အလွန်ပါးသည်။ မျက်နှာကဲ အလွန်ခတ်တတ်သည်။ ခေါင်းငုံ့နေသူ၊ သူနှင့်မျက်နှာချင်းမဆိုင်ဝံ့သူများကို ရွေးပြီးမေးတတ်သည်။ ထိုသူများသည် စာမရသူများဟု အလိုလိုသိပုံရသည်။

သို့သော် အမာညိုတို့က ဆရာမထက် ပါးသည်။ မျက်နှာကို ရဲရဲတင်းတင်းမော့၍ထားသည်။ ပြုံး၍ပင်နေလိုက်သေးသည်။ ထို့ကြောင့် ဆရာမက သူ့ကိုကျော်ကာ သူ့နောက်ဘက်တွင်ထိုင်နေသော စုလှိုင်ကို မေးလေသည်။ စုလှိုင်သည် စာကို စိတ်ဝင်စားဟန်မတူဘဲ ကျောက်သင်ပုန်းကြီးကို ငေးမောကြည့်နေသောကြောင့် ဖြစ်လေသည်။

စုလှိုင်ကို စာမရဟု ထင်မှတ်သောကြောင့် မေးခြင်းဖြစ်သော်လည်း သူသည် ဆရာမမေးသမျှကို ဒိုးဒိုးဒေါက်ဒေါက်ဖြေနိုင်လေသည်။ ထို့နောက် သူ့နေရာသူ ပြန်ထိုင်ကာ ကျောက်သင်ပုန်းကြီးကို ပြန်ငေးနေပြန်လေသည်။

'စုလှိုင်က တစ်မျိုးပဲ'

အမာညိုသည် စုလှိုင်ကိုငဲ့ကြည့်ရင်း ဒုတိယအကြိမ် စိတ်ထဲမှ ပြောလိုက်မိပြန်လေသည်။

■ ■ ■ ■ ■

'သူတို့တွေက ပြောတယ်၊ စုလှိုင်က တစ်မျိုးပဲတဲ့၊ အဲဒါဟုတ်သလားဟင် မာမီကြီး'

စုလှိုင်သည် မာမီကြီး၏ခုတင်ဘေးတွင် အသာလေးဝင်ထိုင်ရင်းမေးသည်။ မာမီကြီးသည် သူ့လက်ထဲမှ ဓမ္မပဒစာအုပ်လေးကိုခေါက်၍ ပိတ်လိုက်ပြီး စုလှိုင်ကိုငဲ့ကြည့်သည်။ နက်မှောင်နေသောဆံပင်များသည် ပါးရေနားရေတွန့်နေသော မာမီကြီး၏မျက်နှာနှင့် မလိုက်ဖက်လှပေ။ မာမီကြီးသည် အသက်ခုနစ်ဆယ်နားနီးကာ အိုမင်းမစွမ်းရှိပြီဖြစ်သော်လည်း ဇရာကို ဖုံးကွယ်ရန် ကြိုးစားနေဆဲဖြစ်လေသည်။

'စုလှိုင်က တစ်မျိုးပဲ တစ်မျိုးပဲနဲ့ ခဏခဏပြောကြတယ်၊ ဘာဖြစ်လို့ပြောကြတာလဲဟင်'

စုလှိုင်က ထပ်၍မေးလိုက်မိပြန်သည်။ မာမီကြီးသည် စုလှိုင်ကို ခြေဆုံးခေါင်းဆုံး ခပ်စူးစူးကြည့်ပြီး သရော်သလိုပြုံးလိုက်လေသည်။

'တစ်မျိုးဖြစ်နေလို့ တစ်မျိုးပဲလို့ပြောတာဖြစ်မှာပေါ့အေ့၊ ညည်းက အမေတူပဲ၊ ညည်းအမေလည်း တစ်မျိုးပဲဟာ'

'မာမီက မာမီကြီးရဲ့ သမီးပဲ'

မကျေမနပ်စောဒကတက်လိုက်သော စုလှိုင်ကို မာမီကြီးက ဂရုမပြုအားပေ။ အိပ်ရာဘေးရှိ စားပွဲပေါ်မှ ကရင်ပတ်ဖ်ဘူးလေးကိုလှမ်းယူကာ သူ့မျက်နှာကို တစ်ချက်နှစ်ချက် သလိုက်သည်။ ဖြူသောဆံပင်ကို ဆေးနက်များက မည်းသွားစေသော်လည်း တွန့်နေသောပါးရေများကို ကရင်ပတ်ဖ်က ဖုံးကွယ်ခြင်းမပြုနိုင်သည့်အတွက် စုလှိုင်သည် အသာမျက်နှာလွှဲလိုက်သည်။ ဓမ္မပဒကို ဟန်တပြုပြုဖတ်နေသော်လည်း မာမီကြီး၏ရင်ထဲတွင် တရားဟူ၍ မြူမှုန်မျှမရှိသေးသည်ကို စုလှိုင်နားလည်လိုက်သည်။

'ငါ့သမီးပေမယ့် ဒင်းက ငါ့စကားကို တစ်သက်လုံး နားထောင်ခဲ့တာမှ မဟုတ်ဘဲ သူထင်ရာ သူလုပ်နေတာ'

အောက်ထပ်ရှိ ဖဲဝိုင်းမှရယ်မောသံများသည် အပေါ်ထပ်ထိအောင် လျှံပြီးတက်လာသည်။ ချိုလွင်သောရယ်သံလေးက အကျယ်ဆုံးဖြစ်သည်။ မာမီ၏အသံဖြစ်ကြောင်း စုလှိုင်သိလိုက်သည်။

'အန်တီကြီး ဆေးသောက်ချိန်ရောက်ပြီလေ'

မာမီကြီးအတွက် သီးသန့်ငှားထားသော သူနာပြုဆရာမလေးက အခန်းထဲဝင်လာကာ သတိပေးသည်။ မာမီကြီးသည် ဆေးမသောက်လိုဟန်နှင့် ခေါင်းယမ်းသော်လည်း သူနာပြုဆရာမလေး ကမ်းပေးသောဆေးခွက်ကို မငြင်းမဆန်သောက်ချလိုက်သည်။

'ဒင်းက ငါ့စကားကို နားထောင်တာမဟုတ်ဘူး၊ ကလေကချေကောင်တွေနဲ့ ရည်းစားထားလားထားရဲ့၊ လိုက်ပြေးမယ် လုပ်လား လုပ်ရဲ့'

'မာမီကပြောဖူးတယ်၊ ဒက်ဒီဟာ မာမီကြီးရွေးတဲ့သမက်ဆို'

'အေးလေ ညည်းအဖေက ကျုပ်ရွေးတဲ့သမက်ပေါ့၊ အရည်အချင်းရှိတယ်၊ ချမ်းသာတယ်၊ လုပ်ရဲကိုင်ရဲရှိတယ်၊ ဒီလိုလူမျိုးကိုယူရင် တစ်သက်မဆင်းရဲဘူးဆိုတာ မိစုလှိုင် ညည်းလည်းမှတ်ထား'


'မာမီကြီးက မာမီကို ဒက်ဒီနဲ့ အတင်းပေးစားခဲ့တာလားဟင်'

'ဒါပေါ့ ဒင်းက သမီး ငါက အမေပဲ'

အောက်ထပ်မှရယ်မောသံများသည် ပျံ့လွင်လာပြန်သည်။ ရယ်သံများကို နားစိုက်ထောင်ရင်း စုလှိုင်ငြီးငွေ့လာသည်။ ခုတင်တိုင်လေးကို ခပ်လျော့လျော့မှီလိုက်ပြီးမှ မိတ်ကပ်ခြယ်သထားသောမာမီကြီး၏မျက်နှာကို ငေးကြည့်နေမိသည်။

**ဆက်လက်ဖော်ပြပါမည်။**

## (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ အခြေခံပညာမူလတန်း အလယ်တန်း အထက်တန်းအဆင့်စာမေးပွဲ ကျင်းပ



ရန်ကုန် နိုဝင်ဘာ ၃၀

ဗုဒ္ဓဘာသာကလျာဏယုဝအသင်း(ဗဟို)မှကြီးမှူးပြီး ကျောင်းသား၊ ကျောင်းသူများ ဘာသာတရားကိုကိုင်းရှိုင်းပြီး ယဉ်ကျေးလိမ္မာသူဖြစ်လာစေရန်ရည်ရွယ်၍ (၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့်စာမေးပွဲများကို နိုဝင်ဘာလ ၂၉ ရက်က ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ် ဆုတောင်းပြည့် မယ်လမုစေတီတော် ဘုရားဝင်းအတွင်းရှိ သုံးထပ်ဆောင်၌ ကျင်းပသည်။

(၇၆)ကြိမ်မြောက် (၃၈)ဖြာမင်္ဂလာနှင့် ဗုဒ္ဓဝင်စာမေးပွဲ အခြေခံပညာမူလတန်း၊ အလယ်တန်း၊ အထက်တန်းအဆင့် စာမေးပွဲဖြေဆိုရာတွင် မြောက်ဥက္ကလာပမြို့နယ် ဗုဒ္ဓဘာသာကလျာဏယုဝအသင်း ဩဝါဒါစရိယဆရာတော် ဇလွန်ပရိယတ္တိစာသင်တိုက် မြို့နယ်သံဃာ့နာယကအဖွဲ့ ဥက္ကဋ္ဌ ဘဒ္ဒန္တဉာဏိန္ဒ (မဟာဂန္ထဝါစကပဏ္ဍိတ)နှင့် ဩဝါဒါဆရာတော်ကြီးများ၊ အသင်းနာယကကြီးများ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမိုးသူနှင့် ကော်မတီဝင်များ၊ အသင်းအလုပ်အမှုဆောင်နာယကများ၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆရာ၊ ဆရာမများနှင့်စာမေးပွဲကျင်းပရေးကော်မတီဝင်များက ပံ့ပိုးကူညီဆောင်ရွက်ခဲ့သည်။

အဆိုပါစာမေးပွဲကို မြို့ပေါ်ရှိ စာသင်ကျောင်းများမှ အခြေခံပညာမူလတန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၃၄၇ ဦး၊ အခြေခံပညာအလယ်တန်းအဆင့် ကျောင်းသား၊ ကျောင်းသူ ၂၁၂ ဦး၊ အခြေခံပညာအထက်တန်းအဆင့်ကျောင်းသား၊ ကျောင်းသူ ၁၅ ဦး ဝင်ရောက်ဖြေဆိုကြကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

➤ ကျောဖုံးမှအဆက်

ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်မှ တာဝန်ရှိသူများ၊ အမှုဆောင်အဖွဲ့ဝင်များ၊ ညီနောင်အသင်းအဖွဲ့များ၊ နိုင်ငံတကာသံတမန်များ၊ မိတ်ဖက်အဖွဲ့အစည်းများ၊ အသင်းသား၊ အသင်းသူများနှင့် တာဝန်ရှိသူများတက်ရောက်ကြသည်။

ဦးစွာနိုင်ငံတော်ယာယီသမ္မတနိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက အမှာစကားပြောကြားရာတွင် ယနေ့ကျင်းပသည့် ကုန်သည်စက်မှုအသင်းချုပ်၏ (၁၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသား စုံညီအစည်းအဝေးတွင် အသင်းသားများနှင့် စုံလင်စွာတွေ့ဆုံခွင့်ရသည့်အတွက် ဝမ်းမြောက်ပါကြောင်းနှင့် ပုဂ္ဂလိကကဏ္ဍ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုကို အသင်းချုပ်အနေဖြင့် အစဉ်တစိုက် ဦးတည်ဆောင်ရွက်ခဲ့သည့်အတွက်လည်း အသိအမှတ်ပြုဂုဏ်ယူသည်ကို ပြောကြား

ကောင်စီ၏ ဦးတည်ချက်(၄)ရပ်တွင် "နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်ရေး၌ အဓိကနှင့် အခြေခံအုတ်မြစ်ဖြစ်သည့် စိုက်ပျိုးရေးကဏ္ဍစဉ်ဆက်မပြတ်တိုးတက်၍ စိုက်ပျိုးမွေးမြူရေးကိုအခြေခံသည့် စက်မှုကဏ္ဍ (Agro-based Industries)ဖွံ့ဖြိုးတိုးတက်မှုမှသည် ပြည်သူတို့၏လူမှုစီးပွားဘဝကို စဉ်ဆက်မပြတ်မြှင့်တင်ရေး" ဆိုသည့်ဦးတည်ချက်ကို အကောင်အထည်ဖော်ဆောင်ရွက်သည့်အခါတွင် သက်ဆိုင်ရာဝန်ကြီးဌာနများနှင့်အတူ ပုဂ္ဂလိကလုပ်ငန်းရှင်များ၏ ကြိုးပမ်းအားထုတ်မှုသည်အရေးကြီးသကဲ့သို့ ကုန်သည်စက်မှုအသင်းချုပ်အပါအဝင် ညီနောင်အသင်းများ၏ပူးပေါင်းပါဝင်ဆောင်ရွက်မှုသည်လည်း အဓိကကျသည့်အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ အထူးသဖြင့် နိုင်ငံ့စီးပွားမြှင့်တင်ရေးအတွက် ပို့ကုန်တိုးမြှင့်ရေးတွင် အသင်းအဖွဲ့များအနေဖြင့်လည်း ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်လျက်ရှိနေသည်ကိုလည်း တွေ့မြင်ရကြောင်း။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၁၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် ခင်းကျင်းပြသထားသည့်ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးစဉ်။

လိုကြောင်း။

ကုန်သည်စက်မှုအသင်းချုပ်ကို ၁၉၁၉ ခုနှစ်တွင် တိုင်းရင်းသားမျိုးချစ်ကုန်သည်ကြီးများက "စီးပွားရေးခိုင်ခံ့မှ အမျိုးသားရေးတည်တံ့ခိုင်မြဲနိုင်မည်" ဆိုသည့် ခံယူချက်ဖြင့် "ဗမာကုန်သည်အသင်း (Burmese Chamber of Commerce)" အဖြစ်စတင်ဖွဲ့စည်းခဲ့ပြီး ၁၉၉၉ ခုနှစ်တွင် ကဏ္ဍအသီးသီးကို ကိုယ်စားပြုသည့် ညီနောင်အသင်းများပါဝင်စုဖွဲ့မှုဖြင့် "ပြည်ထောင်စုမြန်မာနိုင်ငံကုန်သည်များနှင့်စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်"အဖြစ် ပြောင်းလဲဖွဲ့စည်းခဲ့သည်ကို သိရကြောင်း၊ နှစ်ပေါင်း(၁၀၀)ကျော် သက်တမ်းရှိ အဖွဲ့အစည်းဖြစ်သည့်အပြင် နိုင်ငံတော်အစိုးရအဆက်ဆက်က အဓိကမိတ်ဖက်အဖွဲ့အစည်းအဖြစ် အသိအမှတ်ပြုထားခြင်းခံရသည့် ပုဂ္ဂလိကကဏ္ဍကိုယ်စားပြု အမျိုးသားအဆင့်အဖွဲ့အစည်းကြီး (National Apex Organization) လည်းဖြစ်ကြောင်း။

အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေး

**❖ နိုင်ငံတကာစီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ်ကုန်သွယ်ဖက်များရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့်အသင်းကြီး၏လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍရှင်သန်ဖွံ့ဖြိုးရေးအတွက်အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင်ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီမြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရ . . .**

**❖ အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခုအပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြသူများဖြစ်၊ နိုင်ငံတစ်နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင် ပုဂ္ဂလိကကဏ္ဍသည် အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့်ပါဝင်နေ . . .**

နိုင်ငံ့စီးပွားမြှင့်တင်ရေးတွင် ကုန်သွယ်မှုသာမက ကုန်ထုတ်လုပ်ငန်းများဖွံ့ဖြိုးရေးသည်လည်း အရေးပါသည့်အတွက် နိုင်ငံတော်အစိုးရအနေဖြင့်လည်း ပြည်ပသွင်းကုန်အစားထိုးနိုင်ရေး ပြည်တွင်းကုန်ထုတ်လုပ်မှုများ မြှင့်တင်နိုင်ရေးကို အားပေးဆောင်ရွက်လျက်ရှိနေကြောင်း၊ ကုန်သည်စက်မှုအသင်းချုပ်ဖြစ်သည့်အားလျော်စွာ ကုန်သွယ်မှုကဏ္ဍကို ကိုယ်စားပြုသည့် လုပ်ငန်းရှင်များသာမက စက်မှုကုန်ထုတ် လုပ်ငန်းရှင်များနှင့်ပါ ပူးပေါင်းပါဝင် ဖွဲ့စည်းထားခြင်းဖြစ်သဖြင့် ကုန်ထုတ်လုပ်ငန်းကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို ပိုမိုအားစိုက်ဆောင်ရွက်ရန်လည်း မှာကြားလိုကြောင်း။

နိုင်ငံတကာ စီးပွားရေးနယ်ပယ်တွင် မိတ်သစ်ဆွေသစ် ကုန်သွယ်ဖက်များ ရရှိအောင် ကြိုးပမ်းဆောင်ရွက်ခဲ့သည့် အသင်းကြီး၏ လုပ်ဆောင်မှုများသည် နိုင်ငံ့စီးပွားတိုးတက်ရေး၊ ပုဂ္ဂလိကကဏ္ဍရှင်သန်ဖွံ့ဖြိုးရေးအတွက် အရေးပါသကဲ့သို့ နိုင်ငံတကာဈေးကွက်တွင် ယှဉ်ပြိုင်နိုင်မည့် စီးပွားရေးလုပ်ငန်းရှင်များပေါ်ထွန်းလာစေပြီး ပုဂ္ဂလိကကဏ္ဍတစ်ရပ်လုံးကို ကမ္ဘာ့အဆင့်မီမြှင့်တင်ပေးရန် အထောက်အကူပြုခဲ့သည်ကို တွေ့မြင်ရကြောင်း၊ မြန်မာနိုင်ငံနှင့်ပတ်သက်နေသည့် ပထဝီစီးပွားရေးအခွင့်အလမ်းများအပေါ် နိုင်ငံအသီးသီးက စိတ်ဝင်စားလာသည့် ယခုအချိန်တွင် အသင်းချုပ်ကြီးသည် နိုင်ငံတကာမှ မိတ်ဖက်အသင်းများ၊ ဒေသတွင်းအသင်းအဖွဲ့များနှင့် ရင်ပေါင်တန်းဆောင်ရွက်ထားနိုင်ရေးကိုလည်း ကြိုးပမ်းသွားကြရမည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် စီးပွားရေးဆိုင်ရာမူဝါဒများကို ချမှတ်ဆောင်ရွက်ရာတွင် လက်ရှိဖြစ်ပေါ်ပြောင်းလဲနေသည့် အခြေအနေများပေါ်မူတည်ပြီး လိုက်လျောညီထွေဖြစ်မည့်မူဝါဒများ၊ လမ်းညွှန်မှုများကို လေ့လာသုံးသပ်ပြီးမှ အကောင်အထည်ဖော်လျက်ရှိကြောင်း၊ ချမှတ်ထားသည့် မူဝါဒလုပ်ငန်းစဉ်များကို အောင်မြင်အောင် အကောင်အထည်ဖော်ဆောင်ရွက်သည့်နေရာတွင် ပုဂ္ဂလိကအခန်းကဏ္ဍ၏နားလည်သဘောပေါက်မှုနှင့် ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးသည့်အခန်းကဏ္ဍမှရှိနေကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များအနေဖြင့် ချမှတ်ထားသည့်မူဝါဒလုပ်ငန်းစဉ်များကို မြေပြင်တွင်လက်တွေ့အကောင်အထည်ဖော်လုပ်ကိုင်သည့်အခါ ကြုံတွေ့ရသည့်စိန်ခေါ်မှု အခက်အခဲများကို ဖြေရှင်းပေးနိုင်ရန် နိုင်ငံတော်အစိုးရအနေဖြင့် အမြဲအသင့်ရှိကြောင်း၊ ပုဂ္ဂလိကလုပ်ငန်းရှင်များဘက်မှလည်း အခက်အခဲများ၊ မူဝါဒဆိုင်ရာအကြံပြုတင်ပြချက်များကို သက်ဆိုင်ရာကဏ္ဍအလိုက် အများကိုကိုယ်စားပြုပြီး အရှိအတိုင်းတင်ပြခြင်းဖြင့် နိုင်ငံတော်ဘက်မှ လိုအပ်သည့်ပြုပြင်ပြောင်းလဲမှုများကို ညှိနှိုင်းဆောင်ရွက်ပေးသွားနိုင်မည်ဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် တိုင်းပြည်သာယာဝပြောရေးနှင့် ပြည်တွင်းစားရေရိက္ခာဖူလုံရေး၊ MSMEs လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအားပေးမြှင့်တင်ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)အခန်း (၁)၊ ပုဒ်မ ၃၅ ပါ "နိုင်ငံတော်၏စီးပွားရေးစနစ်သည် ဈေးကွက်စီးပွားရေးစနစ်ဖြစ်သည်" ဆိုသည့်ပြဋ္ဌာန်းချက်နှင့်အညီ အစိုးရနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်မှုများနှင့် ဈေးကွက်ဖွံ့ဖြိုးရေး၊ ဈေးကွက်သစ်များရရှိရေးနှင့် ဈေးကွက်ချဲ့ထွင်ရေးတို့ကို တိုးချဲ့ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ ထို့ကြောင့် အနာဂတ်စီးပွားရေးဝန်းကျင်တွင် ပုဂ္ဂလိကအခန်းကဏ္ဍသည် ပိုမိုများပြားအရေးပါလာမည်ဖြစ်သည့်အတွက် နိုင်ငံ၏အခြေခံအချက်အလက်များအပေါ် မူတည်ပြီး နိုင်ငံ့စီးပွားရေးကို မည်သို့မည်ပုံဆောင်ရွက်သင့်သည်၊ မတူညီ

စာမျက်နှာ ၆ သို့ ➤

❖ **နိုင်ငံတစ်ခု၏ချမ်းသာကြွယ်ဝမှုကို GDP ဖြင့်တိုင်းတာကြ၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့်ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်၊ မိမိတို့နိုင်ငံ၏ GDP မှာ အားနည်းနေသေး၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိကကျပြီး လယ်ယာကဏ္ဍမှ တစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ် . . .**

❖ **ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများရရှိမည်ဖြစ်၊ နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ် ၃ ခုတွင် " နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟုပါဝင်၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများမြှင့်တင် ဆောင်ရွက်သွားကြရန်လို . . .**

❖ **နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာလိုအပ်ချက်ဖြစ်၊ အဆိုပါဂုဏ်သိက္ခာကိုဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက် . . .**

➤ **စာမျက်နှာ ၅ မှအဆက်**

သည့်ဒေသအခြေအနေများအပေါ်မူတည်ပြီး ဒေသအလိုက်စီးပွားရေးကို မည်သို့ဆောင်ရွက်သင့်သည်စသည်များကိုဆွေးနွေးအဖြေရှာဖော်ထုတ်ပေးကြရန်ကိုလည်း မြန်မာနိုင်ငံ "စီးပွားရေးပညာနှစ်(၁၀၀)" ရာပြည့်အထိမ်းအမှတ်အခမ်းအနားတွင် တိုက်တွန်းပြောကြားခဲ့သကဲ့သို့ အလေးထားဖော်ထုတ်သွားရန်လည်း မှာကြားလိုကြောင်း။

ပုဂ္ဂလိကစီးပွားရေးလုပ်ငန်းများ၏ အကျိုးကို ကိုယ်စားပြုသည့် အစိုးရမဟုတ်သော အမျိုးသားအဆင့် ဦးဆောင်အဖွဲ့အစည်းကြီးဖြစ်သည့်ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်အနေဖြင့် နိုင်ငံတော်၏ရှေ့ဆက်သွားမည့်မူဝါဒပိုင်းဆိုင်ရာများ၊ လုပ်ငန်းစဉ်များ၊ အကြံဉာဏ်များ၊ နည်းပညာများ၊ ကြုံတွေ့နေရသောအခက်အခဲများ၊ ဦးစားပေးဆောင်ရွက်နိုင်ရန်ကိစ္စရပ်များနှင့်ပတ်သက်ပြီး သက်ဆိုင်ရာကဏ္ဍအလိုက်နယ်ပယ်အလိုက်ပုဂ္ဂလိကကဏ္ဍကိုယ်စားပြုပြီး တက်ကြွစွာပူးပေါင်းပါဝင် ဆောင်ရွက်ပေးရန်လိုကြောင်း၊ နိုင်ငံတော်က ဖွဲ့စည်းထားသည့်ကော်မရှင်များ၊ ကော်မတီများသည်လည်း အသင်းချုပ်မှ အမှုဆောင်များ ထည့်သွင်းပါဝင်ဖွဲ့စည်းပေးထားသည့်အားလျော်စွာ ပုဂ္ဂလိကကဏ္ဍလုပ်ငန်းရှင်များ၏ ကောင်းမွန်သည့် အကြံပြုချက်များ၊ တင်ပြချက်များဖြင့် နိုင်ငံ့စီးပွားဖွံ့ဖြိုးတိုးတက်မှုအတွက် ဆောင်ရွက်သွားကြရန်တိုက်တွန်းပြောကြားလိုကြောင်း၊ ကဏ္ဍအသီးသီး၊ နယ်ပယ်အသီးသီးကိုကိုယ်စားပြုသည့် ညီနောင်အသင်းအဖွဲ့များအနေဖြင့်လည်း ကုန်သည်စက်မှုအသင်းချုပ်၏ ဦးဆောင်မှုအောက်တွင် စုစုစည်းစည်းညီညီညွတ်ညွတ်ဖြင့် လက်တွဲဆောင်ရွက်ပေးကြရန် ပြောကြားလိုကြောင်း။

အစိုးရနှင့်ပုဂ္ဂလိကကဏ္ဍသည် တစ်ခုနှင့်တစ်ခု အပြန်အလှန်အမှီသဟဲပြုပြီး နိုင်ငံတော်၏အကျိုးစီးပွားဖြစ်ထွန်းရေးအတွက် လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်နေကြသူများဖြစ်ကြောင်း၊ နိုင်ငံတစ်နိုင်ငံ၏ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုတွင်ပုဂ္ဂလိကကဏ္ဍသည်အဓိကမောင်းနှင်အားတစ်ရပ်အနေဖြင့်ပါဝင်နေကြောင်း၊ လက်ရှိအစိုးရနှင့်ပုဂ္ဂလိကကဏ္ဍအကြားပေါင်းကူးပေးနေသည့်ဆွေးနွေးမှုပုံစံများမှ နိုင်ငံတော်၏ဖွံ့ဖြိုးတိုးတက်မှုနှင့် ပြည်သူ့ဝန်ဆောင်မှုလုပ်ငန်းများတွင် သိသာမြင်သာရှိသည့်ရလဒ်များပေါ်ထွက်သည်အထိ လုပ်ငန်းစဉ်များကိုထိရောက်စွာ အကောင်အထည်ဖော်ဆောင်ရွက်ခြင်းဖြင့် အစိုးရနှင့်ပုဂ္ဂလိကအကြားတွင်သဟဇာတ ပိုမိုဖြစ်ထွန်းလာနိုင်မည်ဖြစ်ကြောင်း။

ယနေ့ ကုန်သည်စက်မှုအသင်းချုပ်က ကျင်းပသည့် (၃၄) ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် နိုင်ငံတော်အစိုးရ၊ နိုင်ငံတကာသံရုံးများနှင့် နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများမှ တာဝန်ရှိပုဂ္ဂိုလ်များ စုံညီစွာတက်ရောက်လာကြသည်ကို တွေ့ရှိရခြင်းသည်လည်း မြန်မာ့ပုဂ္ဂလိကကဏ္ဍ၏ ခိုင်မာမှုနှင့် ယုံကြည်မှုတို့ကို ထင်ဟပ်စေကြောင်း၊ မြန်မာနိုင်ငံ၏ ရေရှည်တည်တံ့ခိုင်မြဲပြီး အားလုံးပါဝင်နိုင်သည့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုဖြစ်စေရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိရာတွင်ပြည်တွင်းစီးပွားရေးကဏ္ဍများပိုမိုသန်မာလာစေရေး၊အလုပ်အကိုင်အခွင့်အလမ်းများဖန်တီးပေးနိုင်ရေး၊ နည်းပညာအသစ်များနှင့်နိုင်ငံတကာစီးပွားရေးအလေ့အကျင့်ကောင်းများကို လက်ဆင့်ကမ်းသင်ယူနိုင်ရေးတို့အတွက် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုများသည် မရှိမဖြစ်အရေးကြီးသည့်အခန်းကဏ္ဍမှပါဝင်နေကြောင်း၊ မြန်မာနိုင်ငံတွင် အပြန်အလှန်အကျိုးရှိမည့်ရင်းနှီးမြှုပ်နှံမှု ဝန်းကျင်တစ်ရပ်ဖော်ဆောင်ရာတွင် နိုင်ငံတကာမှ မိတ်ဆွေများ၊ မိတ်ဖက်အဖွဲ့အစည်းများအနေဖြင့် ဆက်လက်အရှိန်အဟုန်မြှင့်တင်ပူးပေါင်းဆောင်ရွက်သွားနိုင်မည်ဟု ယုံကြည်ကြောင်း။

ယနေ့ကျင်းပသည့် ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်၏ (၃၄)ကြိမ်မြောက် နှစ်ပတ်လည်မှသည် ရွှေရတု၊ စိန်ရတု၊ နှစ်ပေါင်းများစွာတိုင် နိုင်ငံ့စီးပွားတိုးတက်ရေးနှင့် တိုင်းပြည်သာယာဝပြောရေးတို့အတွက်နိုင်ငံတော်နှင့် လက်တွဲပြီး ဆက်လက်ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်၊ ပုဂ္ဂလိကကဏ္ဍ တောင့်တင်းခိုင်မာဖွံ့ဖြိုးပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်မှုကို ဆတက်ထမ်းပိုး အထောက်အကူပြုဆောင်ရွက်သွားကြရန် တိုက်တွန်းလိုကြောင်းဖြင့်ပြောကြားသည်။

ဆက်လက်ပြီး နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက ဖြည့်စွက်ပြောကြားရာတွင် နိုင်ငံတစ်ခု၏ချမ်းသာကြွယ်ဝမှုကို GDP ဖြင့် တိုင်းတာကြကြောင်း၊ GDP ကို လယ်ယာကဏ္ဍ၊ စက်မှုကဏ္ဍနှင့် ဝန်ဆောင်မှုကဏ္ဍများဖြင့် တိုင်းတာခြင်းဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ GDP မှာ အားနည်းနေသေးကြောင်း၊ မိမိတို့နိုင်ငံတွင် လယ်ယာကဏ္ဍသည် အဓိကကျပြီး လယ်ယာကဏ္ဍမှတစ်ဆင့် စက်မှုလုပ်ငန်းများနှင့် ဝန်ဆောင်မှုလုပ်ငန်းများလည်း တိုးတက်လာမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၅၀ ရာခိုင်နှုန်းခန့်သည် လယ်ယာကဏ္ဍဖြင့် အသက်မွေးဝမ်းကျောင်းပြုကြသူများဖြစ်သဖြင့် လယ်ယာကဏ္ဍကို မြှင့်တင်ပေးခြင်းဖြင့် အခြားစီးပွားရေးကဏ္ဍများကို မြှင့်တင်ပေးနိုင်မည်ဖြစ်ကြောင်း။

ကုန်သွယ်ရေးနှင့်ပတ်သက်၍ ထုတ်ကုန်ပစ္စည်းများ၊ မြေပေါ်မြေအောက်သယံဇာတပစ္စည်းများ၊ အထည်ချုပ်ဆိုင်ရာ ထုတ်ကုန်များရှိကြောင်း၊ သယံဇာတပစ္စည်းများ ထုတ်ယူသုံးစွဲရာတွင်လည်း ပြန်လည်ဖြည့်တင်းနိုင်သည့် သယံဇာတများဖြစ်သော သစ်နှင့်ဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ ရေထွက်ကုန်ပစ္စည်းထုတ်လုပ်မှုလုပ်ငန်းများကို အဓိကထားဆောင်ရွက်သွားရန်လိုကြောင်း၊ ထုတ်ကုန်ပစ္စည်းများရှိမှသာ ပို့ကုန်ပစ္စည်းများရရှိမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် ချမှတ်ထားသည့် ဆောင်ပုဒ် ၃ ခုတွင် " နိုင်ငံတော်ရွှေသီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့" ဟု ပါဝင်ကြောင်း၊ ထို့ကြောင့် နိုင်ငံ့စီးပွားမြှင့်တင်နိုင်ရေးအတွက် ကုန်ထုတ်လုပ်မှုများ မြှင့်တင်ဆောင်ရွက်သွားကြရန်လိုကြောင်း။

မိမိတို့နိုင်ငံတွင် လယ်ယာစိုက်ပျိုးရေး ကုန်ထုတ်လုပ်မှုနှင့်ပတ်သက်၍အားနည်းနေသေးကြောင်း၊ ပန်းတိုင်ရည်မှန်းချက်များပြည့်မီအောင် စိုက်ပျိုးနိုင်မည်ဆိုပါက တစ်နှစ်လျှင်အမေရိကန်ဒေါ်လာ ၈ ဘီလီယံ ပိုမိုရရှိနိုင်မည်ဖြစ်ပြီး သီးထပ်များပါ စိုက်ပျိုးနိုင်မည်ဆိုပါက အမေရိကန်ဒေါ်လာ ၁၂ ဘီလီယံခန့် ပိုမိုရရှိမည်ဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ကုန်ထုတ်လုပ်မှုများ တိုးမြှင့်ဆောင်ရွက်ပြီး ပြည်ပသို့တင်ပို့နိုင်မည်ဆိုပါက နိုင်ငံအတွက် နိုင်ငံခြားငွေများ လုံလောက်စွာရရှိမည်ဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများ တိုးတက်လာစေရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြစေလိုကြောင်း။

အထည်ချုပ်လုပ်ငန်းများနှင့်ပတ်သက်၍လည်း ယခုထက်ပိုမိုတိုးတက်အောင် ဆောင်ရွက်သွားကြရန်လိုကြောင်း၊ မိမိတို့နိုင်ငံလူဦးရေ၏ ၄၆ ရာခိုင်နှုန်းသည် ဆင်းရဲမွဲတေမှုစာရင်းတွင်ပါဝင်သည်ကို ကုလသမဂ္ဂ၏အစီရင်ခံစာအရ သိရှိရကြောင်း၊ အဓိကအားဖြင့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကို တွက်ချက်ထားခြင်းဖြစ်ကြောင်း၊ ထို့ကြောင့်ကျေးလက်နေပြည်သူများ၏ စီးပွားရေးတိုးတက်ရေး လယ်ယာထွက်ကုန်များ ပိုမိုတိုးတက်ထွက်ရှိအောင်ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ထိုသို့ ဆောင်ရွက်နိုင်ခြင်းဖြင့် ကျေးလက်နေပြည်သူများ၏စီးပွားရေးကောင်းမွန်လာပြီး လူနေမှုအဆင့်အတန်းများ မြင့်မားကာ ဝယ်လိုအားနှင့်ရောင်းလိုအားများ ကောင်းမွန်လာမည်ဖြစ်ကြောင်း၊ စက်မှုလက်မှုလုပ်ငန်းရှင်များအနေဖြင့်ကျေးလက်ဒေသ စီးပွားရေးမြင့်မားလာစေရေးနှင့် လူနေမှုဘဝများမြင့်မားလာစေရေး ဝိုင်းဝန်းဆောင်ရွက်ပေးကြရန်လိုကြောင်း။

ကုန်သွယ်မှုအခွန်နှင့်ပတ်သက်၍ အချို့နေရာများတွင် အားနည်းချက်များရှိသည်ကိုတွေ့ရှိရကြောင်း၊ မိမိတို့အနေဖြင့် ကုန်သွယ်ခွန်နှင့်ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ နိုင်ငံခြားငွေနှင့်ပတ်သက်၍ မိမိတို့စတင်တာဝန်ယူချိန်မှစတင်၍ စနစ်တကျဆောင်ရွက်ခဲ့ကြောင်း၊ အခွန်ငွေနှင့်ပတ်သက်၍ မကြာမီကာလအတွင်း လျှော့ချဆောင်ရွက်သွားရန် ရှိကြောင်း၊ နိုင်ငံ့စီးပွားရေးနှင့် ပတ်သက်၍ အကောင်းဆုံးဖြစ်အောင် မိမိတို့အနေဖြင့်ဆောင်ရွက်လျက်ရှိကြောင်း၊ တစ်ဖက်မှလည်း ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းအနေဖြင့် မှန်မှန်ကန်ကန်ဖြင့် လုပ်ငန်းများဆောင်ရွက်ကြစေလိုကြောင်း။

စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ ပိုမိုတိုးတက်မှုရှိစေရေး၊ တစ်ဧကချင်းအထွက်နှုန်းများတိုးတက်စေရေး၊ တန်ဖိုးကောင်းသည့် ကောက်ပဲသီးနှံများစိုက်ပျိုးနိုင်ရေး ဆောင်ရွက်သွားကြရန်လိုကြောင်း၊ ပေါ်ဆန်းမွှေးစပါးနှင့် ကော်ဖီသည်လည်း ပြည်ပဈေးကွက် ရှိပြီးဖြစ်ကြောင်း၊ ပြည်ပဈေးကွက်ရရှိနိုင်သည့် ထုတ်ကုန်ပစ္စည်းများထုတ်လုပ်နိုင်ရေး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်သွားကြရန်လိုကြောင်း၊ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်သည် တစ်နိုင်ငံလုံးကို ကိုယ်စားပြုပြီး နိုင်ငံ၏စီးပွားရေးဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်ကြသူများဖြစ်ကြောင်း၊ ထို့ကြောင့် ကုန်ထုတ်လုပ်မှုများတိုးတက်စေရေး မဖြစ်မနေဆောင်ရွက်ရန်နှင့် လုပ်ငန်းများမှန်မှန်ကန်ကန်ဖြစ်စေရေးဆောင်ရွက်ရန် လိုကြောင်း၊ ထုတ်ကုန်များထုတ်လုပ်ရောင်းချရာတွင် ဈေးနှုန်းများ မှန်မှန်ကန်ကန်ရှိစေရေးနှင့် ထုတ်ကုန်များ အရည်အသွေးပြည့်မီမှုရှိစေရေး ဆောင်ရွက်ပေးကြစေလိုကြောင်း၊ **နိုင်ငံအတွင်း ဆင်းရဲမွဲတေမှုလျှော့ချရေးသည် နိုင်ငံ၏ဂုဏ်သိက္ခာလိုအပ်ချက်ဖြစ်**ကြောင်း၊ ထို့ကြောင့် **အဆိုပါဂုဏ်သိက္ခာကိုဖြည့်ဆည်းပေးနိုင်ရေး နိုင်ငံ့စီးပွားမြှင့်တင်ရေးကို ဝိုင်းဝန်းဆောင်ရွက်ကြရန်လို**ကြောင်း၊ အဓိကအားဖြင့် ပြည်သူများ၏ ဝယ်လိုအားတက်လာစေရေးဆောင်ရွက်ပေးကြရန်လိုကြောင်း၊ ကုန်ဈေးနှုန်းကြီးမြင့်မှုနှင့်ပတ်သက်၍ ထုတ်ကုန်များတိုးတက်ထုတ်လုပ်နိုင်ခြင်းဖြင့် ရောင်းလိုအားနှင့် ဝယ်လိုအားမျှတလာမည်ဖြစ်ပြီး ကုန်ဈေးနှုန်းကြီးမြင့်မှုကို ထိန်းသိမ်းဆောင်ရွက်နိုင်မည်ဖြစ်ကြောင်း၊ ပြည်သူများ၏ စားဝတ်နေရေးအတွက် အဓိကလိုအပ်သည့် ကုန်ပစ္စည်းများအား ဈေးနှုန်းမှန်ကန်စွာဖြင့်ရောင်းချပေးကြရန်လိုကြောင်း၊ နိုင်ငံ့စီးပွားရေးကောင်းမွန်မှသာ နိုင်ငံဖွံ့ဖြိုးတိုးတက်မည်ဖြစ်သဖြင့် နိုင်ငံ့စီးပွားရေးကောင်းမွန်အောင် ကုန်ထုတ်လုပ်မှုများ တိုးတက်စေရေး အားလုံးကဝိုင်းဝန်းဆောင်ရွက်ကြရန်လိုကြောင်းဖြင့်ပြောကြားသည်။

ထို့နောက် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားသည်။ ယင်းနောက် ၂၀၂၄-၂၀၂၅ နှစ်ပတ်လည် အစီရင်ခံစာနှင့် ဘဏ္ဍာရေးရှင်းတမ်းကို အထွေထွေအတွင်းရေးမှူးက ဖတ်ကြားတင်ပြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် ဧည့်သည်တော်များ၊ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် အမှုဆောင်အဖွဲ့ဝင်များသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များ အသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည် အသင်းသားစုံညီ အစည်းအဝေးတွင် ခင်းကျင်းပြသထားသည့် ပြခန်းများအား ပြခန်းတစ်ခုချင်းစီအလိုက် လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။

(၁၀၀)

# အားကစားကဏ္ဍဖွံ့ဖြိုးတိုးတက်စေရန်နှင့် ဒေသခံပြည်သူများ၏ လူမှုစီးပွားဘဝများ ဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်

ပြည်   နိုဝင်ဘာ ၃၀

ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် နိုဝင်ဘာလ ၂၈ ရက် မွန်းလွဲပိုင်းက ပြည်မြို့နယ်အတွင်း အားကစားကဏ္ဍဘက်စုံမြှင့်တင်ပေးနိုင်ရေး ကွင်းဆင်းဆောင်ရွက်ပေးသည်။

ရှေးဦးစွာ ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တာဝန်ရှိသူတို့သည် ပြည်မြို့ ကမ်းနားလမ်းဘေးရှိ ခေတ္တရာရောပန်းခြံ ဘက်စုံအဆင့်မြှင့်တင်နေမှု ကြည့်ရှုစစ်ဆေးပြီး ပြည်မြို့ရွှေဂူရပ်ကွက်ရှိ ခေတ္တရာပြည်သူ့ခန်းမ(ဘက်စုံသုံးအားကစားခန်းမ)နှင့် မြို့နယ်အားကစားကွင်းများကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပြည်မြို့ ရွာဘဲရပ်ကွက်ရှိ ခရိုင်အားကစားကွင်းနှင့် ဆင်စုရပ်ကွက်၌ ဘက်စုံအားကစားကွင်းနှင့် အားကစားခန်းမတည်ဆောက်နိုင်ရေး ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ဘက်စုံအဆင့်မြှင့်တင်ပေးနိုင်ရေးနှင့် အားကစားကွင်းတစ်ခု၏ အင်္ဂါရပ်နှင့်အညီဖြစ်စေရေးနှင့် ဝန်ထမ်းအိမ်ရာများ သီးသန့်တည်ဆောက်ရန်၊ မြေယာပိုင်ဆိုင်မှုနှင့် မြေအသုံးချမှုများအား ကွင်းဆင်းတိုင်းတာစိစစ်တင်ပြရန် တာဝန်ရှိသူများအား မှာကြားသည်။

ဆက်လက်၍ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းသည် သဲကုန်းမြို့နယ် ဆင်မြီးဆွဲမြို့သို့ ရောက်ရှိပြီး ဒေသခံပြည်သူများနှင့် သွားရောက်တွေ့ဆုံကာ ဒေသခံပြည်သူများ၏တင်ပြချက်များအပေါ် လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ထို့နောက်ပေါင်းတည်မြို့နယ်ကြူတောကန်ကျေးရွာအုပ်စု၌ စိုက်ပျိုးထားသည့် ပဲတီစိမ်းမျိုးသန့်စံပြစိုက်ခင်းသို့သွားရောက်ကြည့်ရှုအားပေးခဲ့ပြီး ပိုးသတ်ဆေး ခတ်ကြွင်းကင်းစင်စေရေး အသိပညာပေးခြင်းများ ကျယ်ကျယ်ပြန့်ပြန့်ဆောင်ရွက်ရန် တာဝန်ရှိသူများအား မှာကြားကြောင်း သိရသည်။ ဥဿာတိုင်းသား

# မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းများတိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်းဆောင်ရွက်



မိတ္ထီလာ   နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ မဲစာရင်းမှန်ကန်စေရေး တစ်အိမ်တက်ဆင်း မဲစာရင်းများတိုက်ဆိုင်စိစစ်ခြင်းလုပ်ငန်း ဆောင်ရွက်ခြင်းကို နိုဝင်ဘာလ ၂၉ ရက်မှ စတင်၍ ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ အောင်မြင်စွာကျင်းပနိုင်ရေးအတွက် အခြေခံအကျဆုံးဖြစ်သည့် မဲဆန္ဒရှင်စာရင်း တိကျမှန်ကန်စေရန် မဲစာရင်းတွင်ပါသင့်သူများ မကျန်ရှိစေရေး အသက် ၁၈ နှစ်ပြည့်နှင့်အထက် စာရင်းအချက်အလက်များ ပြည့်စုံမှန်ကန်ရန်အတွက် မြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာများ၌ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနမှ ဝန်ထမ်းများ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန၊ မိတ္ထီလာမြို့နယ်ဦးစီးမှူးရုံးမှဝန်ထမ်းများ၊ ရပ်ကွက်/ကျေးရွာအုပ်ချုပ်ရေးမှူးများနှင့် ရပ်/ကျေးကော်မရှင်အဖွဲ့ဝင်များက တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းကို ဆောင်ရွက်လျက်ရှိသည်။

အဆိုပါ ရပ်ကွက်/ကျေးရွာများတွင် တစ်အိမ်တက်ဆင်း မဲစာရင်းတိုက်ဆိုင်စစ်ဆေးခြင်းလုပ်ငန်းစဉ် တစ်ရပ်လုံးပြီးမြောက်အောင်မြင်စေရေး ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်မြင့်ဦးနှင့်အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးဇော်အောင်လေးနှင့်တာဝန်ရှိသူများက လှည့်လည်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ကြောင်း သိရသည်။ (၆၀၂)

# အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြော

ပခုက္ကူ   နိုဝင်ဘာ ၃၀

နယ်စပ်ရေးရာဝန်ကြီးဌာန ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်း၌ နိုဝင်ဘာလ ၃၀ ရက် နံနက်ပိုင်းတွင် အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှု အသိပညာပေးဟောပြောပွဲကျင်းပသည်။

ဟောပြောပွဲတွင် ပညာရေးနှင့်လေ့ကျင့်ရေးဦးစီးဌာန ပခုက္ကူခရိုင်ရုံးမှလက်ထောက်ညွှန်ကြားရေးမှူး ဦးဆန်းလင်းက အဖွင့်အမှာစကားပြောကြားပြီး ခရိုင်လူမှုဝန်ထမ်းဦးစီးဌာနမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သန္တာဦးက အမျိုးသမီးများအပေါ် အကြမ်းဖက်မှုပပျောက်ရေး ၁၆ ရက်တာလှုပ်ရှားမှုဆိုင်ရာများအကြောင်း၊ ပခုက္ကူမြို့ မူလတန်းကြိုကျောင်းမှ ကျောင်းအုပ်ဆရာမကြီး ဒေါ်နန္ဒာအောင်က ကျား/မ အခြေပြုအကြမ်းဖက်မှုဆိုင်ရာအကြမ်းဖက်မှုပပျောက်ရေးနှင့်တားဆီးကာကွယ်ရေးဆိုင်ရာလုပ်ငန်းများအကြောင်းတို့ကို ရှင်းလင်းဟောပြောသည်။

အဆိုပါဟောပြောပွဲတွင် ပခုက္ကူမြို့ နယ်စပ်ဒေသတိုင်းရင်းသားလူငယ်များဖွံ့ဖြိုးရေးသင်တန်းကျောင်းမှ ကျောင်းအုပ်ကြီး ဦးစန်းအောင်နှင့် ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများ တက်ရောက်ပြီး ဟောပြောမှုများအပေါ် သိရှိလိုသည်များကိုမေးမြန်းကာ ပြန်လည်ဆွေးနွေးကြကြောင်း သိရသည်။ **ဘာမီသာ(ပခုက္ကူ)**

## ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာ ကိစ္စရပ်များအပေါ် စုံစမ်းမေးမြန်းခြင်းနှင့် သတင်းပို့ခြင်းပြုလုပ်နိုင်

၁။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ သိရှိလိုသည်များကို စုံစမ်းမေးမြန်းရန်နှင့် သတင်းပို့တိုင်ကြားရန်တို့အတွက် တိုင်းဒေသကြီးနှင့်ပြည်နယ်အသီးသီးရှိ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့များ၏ အောက်ပါဖုန်းနံပါတ်များသို့ **ရုံးချိန်အတွင်း** ဆက်သွယ်နိုင်ပါကြောင်း ထုတ်ပြန်အပ်ပါသည်-

(က) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့ ဥက္ကဋ္ဌရုံး(နေပြည်တော်)
- (၁) ၀၆၇-၃၄၀၄၉၁၁၊ ၀၆၇-၃၄၀၄၉၂၂၊ ၀၆၇-၃၄၀၄၉၃၃၊ ၀၆၇-၃၄၀၄၉၄၄၊ ၀၆၇-၃၄၀၄၉၅၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၁

(ခ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (နေပြည်တော်ကောင်စီ)
- (၁) ၀၆၇-၄၅၅၀၄၈၈၊ ၀၆၇-၄၅၅၀၄၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၂

(ဂ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကချင်ပြည်နယ်)
- (၁) ၀၉-၃၄၉၀၃၅၅၃၄၊ ၀၉-၃၄၉၀၃၈၃၇၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၃၄၉၀၃၈၃၇၆

(ဃ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကယားပြည်နယ်)
- (၁) ၀၉-၃၄၉၀၁၅၈၄၇၊ ၀၉-၃၄၉၀၁၄၄၈၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၁၀၀၆၆၃၈

(င) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ကရင်ပြည်နယ်)
- (၁) ၀၅၈-၂၀၂၄၅၃၀၊ ၀၅၈-၂၀၂၃၅၃၁
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၆၉၁၁၁၉၁၀

(စ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ချင်းပြည်နယ်)
- (၁) ၀၇၀-၂၀၂၂၃၆၈၊ ၀၇၀-၂၀၂၂၅၉၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန်၀၉-၈၉၀၉၃၇၅၇၄

(ဆ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (စစ်ကိုင်းတိုင်းဒေသကြီး)
- (၁) ၀၇၁-၂၀၃၂၀၉၁၊ ၀၇၁-၂၀၃၂၀၉၂
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၇

(ဇ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (တနင်္သာရီတိုင်းဒေသကြီး)
- (၁) ၀၅၉-၂၀၂၄၀၃၇၊ ၀၅၉-၂၀၂၄၀၃၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၈

(ဈ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ပဲခူးတိုင်းဒေသကြီး)
- (၁) ၀၅၂-၂၂၀၁၉၃၉၊ ၀၅၂-၂၂၀၁၉၄၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၀၉

(ည) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မကွေးတိုင်းဒေသကြီး)
- (၁) ၀၆၃-၂၀၂၈၈၇၈၊ ၀၆၃-၂၀၂၈၈၇၉
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၀

(ဋ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မန္တလေးတိုင်းဒေသကြီး)
- (၁) ၀၂-၄၀၂၁၂၄၅၊ ၀၂-၄၀၂၁၂၄၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၁

(ဌ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (မွန်ပြည်နယ်)
- (၁) ၀၅၇-၂၀၂၇၉၃၅၊ ၀၅၇-၂၀၂၇၉၃၆
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၂

(ဍ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရခိုင်ပြည်နယ်)
- (၁) ၀၉-၂၅၅၀၀၂၅၁၇၊ ၀၉-၂၅၅၀၀၂၅၁၈
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၃

(ဎ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရန်ကုန်တိုင်းဒေသကြီး)
- (၁) ၀၁-၈၃၀၀၀၁၆၊ ၀၁-၈၃၀၀၀၁၇
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၄

(ဏ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ရှမ်းပြည်နယ်)
- (၁) ၀၈၁-၂၁၂၄၅၄၀၊ ၀၈၁-၂၁၂၄၉၉၅
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၅

(တ) ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးအဖွဲ့ (ဧရာဝတီတိုင်းဒေသကြီး)
- (၁) ၀၄၂-၂၀၂၅၉၉၃၊ ၀၄၂-၂၀၂၅၉၉၄
- (၂) မိုဘိုင်းဖုန်းမှစာတို(SMS)ပေးပို့ရန် ၀၉-၂၅၅၀၀၂၅၁၆

၂။ ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ စုံစမ်းမေးမြန်းခြင်း၊ မသမာမှုများနှင့်ပတ်သက်၍ တိုင်ကြားခြင်းများအား တိကျစွာဆက်သွယ်သတင်းပို့နိုင်ပါကြောင်းနှင့် မမှန်မကန်သတင်းပို့ခြင်း၊ တိုင်ကြားခြင်းများပြုလုပ်ပါက ဖော်ထုတ်၍ တည်ဆဲဥပဒေများနှင့်အညီ အရေးယူသွားမည်ဖြစ်ပါကြောင်း အသိပေးအပ်ပါသည်။

**ပြည်သူ့စစ်မှုထမ်းဆင့်ခေါ်ရေးဗဟိုအဖွဲ့**

# သတိပြုဖွယ်ရာ ဆောင်းရာသီရောဂါများ

"ကြက်သားနှင့် ကြက်ရိုးစွပ်ပြုတ်ရည်သည် ကိုယ်ခံအားကောင်းစေရုံသာမက တုပ်ကွေးကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးနှင့် ဖျားနာခြင်းအမျိုးမျိုးတို့အတွက် အကောင်းဆုံးအိမ်တွင်းသမားတော်ဖြစ်သည်။ ကြက်သွန်ဖြူထဲတွင် အအေးမိခြင်းကိုဖြစ်စေသော ဗိုင်းရပ်စ်ပိုးများကို တားဆီးကာကွယ်နိုင်သည့်ဂုဏ်သတ္တိနှင့် ဗက်တီးရီးယားပိုးမွှားများအန္တရာယ်မှ ကာကွယ်နိုင်သော သဘာဝစွမ်းအင်များပါရှိသည် . . ."

မိုးရာသီမှ ဆောင်းရာသီသို့ ကူးပြောင်းရောက်ရှိလာပြီဖြစ်ရာ ဆောင်းရာသီတွင် အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါများ ဖြစ်ပွားတတ်သဖြင့် သတိပြုဖွယ် ဆောင်ရန်၊ ရှောင်ရန်အချက်များကို ရေးသားဖော်ပြလိုက်ရပါသည်။

**အအေးမိ၊ နှာစေး၊**
**ချောင်းဆိုးခြင်းအတွက် ကုထုံးများ**

အအေးမိ၊ နှာစေး၊ ချောင်းဆိုးရောဂါများမဖြစ်စေရန် ကိုယ်ခံအားကောင်းနေရန်လိုအပ်သည်။ ကိုယ်ခံအားကောင်းစေရန် ဗီတာမင်-C များစွာ ပါဝင်သည့် လိမ္မော်သီး၊ သံပရာသီး၊ ရှောက်သီး၊ ဂရိတ်ဖရုသီးများကို စားပေးပါ။ မုန်လာဥနီ၊ မုန်လာဥဖြူ၊ ရွှေဖရုံသီး၊ ကန်စွန်းဥ၊ ရွက်စားမုန်လာ၊ စိမ်းစားဥ၊ အာဒါလွတ်ဥ၊ ကြက်သွန်နီ စသည့်မြေအောက်မြစ်လျှောက် ဟင်းသီးဟင်းရွက်များစားပါ။ ငါး၊ အမဲသား၊ ရွှေဖရုံညွန့်၊ မုန်လာရွက်၊ ဆန်လုံးညို၊ ရေနွေးကြမ်းလက်ဖက်ခြောက်၊ တလည်းသီး၊ မှျစ်၊ ချဉ်ပေါင်ရွက်၊ အစိမ်းရောင်ပန်းငရုတ်ပွ၊ ကျောက်ဖရုံသီး၊ ကြက်ဟင်းခါးသီး၊ ခရမ်းချဉ်သီး၊ စောင်းလျားသီး၊ ချဉ်စော်ခါးသီး၊ ပြည်ပန်းညိုရွက်၊ ဒန့်သလွန်ရွက်၊ မဲဇလီဖူး၊ မဲဇလီရွက်တို့ကလည်း ဆောင်းတွင်းခေတ်စာများဖြစ်ကြ သည်။ အပူငြိမ်းဝမ်းမှန်စေရန် သဘော်သီးမှည့်၊ ဖီးကြမ်းငှက်ပျောသီးမှည့်စားပါ။ မန်ကျည်းမှည့်ဖျော်ရည်ထဲ ဆားထည့်သောက်ပါ။ ဗီတာမင်-C ကြွယ်ဝပြီး အမျှင်ဓာတ်များသော ဂေါ်ဖီထုပ်ကို ဆောင်းရာသီခေတ်စာ ဟင်းခါးပူပူလေးအဖြစ် မကြာခဏချက်သောက်ပေးပါ။

**ပန်းနာရင်ကျပ်ရောဂါ**

ပန်းနာရင်ကျပ်ရောဂါသည် ဓာတ်မတည့်သော ရောဂါတစ်မျိုးဖြစ်ပြီး ခန္ဓာကိုယ်၏တုံ့ပြန်မှုက အသက်ရှူလမ်းကြောင်းတွင် ပြဿနာဖြစ်စေနိုင်သည်။ ဓာတ်မတည့်သောအရာများကို ထိမိကိုင်မိ၊ စားမိခြင်းတို့ကြောင့် ပန်းနာရင်ကျပ်ရောဂါ ပြင်းထန်လာတတ်သည်။ ယင်းအတွက် ဓာတ်မတည့်သောအရာများကို အထူးရှောင်ကြဉ်ပါ။ အေးမြသည့်လေကို ရှူရှိုက်ရသည့်အခါ ရောဂါပိုထစေနိုင်သည့်အတွက် နှာခေါင်းနှင့် ပါးစပ်တို့ကို ပဝါဖြင့် စည်းနှောင်ပတ်ထားပါ။ သောက်နေကျဆေးကို ပုံမှန်သောက်ပါ။

အစာအိမ်မှ အက်စစ်များ အပေါ်ဆန်တက်လာခြင်းက ရင်ပူနာဖြစ်ကာ ပန်းနာရင်ကျပ်ဖြစ်ခြင်းကို အစပျိုးပေးနိုင်သဖြင့် ထမင်းစားပြီးနောက် ချက်ချင်းလှဲမအိပ်ပါနှင့်။ ပန်းနာရောဂါဖြစ်နေချိန်တွင် မုန်ညင်းဆီကို ပရုတ်ဆီနှင့်ရော၍ ကျောနှင့်ရင်ဘတ်အနှံ့ စိမ့်ဝင်သွားအောင် ပွတ်နယ်လိမ်းပေးပါ။ ပျားရည်က ချွဲများပျော်ကျစေပြီး အသက်ရှူလမ်းကြောင်းကို ပွင့်စေနိုင်သဖြင့် ပျားရည်ရနံ့ကို ရှူရှိုက်ပေးပါ။ ရေနွေးပူပူတစ်ခွက်ထဲမှာ ပျားရည်လက်ဖက်ရည်ဇွန်းတစ်ဇွန်းရောဖျော်၍ တစ်နေ့သုံးကြိမ်သောက်ပါ။ ကြက်သွန်ဖြူ ၁၀ မွှာကို နွားနို့ ၃၀ မီလီလီတာဖြင့် ပြုတ်၍ တစ်နေ့တစ်ကြိမ်သောက်ပါ သို့မဟုတ် ရေနွေးဆူဆူတွင် ကြက်သွန်ဖြူလေးမွှာခတ်၍ ၅ မိနစ်ခန့် အအေးခံပါ။ နံနက်တစ်ကြိမ်၊ ညနေတစ်ကြိမ်သောက်ပေးခြင်းဖြင့် ပန်းနာရင်ကျပ်ရောဂါကို သိသိသာသာလျော့ကျစေသည်။

**အဆုတ်ပွရောဂါ**

နာတာရှည် လေပြွန်ကျဉ်းခြင်းကို အဆုတ်ပွရောဂါဟုခေါ်သည်။ ဆေးလိပ်သောက်ခြင်း၊ ဆေးလိပ်ငွေ့ကို ရှူရှိုက်မိခြင်းနှင့် ညစ်ညမ်းသောလေကို ရှူမိခြင်းတို့ကြောင့် ရောဂါဖြစ်လာရသည်။ ထို့ကြောင့် ဆေးလိပ်ဖြတ်ပါ။ ဖုန်၊ မီးခိုးငွေ့တို့ကိုရှောင်ပါ။ ဆရာဝန်ညွှန်ကြားထားသည့်အတိုင်း ဆေးပုံမှန်သောက်ပါ။ ရေများများသောက်ပါ။ ငှက်ပျောဖူးသည် ချွဲသလိပ်ပျော်ကျစေပြီး အသက်ရှူလမ်းကြောင်း ပွင့်စေသည်။ ပူပူစပ်စပ်စားပါ။ ငရုတ်သီး၊ ငရုတ်ကောင်းတို့၏ သဘာဝအပူဓာတ်က သွေးလည်ပတ်စီးဆင်းမှုအားကောင်းစေပြီး ရောဂါပိုးများဝင်ရောက်ခြင်းကို တိုက်ထုတ်ပေးသည်။ တရုတ်နံနံ၊ ဟင်းနုနယ်၊ မုန်လာဥနီ၊ ရွှေဖရုံသီး၊ ပန်းငရုပ်ပွ၊ ဘယ်ရီသီးအမျိုးမျိုး၊ လိမ္မော်သီး၊ နာနတ်သီး၊ ဂရိတ်ဖရုသီး၊ အစိမ်းရောင်ပဲသီးအမျိုးမျိုး၊ ပဲစေ့များ၊ အခွံမာသီး၊ ဂေါ်ဖီထုပ်၊ ပန်းဂေါ်ဖီအဖြူ၊ ပန်းဂေါ်ဖီစိမ်း၊ ကိုက်လန်၊ ကြက်သွန်ဖြူ၊ ကြက်သွန်နီများက အဆုတ်ကို အားကောင်းစေသည်။

**ဝမ်းပျက်၊ ဝမ်းလျှောရောဂါ**

ရေကိုဖြစ်နိုင်ပါက ကျိုချက်သောက်ပါ။ အစားအစာများကို ပူပူနွေးနွေးစားသုံးပါ။ ယင်မနားအောင် ဖုံးအုပ်ထားပါ။ ယင်နားစာများကို ရှောင်ကြဉ်ပါ။ ဒိန်ချဉ်ထဲတွင်ပါရှိသော လက်တစ်အက်စစ်က အစာအိမ်နှင့် အူလမ်းကြောင်းထဲရှိ ဝမ်းသွားစေသော ဗက်တီးရီးယားပိုးများကို သေစေနိုင်သည်။ (ဒိန်ချဉ်ထဲကို သကြား၊ ထန်းလျက်ရည်မရောဘဲ သူ့ချည်းသောက်ပါ)။ လိမ္မော်သီးအခွံက ဝမ်းပျက်၊ ဝမ်းလျှောခြင်းအတွက် ကောင်းကျိုးပြုနိုင်၍၊ လိမ္မော်ခွံကို ပြုတ်၍သော်လည်းကောင်း၊ ရေနွေးဆူဆူတွင်ခတ်၍သော်လည်းကောင်း အအေးခံပြီးသောက်ပါ။ မြေအိုးတစ်လုံးထဲတွင် ကန်စွန်းရိုးနီ ၁၀ ပင်ခန့်ကို ဖြတ်တောက်၍ အညိုရောင်ထန်းလျက် ၁၅ ကျပ်သားခန့်ထည့်ကာ ကန်စွန်းပင်များ ရေမြုပ်သည်အထိ ရေဖြည့်၍ ကန်စွန်းညွန့်များ နူးအိလာအောင်ပြုတ်ပါ။ ယင်းပြုတ်ရည် နွေးနွေးကို ရေဆာတိုင်းသောက်ပါ။ တစ်ကြိမ်သောက်လျှင် ရေနွေးကြမ်းပန်းကန်လုံး တစ်လုံး သောက်ပေးရပါမည်။ ဤနည်းအတိုင်း ခြောက်ကြိမ်ခန့် သောက်ပြီးပါက သူ့အလိုလို ဝမ်းရပ်သွားပါလိမ့်မည်။

**ရာသီတုပ်ကွေးရောဂါ**

ကြက်သားနှင့် ကြက်ရိုးစွပ်ပြုတ်ရည်သည် ကိုယ်ခံအားကောင်းစေရုံသာမက တုပ်ကွေးကြောင့် အအေးမိ၊ နှာစေး၊ ချောင်းဆိုးနှင့် ဖျားနာခြင်းအမျိုးမျိုးတို့အတွက် အကောင်းဆုံးအိမ်တွင်းသမားတော်ဖြစ်သည်။ ကြက်သွန်ဖြူထဲတွင် အအေးမိခြင်းကိုဖြစ်စေသော ဗိုင်းရပ်စ်ပိုးများကို တားဆီးကာကွယ်နိုင်သည့် ဂုဏ်သတ္တိနှင့် ဗက်တီးရီးယားပိုးမွှားများ အန္တရာယ်မှ ကာကွယ်နိုင်သော သဘာဝစွမ်းအင်များပါရှိသည်။ ထို့ကြောင့် ထမင်းစားလျှင် ကြက်သွန်ဖြူကို အနည်းဆုံး တစ်မွှာထည့်စားပေးသင့်သည်။ ဒိန်ချဉ်ထဲရှိ Probiotics (ခေါ်) ခန္ဓာကိုယ်အကျိုးပြု ဗက်တီးရီးယားများက ကိုယ်ခံစွမ်းအားကို တိုးတက်မြင့်မားလာစေသည်။

**အရေပြားခြောက်သွေ့ယားယံခြင်း**

လူတော်တော်များသည် ဆောင်းရာသီရောက်တိုင်း ခြေသလုံးသားအရေပြားပေါ်တွင် ငါးအကြေးခွံသဏ္ဌာန် အသားပပ်လာပြီး ယားယံသောကြောင့် အတင်းဖိကုတ်မိကာ အရေပြားသွေးစို့လာသည်။ ထိုပြဿနာအတွက် သကြားရည် (အလှဆီ)၊ သံလွင်ဆီ၊ အုန်းဆီတို့ကို လိမ်းပေးပါ။ ဆောင်းရာသီက ချမ်းအေးသော်လည်း ရေလျှော့မသောက်ကြဘဲ နွေပူပူရင်ပူပူတွင် ရေသောက်သကဲ့သို့ ဆောင်းရာသီတွင်လည်း ရေများများသောက်ပေးရန် လိုအပ်သည်။ သို့မှသာ အသားအရေအတွက် အစိုဓာတ်ထိန်းသိမ်းရာရောက်ပြီး အသားပပ်ခြင်း၊ အသားခြောက်သွေ့ယားယံခြင်း၊ နှုတ်ခမ်းသား အဖတ်လန်ခြင်း၊ ကျီးကန်းပါးစပ်ဖြစ်ခြင်း၊ ခံတွင်းခြောက် လည်ချောင်းနာခြင်းနှင့် ခံတွင်းရနံ့ဆိုးထွက်ခြင်းတို့မှ ကာကွယ်နိုင်မည်။ ထို့မျှမက ခန္ဓာကိုယ်တွင်း အူ၊ ကလီစာများ အလုပ်ကောင်းကောင်းလုပ်နိုင်စေကာ ဓာတ်ကြီးလေးပါးမှန်စေပြီး ဝက်ခြံဖုများထွက်လာမည်ကို မစိုးရိမ်ရတော့ပေ။

အချုပ်အားဖြင့်ဆိုရသော် ချမ်းအေးသောဆောင်းရာသီတွင် ကိုဗစ်-၁၉ ရောဂါကိုဖြစ်စေသည့် ကိုရိုနာဗိုင်းရပ်စ်ပိုး မျိုးကွဲသစ်များ အန္တရာယ်ကလည်း လေထုထဲ၌ ရှိနေသည့်အတွက် ဆောင်းရာသီကာလတွင် ယခင်ကထက်ပို၍ မိမိကိုယ်ကို ကျန်းမာကြံ့ခိုင်အောင် နေထိုင်သင့်ပါသည်။ ခန္ဓာကိုယ်တွင်း ဗီတာမင်-C ဓာတ်ပြည့်ဝနေစေရန် အရည်ရွှမ်းကာ အချဉ်ဓာတ်အရသာရှိသော သစ်သီးဝလံများကို ရာသီခေတ်စာအဖြစ် ယခင်ကထက် ပိုမိုစားသုံးပေးရင်း ဆောင်းရာသီတွင် ဖြစ်ပွားတတ်သည့်ရောဂါများမှ ကြိုတင်ကာကွယ်နိုင်ကြပါစေကြောင်း ရေးသားလိုက်ရပါသည်။

**ပေါက်ပေါက်**

## လားရှိုးမြို့၌ လူသုံးကုန်ထုတ်လုပ်မှု နည်းပညာသင်တန်းဆင်းပွဲကျင်းပ

လားရှိုး နိုဝင်ဘာ ၃၀

ရှမ်းပြည်နယ် (မြောက်ပိုင်း) လားရှိုးမြို့၌ ခရိုင်အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ အသေးစားစက်မှုလက်မှုလုပ်ငန်းများ ပေါ်ထွက်လာစေရန်နှင့် ကျေးလက်နေပြည်သူများ ဝင်ငွေတိုးပွားလာစေရန်ရည်ရွယ်ဖွင့်လှစ်သည့် လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဆင်းပွဲကို နိုဝင်ဘာလ ၂၉ ရက်က ရပ်ကွက် (၁)ရှိ လားဟူနှစ်ခြင်းခရစ်ယာန်ဘုရားကျောင်း၌ ကျင်းပသည်။

ရှေးဦးစွာ လားရှိုးခရိုင် အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်သီသီစိုး က လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပြည်နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးနှင့် ဌာနဆိုင်ရာတာဝန်ရှိသူများက သင်တန်းဆင်းလက်မှတ်များပေးအပ်ပြီး သင်တန်းတွင် ထူးချွန်သည့် သင်တန်းသား၊ သင်တန်းသူသုံးဦးကို လုပ်ငန်းစတင်လည်ပတ်ရန် လုပ်ငန်းသုံးပစ္စည်းများ ပေးအပ်သည်။

အဆိုပါ လူသုံးကုန်ထုတ်လုပ်မှုနည်းပညာသင်တန်းသို့ သင်တန်းသား၊ သင်တန်း သူ ၂၀ ဦးတက်ရောက်ပြီး သင်တန်းတွင် ဆပ်ပြာ၊ ခေါင်းလျှော်ရည်စသည့်လူသုံးကုန်ပစ္စည်းအမျိုးမျိုး ထုတ်လုပ်နည်းများကို စာတွေ့လက်တွေ့သင်ကြားပို့ချပေးခဲ့ကြောင်း သိရသည်။

**ချမ်းမြေ့**

## အလုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး အလုံမြို့နယ်၌ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများ အရှိန်အဟုန်မြှင့်ဆောင်ရွက်ခြင်းကို နိုဝင်ဘာလ ၂၉ ရက်က ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ပူးပေါင်းအဖွဲ့ဝင်များက ဆင်မင်းရပ်ကွက် သိပ္ပံလမ်း၌ ကွင်းဆင်းဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများ၊ သူနာပြုတက္ကသိုလ် (ရန်ကုန်)၊ သူနာပြုသိပ္ပံ (ပေါင်းကူး) (On-Campus) ကျောင်းသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးအဖွဲ့များက ခြင်ကြောင့်ဖြစ်ပွားနိုင်သော သွေးလွန်တုပ်ကွေးရောဂါကာကွယ်နိုင်ရေး၊ ပိုးလောက်လမ်းပေါက်ပွားမှုမှ ကာကွယ်နိုင်ရေး၊ ရေတင်ကျန်နိုင်သော ဘူးခွက်များ၊ ရေစည်၊ ရေအိုးများကို ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများဆောင်ရွက်ပြီး ရေတိုင်ကီနှင့် ကျောက်စည်ပိုင်း၊ ရေကန်များအတွင်း အဘိတ်ဆေးခတ်ခြင်း၊ ခြင်ဆေးဖျန်းခြင်း၊ အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းနှင့် ပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ကြသည်။

အဆိုပါ သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေးလုပ်ငန်းများကို မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးရဲကိုကို၏ကြီးကြပ်မှုဖြင့် အလုံမြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးဝန်ထမ်းများပူးပေါင်းအဖွဲ့များက သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေးလုပ်ငန်းများကို ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

**ယောရော(ပြန်/ဆက်)**

# တက္ကသိုလ်များနှင့်ဒီဂရီကောလိပ်ကျောင်းများ၌ သန့်ရှင်းသာယာရေး ဆောင်ရွက်မှုကြည့်ရှုအားပေး

**တောင်ကြီး နိုဝင်ဘာ ၃၀**

ကယားပြည်နယ်အစိုးရအဖွဲ့မှ မြို့သန့်ရှင်းသာယာလှပရေးနှင့်တက္ကသိုလ်များ၊ ကောလိပ်ကျောင်းများနှင့် အခြေခံပညာကျောင်းများ သန့်ရှင်းသာယာရေးအတွက် စဉ်ဆက်မပြတ် ဆောင်ရွက်ပေးလျက်ရှိရာ နိုဝင်ဘာလ ၂၉ ရက်က ပြည်နယ်ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များလိုက်ပါလျက် ကွန်ပျူတာတက္ကသိုလ်နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းတို့၌ သန့်ရှင်းသာယာရေး ဆောင်ရွက်နေမှုကို ကြည့်ရှုအားပေးသည်။

ရှေးဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကွန်ပျူတာတက္ကသိုလ်နှင့် လွိုင်ကော်ပညာရေးဒီဂရီကောလိပ်ကျောင်းပရဝဏ်အတွင်းသန့်ရှင်းသာယာရေးအတွက် ရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာဝန်ထမ်းများနှင့် ပညာရေးဒီဂရီကောလိပ် ကျောင်းသား၊ ကျောင်းသူများက သန့်ရှင်းရေးဆောင်ရွက်ပေးနေမှုကို လှည့်လည်ကြည့်ရှုအားပေးသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က ကျောင်းသား၊ ကျောင်းသူများ စိတ်အေးချမ်းသာစွာပညာသင်ကြားနိုင်ရန်၊ ကျောင်းနှင့် ကျောင်းပတ်ဝန်းကျင်သန့်ရှင်းသာယာရေးအတွက် စဉ်ဆက်မပြတ်ဆောင်ရွက်ပေးရန်၊ ကျောင်းများရှိ Outdoor Fitness ပစ္စည်းများ စနစ်တကျအသုံးပြုနိုင်အောင်စီမံပေးရန်၊ ကျောင်းဝင်းများအတွင်း အရိပ်ရပင်များစနစ်တကျစိုက်ပျိုးပြီး တစ်ပင်စိုက် တစ်ပင်ရှင်သန်အောင် ထိန်းသိမ်းစောင့်ရှောက်ကြရန် တာဝန်ရှိသူများအား မှာကြားပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကြောင်း သိရသည်။ (၄၀၅)

# မန္တလေးတိုင်းဒေသကြီးအတွင်း သန့်ရှင်းသော သောက်သုံးရေရရှိရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိ



**မိတ္ထီလာ နိုဝင်ဘာ ၃၀**

မန္တလေးတိုင်းဒေသကြီး ကျောက်ပန်းတောင်းမြို့နယ် သာယာအေးရပ်ကွက်အတွင်းရှိ ချမ်းမြေ့အောင်စည်ကျောင်းတိုက်နှင့် ရပ်ကွက်နေပြည်သူများလိုအပ်လျက်ရှိသည့် သန့်ရှင်းသောသောက်သုံးရေရရှိရေးအတွက် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ် နယ်စပ်ဒေသဖွံ့ဖြိုးရေး ပြည်ထောင်စုရန်ပုံငွေဖြင့် ဆောင်ရွက်ပေးခဲ့သည့် စက်ရေတွင်း(တွင်းနက်) တူးဖော်ခြင်းနှင့် ဂါလန် ၅၀၀၀ ဆံ့ အုတ်ရေကန်တစ်ခု တည်ဆောက်ခြင်းလုပ်ငန်းများ ရာနှုန်းပြည့်ပြီးစီးပြီဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန မိတ္ထီလာခရိုင်ဖွံ့ဖြိုးမှုကြီးကြပ်ရေးရုံး၏ ကြီးကြပ်မှုဖြင့် အဆိုပါရေရရှိရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပေးနိုင်မှုကြောင့် ချမ်းမြေ့အောင်စည်ကျောင်းတိုက်ရှိ သံဃာတော်များနှင့် ရပ်ကွက်နေပြည်သူလူထုများအနေဖြင့် ယခင်က ပြင်ပမှ သောက်သုံးရေဝယ်ယူအသုံးပြုရသည့် အခက်အခဲများဖြစ်ပေါ်ခဲ့သော်လည်း ယခုအခါ သန့်ရှင်းသောသောက်သုံးရေ လုံလောက်စွာ အသုံးပြုနိုင်တော့မည်ဖြစ်သည်။

နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများအား တစ်နိုင်ငံလုံးအကြားအလပ်မရှိ ဆောင်ရွက်ပေးလျက်ရှိသကဲ့သို့ မြန်မာနိုင်ငံအလယ်ပိုင်းဒေသ ရေရှားပါးသည့်နေရာများတွင်လည်း စက်ရေတွင်းတူးဖော်ခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ် အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ (၅၀၀)

# မြန်မာနိုင်ငံဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီး(ယာယီ)ရုံး ဆိုင်းဘုတ်တင်ပွဲနှင့် အလုပ်အမှုဆောင်များတွေ့ဆုံဆွေးနွေးပွဲကျင်းပ

**ပဲခူး နိုဝင်ဘာ ၃၀**

မြန်မာနိုင်ငံဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီး(ယာယီ)ရုံး ဆိုင်းဘုတ်တင်ပွဲနှင့် အလုပ်အမှုဆောင်များ တွေ့ဆုံဆွေးနွေးပွဲကို နိုဝင်ဘာလ ၂၉ ရက်က ပဲခူးမြို့ ကလျာဏီရပ်ကွက် ရွှေဂူလေးဘုရားလမ်းမဘေးရှိ(ယာယီ)ရုံးခန်း၌ ကျင်းပသည်။

ရှေးဦးစွာ မြန်မာနိုင်ငံဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌ ဦးမျိုးအောင်က အမှာစကားပြောကြားပြီး ပဲခူးခရိုင်အတွင်းရှိ မြို့နယ်ဂီတအစည်းအရုံးများ အချိတ်အဆက်အားကောင်းစေရေး၊ ဂီတလုပ်ငန်းဆိုင်ရာကိစ္စများနှင့် ရှေ့လုပ်ငန်းစဉ်များနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဂီတအစည်းအရုံးနာယက ဦးတင်ဆန်းနှင့် အတွင်းရေးမှူး ဦးသိန်းငွေးတို့က အစည်းအဝေးကျင်းပရခြင်းနှင့် ရန်ပုံငွေဆိုင်ရာကိစ္စရပ်များ၊ မြို့နယ်များတွင်ဆောင်ရွက်ရမည့် အကြောင်းအရာများ၊ ဂီတအစည်းအရုံးဖွံ့ဖြိုးတိုးတက်ရေးလမ်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ယင်းနောက် ပဲခူးမြို့နယ်၊ ဝေါမြို့နယ်နှင့် ဘုရားကြီးမြို့တို့ရှိ ဂီတအစည်းအရုံးဥက္ကဋ္ဌများက မြို့နယ်အလိုက်ဆောင်ရွက်ပြီးသည့်အခြေအနေများနှင့် ဆောင်ရွက်မည့် ဂီတလုပ်ငန်းများကို ရှင်းလင်းဆွေးနွေးသည်။

ဆက်လက်၍ တွေ့ဆုံပွဲတက်ရောက်လာကြသည့်အဖွဲ့ဝင်များ၏ မေးမြန်းဆွေးနွေးချက်များကို မြန်မာနိုင်ငံဂီတအစည်းအရုံး ပဲခူးတိုင်းဒေသကြီးဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက အသေးစိတ်ရှင်းလင်းပြောကြားကြောင်း သိရသည်။ (၄၁၀)

## မသန်စွမ်းလည်းအံ့မခန်းပါ

- ❖ ဟယ်လင်ကဲလား၊ ကျော်ကြားပညာ<br>စာရေးဆရာလည်း၊ သန်ကာမစွမ်း<br>ချို့တဲ့ပန်းပွင့်၊ ကမ္ဘာတင့်၏။
- ❖ တောင်တန်းမောင်ကျန်၊ အမည်လွန်မွှေး<br>ဒုံမင်းတေးနှင့်၊ ပျံ့မွှေးအမည်<br>တို့ရှမ်းပြည်ဝယ်၊ သူတင့်တယ်ခဲ့။
- ❖ ဘလိုင်းထီးဆိုင်၊ ယှဉ်ပြိုင်မရ<br>နာမည်လှသည့်၊ ဂီတသမား<br>ကျော်ကြားထင်ပေါ်<br>ရှိခဲ့သော်ငြား၊ သူကားမျက်မမြင်<br>ဂုဏ်အင်မညှိုး၊ လူတောတိုးခဲ့။
- ❖ မသန်စွမ်းလည်း၊ စိတ်ထဲမထား<br>သူကြိုးစားက၊ ထင်ရှားကဝိ<br>ဖြစ်နိုင်ဘိသည်<br>တတ်သိပညာ၊ ဝမ်းစာရှာမှီး<br>သိမ်းဆည်းကြိုးကုတ်၊ သူအားထုတ်က<br>အဟုတ်သေချာ၊ ထွန်းကားပါလိမ့်။
- ❖ သို့သိစေငြား၊ စကားလက်ဆောင်<br>ရစေအောင်ခု၊ ကျွန်ုပ်ပြုသည်<br>အတုအယောင်၊ ဟန်ဆောင်မှုကင်း<br>ကောင်းခြင်းလုံ့လ၊ စိုက်ထူက<br>မုချအောင်ပန်း မလွတ်တမ်းတည်း။ ။

**(မသန်သော်လည်းစွမ်းသောပုဂ္ဂိုလ်များသို့)**

ဘိုမျိုး(ရွှေဘို)

## သဇင်(FM)အသံလွှင့်အစီအစဉ်

၁-၁၂-၂၀၂၅(တနင်္လာနေ့)

| | | | |
|---|---|---|---|
| ၁။ ၀၉:၀၀ | Sport News | ၄။ ၁၆:၄၀ | I Music |
| ၂။ ၁၁:၅၀ | ကျန်းမာခြင်းအတွက် သဇင်ရဲ့လက်ဆောင် | ၅။ ၁၈:၂၀ | ဂုဏ်ယူအလွမ်း |
| ၃။ ၁၅:၀၀ | Jumping For You | ၆။ ၂၂:၂၀ | Goodnight Listeners |

# ၂၀၂၅ ခုနှစ် နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသား/အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကျင်းပ

**နေပြည်တော် နိုဝင်ဘာ ၃၀**

၂၀၂၅ ခုနှစ်နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသား/အမျိုးသမီး သုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ဇမ္ဗူသီရိမြို့နယ် နေပြည်တော်အားကစားရုံ(ရွှေကြာပင်)၌ ကျင်းပသည်။

အခမ်းအနားသို့ နေပြည်တော်ကောင်စီဥက္ကဋ္ဌ ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ဒုတိယမြို့တော်ဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး နေပြည်တော်ကောင်စီဥက္ကဋ္ဌဖလား အသက် ၂၃ နှစ်အောက် အမျိုးသားသုံးယောက်တွဲ ပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲစဉ်ဖြစ်သည့် ပျဉ်းမနားမြို့နယ်အသင်းနှင့် တပ်ကုန်းမြို့နယ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးကြသည်။

ထို့နောက် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဆက်လက်ကျင်းပရာ အမျိုးသမီးသုံးယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးအားကစားသမားဆု၊ အမျိုးသားသုံးယောက်တွဲပြိုင်ပွဲတွင် ပွဲစဉ်တစ်လျှောက် အကောင်းဆုံး အားကစားသမားဆုနှင့် ဆုရရှိသည့်အသင်းများကို တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆုနှင့် တံခွန်စိုက်ဆုဖလားတို့ကို ပေးအပ်ချီးမြှင့်သည်။

ယင်းနောက် ဇမ္ဗူသီရိမြို့နယ် ရွှေကြာပင်အားကစားကွင်းအတွင်း တည်ဆောက်လျက်ရှိသည့် မီတာ ၄၀၀ ပြေးလမ်းပါ ဘောလုံးကွင်း Synthetic ပြေးလမ်းခင်းခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး ရေရှည်ခိုင်ခံ့မှုရှိစေရေးနှင့်



ငလျင်အပါအဝင် သဘာဝဘေးအန္တရာယ်ခံနိုင်ပြီး ကြံ့ခိုင်မှုရှိစေရေး အလေးထားဆောင်ရွက်ရန်မှာကြားသည်။

အလားတူ ယမန်နေ့ မွန်းလွဲပိုင်းက နေပြည်တော်စည်ပင်သာယာရေးကော်မတီ အစည်းအဝေးခန်းမ၌ ကျင်းပသည့် ၂၀၂၆ ခုနှစ် (၇၉)နှစ်မြောက် ပြည်ထောင်စုနေ့ ကျင်းပရေး စီမံခန့်ခွဲမှုကော်မတီ ပထမအကြိမ် အစည်းအဝေးတွင် နေပြည်တော်ကောင်စီဥက္ကဋ္ဌက ဆပ်ကော်မတီများအနေဖြင့် ဆောင်ရွက်ရမည့်လုပ်ငန်းများကို ယခင်နှစ်က အားနည်းချက်၊ အားသာချက်များအပြင် ဗဟိုကော်မတီအစည်းအဝေး၏ ဆုံးဖြတ်ချက်များအပေါ်အခြေခံ၍ ဆောင်ရွက်ရန် အဖွင့်အမှာစကားပြောကြားပြီး စီမံခန့်ခွဲမှုကော်မတီတွဲဖက်အတွင်းရေးမှူးနှင့် ဆပ်ကော်မတီများ၏တင်ပြချက်များအပေါ် ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးကာ နေပြည်တော်စည်ပင်သာယာရေး ကော်မတီအစည်းအဝေးခန်းမ၌ ကျင်းပသည့် နေပြည်တော်အတွင်း သန့်ရှင်းသာယာလှပရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးသို့ တက်ရောက်ခဲ့ကြောင်း သိရသည်။

**အောင်သူရဦး(ဒက္ခိဏ)**

---

# “ ပွဲစဉ်တိုင်းကို မြန်မာအသင်းအနေနဲ့ အင်တိုက်အားတိုက်နဲ့ စွမ်းအားပြည့်အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ ”

**ဦးစိုးမြတ်မင်း ( U-22 အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းအုပ်ချုပ်သူ)**

**၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၉ ရက်မှ ၂၀ ရက်အထိ ထိုင်းနိုင်ငံ၌ကျင်းပမည့် (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းအားကစားပြိုင်ပွဲတွင် မြန်မာနိုင်ငံမှ အားကစားနည်း ၃၈ မျိုးကိုဝင်ရောက်ယှဉ်ပြိုင်သွားမည်ဖြစ်ရာ U-22 အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းသည် ယနေ့ နံနက်ပိုင်းတွင် ရန်ကုန်မြို့မှ အရှေ့တောင်အာရှအားကစားပြိုင်ပွဲကြီးကို အိမ်ရှင်အဖြစ်လက်ခံကျင်းပသည့် ထိုင်းနိုင်ငံသို့ လေကြောင်းခရီးဖြင့် ထွက်ခွာသွားကြပြီးဖြစ်သည်။ အသင်းအနေဖြင့် ရွှေရောင်အိပ်မက်များနှင့် လေ့ကျင့်စုဖွဲ့ခဲ့မှုတို့ကို U-22 အမျိုးသားဘောလုံးအသင်း၏ အုပ်ချုပ်သူတစ်ဦးဖြစ်သည့် မြန်မာ့လက်ရွေးစင်ဘောလုံးကစားသမားဟောင်း ဦးစိုးမြတ်မင်းအား တွေ့ဆုံမေးမြန်းခဲ့သည်များကို ဖော်ပြအပ်ပါသည်-**

**ဦးစိုးမြတ်မင်း ( U-22 အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းအုပ်ချုပ်သူ)**






ထိုင်းနိုင်ငံမှာကျင်းပမယ့်(၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ ဆီးဂိမ်းပြိုင်ပွဲကြီးမှာ U-22 အမျိုးသားလက်ရွေးစင်ဘောလုံးအသင်းရဲ့ အုပ်ချုပ်သူအဖြစ် ဆောင်ရွက်သွားမှာပါ။ ဆီးဂိမ်းပြိုင်ပွဲအတွက် အခုနှစ် မတ်လကတည်းကစပြီး အသင်းကိုစုဖွဲ့ပြီး ခြေစမ်းပွဲတွေ တောက်လျှောက်ကစားခဲ့ပြီးတော့ ပြိုင်ပွဲတွေလည်းယှဉ်ပြိုင်ခဲ့ပါတယ်။ အသင်းနည်းပြချုပ်ဖြစ်တဲ့ မစ္စတာကုရုရဲ့ လေ့ကျင့်မှုနဲ့ အကောင်းဆုံးပြင်ဆင်ထားပါတယ်။

နည်းပြချုပ်အနေနဲ့ လက်ရှိမှာ MNA One ဖြစ်တဲ့ National League One ပြိုင်ပွဲတွေကို ကြည့်ရှုပြီး ပြိုင်ပွဲထဲကမှစိတ်ကြိုက် အကောင်းဆုံးဘောလုံးကစားသမား ၂၃ဦးကိုရွေးချယ်ခဲ့ပြီး ပြိုင်ပွဲဝင်တာဖြစ်ပါတယ်။ မြန်မာ U-22 အသင်းအနေနဲ့ ဖိလစ်ပိုင်အသင်းနဲ့ ဒီဇင်ဘာလ ၅ ရက်မှာ ယှဉ်ပြိုင်ရမှာဖြစ်တာကြောင့် ကြိုတင်လေ့ကျင့်ပြင်ဆင်ချိန်ရအောင် ဒီနေ့ပဲထွက်ခွာတာဖြစ်ပါတယ်။ ချင်းမိုင်မြို့က အယ်လ်ပိုင်း Camp မှာ သုံးရက်လေ့ကျင့်သွားဖို့ရှိပါတယ်။

ဘောလုံးပြိုင်ပွဲမှာ အုပ်စုသုံးစုရှိပြီး မြန်မာU-22 အသင်းဟာ အုပ်စု-စီမှာ ပါဝင်ပါတယ်။ အုပ်စု-စီမှာ မြန်မာ-ဖိလစ်ပိုင်နဲ့ အင်ဒိုနီးရှားအသင်းတို့ ပါဝင်ပါတယ်။ မြန်မာအသင်းအနေနဲ့ ဒီဇင်ဘာလ ၅ ရက်မှာ ဖိလစ်ပိုင်အသင်းနဲ့ ပထမဆုံးယှဉ်ပြိုင်ပြီး ဒီဇင်ဘာလ ၁၂ ရက်မှာ အုပ်စုနောက်ဆုံးပွဲစဉ်ဖြစ်တဲ့ အင်ဒိုနီးရှားအသင်းနဲ့ ယှဉ်ပြိုင်သွားမှာပါ။ ပွဲစဉ်တိုင်းကို မြန်မာအသင်းအနေနဲ့ အင်တိုက်အားတိုက်နဲ့ စွမ်းအားပြည့် အကောင်းဆုံးယှဉ်ပြိုင်သွားမှာပါ။

U-22 အသင်းမှာ အသင်းသား ၂၃ ဦး၊ နည်းပြနဲ့အုပ်ချုပ်သူ ၁၃ ဦးပါဝင်ပါတယ်။ လူငယ်တွေရဲ့လေ့ကျင့်မှုကို တွေ့မြင်ခဲ့ရတာအားရကျေနပ်မှုရှိပါတယ်။ နည်းပြချုပ်အနေနဲ့ လေ့ကျင့်မှုပိုင်းကို အကောင်းဆုံးပုံဖော်ထားတာကြောင့် ပြိုင်ပွဲမှာ အသင်းရဲ့ ခြေစွမ်းတွေကို တွေ့မြင်ရမှာပါ။ အရင်က ဆီးဂိမ်းဘောလုံးပြိုင်ပွဲမှာ အုပ်စုနှစ်စုသာရှိပေမယ့် အခုတော့ အုပ်စုသုံးစုခွဲပြီး ကစားရတာကြောင့် ဘယ်လိုပဲဖြစ်နေဖြစ်နေ ထိပ်ဆုံးအသင်းမှာရပ်တည်နိုင်ဖို့ ဘယ်အသင်းကိုမှ လျှော့ပြီးကစားလို့မရတဲ့အတွက် အကောင်းဆုံးစွမ်းဆောင်ရည်နဲ့ကြိုးစားသွားဖို့ ပြင်ဆင်ထားပါတယ်။

အသင်းအနေနဲ့ နိုင်ငံ့ဂုဏ်ဆောင်ရည်မှန်းချက်နဲ့အညီ အနိုင်ရဗိုလ်စွဲဖို့ အားလုံးရင်ထဲမှာရှိနေကြပါတယ်။ အသင်းအုပ်ချုပ်သူထက် ကိုယ်တိုင်ကစားကြမယ့်ညီငယ်လေးတွေရဲ့ရင်ထဲမှာ ကျောက်စိုင်ကျောက်ခဲလို ပိုပြီးခိုင်မာနေကြတာပါ။ သတိထားရမှာက တစ်ဆင့်ချင်း အောင်မြင်မှုကိုတက်လှမ်းသွားဖို့လိုပါတယ်။ ဆီမီးဖိုင်နယ်ကိုတက်လှမ်းတဲ့ အသင်းလေးသင်းမှာပါဝင်အောင် အစွမ်းကုန်ပြင်ဆင်ကြိုးစားထားပြီးသားပါ။

ဆီးဂိမ်းပြိုင်ပွဲမှာ မြန်မာဘောလုံးအသင်းအနေနဲ့ ရလဒ်ကောင်းတစ်ခုကိုရရှိဖို့ ပရိသတ်များရဲ့ ခွန်အားပြည့်အားပေးမှုများကို အသင်းအနေနဲ့ မျှော်လင့်ထားကြပါတယ်။ အကောင်းဆုံးကြိုးစားသွားမယ်လို့လည်း အသင်းကိုယ်စားပြောကြားလိုပါတယ်။

(၃၃)ကြိမ်မြောက် ဆီးဂိမ်းဘောလုံးပြိုင်ပွဲကြီးတွင် U-22 အမျိုးသားဘောလုံးပြိုင်ပွဲအား အုပ်စုသုံးစုဖြင့် ဖွဲ့စည်းထားပြီး အုပ်စု-အေ၌ ထိုင်း၊ စင်ကာပူ၊ တီမော၊ အုပ်စု-ဘီ၌ ဗီယက်နမ်၊ မလေးရှား၊ လာအိုနှင့် အုပ်စု-စီ၌ မြန်မာ- ဖိလစ်ပိုင်၊ အင်ဒိုနီးရှားအသင်းတို့ယှဉ်ပြိုင်ကစားသွားမည်ဖြစ်ရာ ဒီဇင်ဘာလ ၅ ရက်တွင် မြန်မာအသင်း၏ အဖွင့်ပွဲစဉ်အဖြစ် ဖိလစ်ပိုင်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားမည်ဖြစ်၍ ဘောလုံးအားကစားကို ချစ်မြတ်နိုးကြသည့်၊ မြန်မာဘောလုံးအသင်းကို တက်တက်ကြွကြွ အစဉ်အားပေးနေကြသည့် မြန်မာပြည်သူများအနေဖြင့် နိုင်ငံ့ဂုဏ်ဆောင်ဆုတံဆိပ်များကို ပွေ့ပိုက်ယူဆောင်လာကြမည့် မြန်မာဘောလုံးအသင်းအား တစ်ခဲနက် သောင်းသောင်းဖြဖြအားပေးကြပါစို့ဟု ရေးသားလိုက်ရပါသည်။ ။

**တွေ့ဆုံမေးမြန်း -သစ္စာ(MNA)**

**ဓာတ်ပုံ - ဇွဲမာန်**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အသင်းအား ငွေကျပ် သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်

နေပြည်တော် နိုဝင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ယနေ့တွင် ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ အောင်မြင်ခဲ့သည့်မြန်မာ U-17 အသင်းအား ငွေကျပ် သိန်း ၁၀၀၀ ဂုဏ်ပြုချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရှိရသည်။

၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲ အုပ်စု(ဆ)၏ ပြိုင်ပွဲပွဲစဉ်များကို ယနေ့ညနေပိုင်းတွင် ရန်ကုန်မြို့၊ ဝေဇယန္တာလမ်းရှိ လူငယ်အားကစားလေ့ကျင့်ရေးစခန်း သုဝဏ္ဏဘောလုံးကွင်း၌ကျင်းပခဲ့ရာ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ဝန်ကြီးချုပ် ဦးစိုးသိန်း၊ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ပြည့်စုံလင်း၊ ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ အားကစားနှင့် ကာယပညာဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ် ဥက္ကဋ္ဌနှင့်အမှုဆောင်များ၊ ဌာနဆိုင်ရာများမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသောဧည့်သည်တော်များနှင့် ဘောလုံးအားကစားဝါသနာရှင် ပရိသတ်အင်အား သုံးသောင်းကျော်ဖြင့် ကွင်းလုံးပြည့်တစ်ခဲနက်လာရောက်ကြည့်ရှုအားပေးကြသည်။

ပြိုင်ပွဲတွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းတို့သည်ပထမပိုင်း ၄၅ မိနစ်တွင် ဂိုးရရှိရေးအတွက် အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ကြရာ ၉ မိနစ် ၅၂ စက္ကန့်တွင်မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှ ညီညီသန့် ကျောနံပါတ်(၁၀) က (၈)အစား ဝင်းမင်းသန့်ကျောနံပါတ်(၆)အား လူစားလဲလှယ်ကစားခဲ့ရာ ၃၄ မိနစ် ဝ၄ စက္ကန့်တွင် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းမှအန့်ထူးပိုင်ကျောနံပါတ်(၇)က ဒုတိယအနိုင်ဂိုးအားထပ်မံသွင်းယူနိုင်ခဲ့သည်။

ဆက်လက်ပြီး ဒုတိယပိုင်း ၈၅ မိနစ် ၄၀ စက္ကန့်တွင်ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းမှ ODEY ALFASHTAKI ကျောနံပါတ် (၁၆) က ချေပဂိုးအား ထပ်မံသွင်းယူခဲ့သည်။ မြန်မာ U-17 အမျိုးသားဘောလုံးအသင်းအနေဖြင့် ဂိုးထပ်မံရရှိရေးအတွက် အကြိတ်အနယ်တိုက်စစ်ဆင်ယှဉ်ပြိုင်ကစားခဲ့သော်လည်း ပြိုင်ပွဲပြီးဆုံးချိန်တွင် တစ်ဖက်နှစ်ဂိုးစီ သရေရလဒ်ဖြင့် သာ ကျေနပ်ခဲ့ရသည်။

အဆိုပါပွဲစဉ်တွင်ပထမပိုင်း၌ ကျောနံပါတ်(၃) မြင့်မြတ်ကိုကို၊ ကျောနံပါတ် (၄)မျိုးခန့်ကျော်၊ ကျောနံပါတ်(၅)အသင်းခေါင်းဆောင် အောင်သီဟ၊ ကျောနံပါတ် (၇)အန့်ထူးပိုင်၊ ကျောနံပါတ် (၈) လင်းရောင်၊ ကျောနံပါတ်(၁၀)ညီညီသန့်၊ ကျောနံပါတ် (၁၃)မြတ်မင်းသူ၊ ကျောနံပါတ်(၁၅) ဝင်းဇော်၊ ကျောနံပါတ်(၁၆)ချန်လန်တိန့်၊ ကျောနံပါတ်(၁၈) ထက်ဝေယံ၊ ကျောနံပါတ်(၁၉)ရဲနိုင်ထွဋ်အောင် အားကစားသမား (၁၁) ဦးတို့က အကြိတ်အနယ်ယှဉ်ပြိုင်ကစားခဲ့ပြီး ဒုတိယပိုင်း (၄၅)မိနစ်တွင် ကျောနံပါတ် (၁၉) ရဲနိုင်အောင်အစား ကျောနံပါတ်(၉) ဒီဝေယံကလည်းကောင်း၊ ကျောနံပါတ်( ၁၆ ) ချန်လန်တိန့်အစား ကျောနံပါတ်(၂)ပိုင်ထိုးကျော်ကလည်းကောင်း၊ ကျောနံပါတ်( ၁၀ ) ညီညီသန့်အစား ကျောနံပါတ် (၂၃)ကောင်းခန့် တို့အား လဲလှယ်ယှဉ်ပြိုင်ကစားခဲ့ကြခြင်းဖြစ်သည်။

ယနေ့ပြုလုပ်သည့် ခြေစစ်ပွဲအဆုံးအဖြတ်သည် အာရှဖလားဝင်ခွင့်ဖြင့် ၁၉ နှစ်ကြာဝေးကွာခဲ့ရသည့် မြန်မာ U-17 အသင်းအတွက် အာရှဖလားဝင်ခွင့်ကို ပြန်လည်ရယူနိုင်ခဲ့သည့် သမိုင်းဝင်နေ့ရက်တစ်ရက်ဖြစ်ခဲ့သည်။ မြန်မာ U-17 အသင်းသည် အုပ်စုပွဲစဉ်များတွင် အာဖဂန်နစ္စတန်အသင်းကို ၃ ဂိုး-၁ ဂိုး၊ နီပေါအသင်းကို ၄ ဂိုး - ဂိုးမရှိ၊ အိုမန်အသင်းကို ၂ဂိုး- ဂိုးမရှိ၊ ဆီးရီးယားအသင်းကို နှစ်ဂိုးစီဖြင့် သရေရလဒ်ထွက်ပေါ်ကာ အုပ်စုတွင်းရမှတ် ၁၀ မှတ်ဖြင့် ခြေစစ်ပွဲအောင်မြင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၆ ခုနှစ်၊ အာရှ U-17 ပြိုင်ပွဲကို ၂၀၂၆ ခုနှစ် မေလ ၇ ရက်မှ ၂၄ ရက်အထိ ဆော်ဒီအာရေဗျနိုင်ငံက အိမ်ရှင်အဖြစ်လက်ခံကျင်းပသွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်အတွင်းရေးမှူး၊ တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့်တာဝန်ရှိသူများ၊ ဘောလုံးအားကစားဝါသနာရှင်ပရိသတ်များက ၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲ U-17 အမျိုးသားဘောလုံးပြိုင်ပွဲတွင် မြန်မာ U-17 အသင်းနှင့် ဆီးရီးယား U-17 အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကို ကြည့်ရှုအားပေးစဉ်။






မြန်မာ U-17 အမျိုးသားဘောလုံးအသင်းနှင့် ဆီးရီးယား U-17 အမျိုးသားဘောလုံးအသင်းယှဉ်ပြိုင်နေမှု ပရိသတ်သုံးသောင်းကျော် ကွင်းလုံးပြည့်တစ်ခဲနက်အားပေးစဉ်။



၂၀၂၆ ခုနှစ် အာရှဖလားခြေစစ်ပွဲအောင်မြင်ခဲ့သည့် မြန်မာ U-17 အမျိုးသားဘောလုံးအသင်းအောင်ပွဲခံစဉ်။

# တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)နှင့် မြစ်ရေယာဉ်(စကု)မှ နယ်လှည့်ဆေးကုသရေးအဖွဲ့ လပွတ္တာမြို့နယ်တွင် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆက်လက်ဆောင်ရွက်







တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု)တို့နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများဆောင်ရွက်ပေးစဉ်။





နေပြည်တော် နိုဝင်ဘာ ၃၀

ဧရာဝတီမြစ်ကြောင်းတစ်လျှောက်ရှိ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်မြစ်တွင်းသွားဆေးရုံရေယာဉ်(ရွှေပုဇွန်)၊ မြစ်ရေယာဉ်(စကု) တို့နှင့်အတူလိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများ ပါဝင်သော နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့တွင် လပွတ္တာမြို့နယ်၊ ထွန်းတံတားဆိပ်ခံ၌အခြေပြု၍ အဆိုပါမြို့နယ်နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆက်လက်ဆောင်ရွက်ပေးသည်။

ထိုသို့ဆောင်ရွက်ပေးရာ ဆေးကုသမှုဆိုင်ရာရောဂါ ၃၅၁ ဦး၊ ခွဲစိတ်ရောဂါ ၃၆ ဦး၊ သားဖွား/မီးယပ်ရောဂါ၅၁ဦး၊ကလေးရောဂါ ၄၂ ဦး၊ အရိုးရောဂါ ၁၁၉ ဦး၊ နား၊ နှာခေါင်း၊ လည်ချောင်းရောဂါ ၄၁ ဦး၊ မျက်စိရောဂါ ၈၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၄၆ ဦး၊ စုစုပေါင်းဒေသခံပြည်သူ ၇၆၆ ဦးတို့ကို လိုအပ်သည့်ဆေးဝါးကုသမှုများဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၆ ဦး၊ မျက်စိခွဲစိတ်လူနာ ၅ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၁၈ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၃၉ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၁၄ ဦး နှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၅၃ ဦးတို့ကို ရောဂါရှာဖွေ စမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးသည်။

ထိုသို့ ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏ စကားသံများကို ယခုကဲ့သို့ကြားသိရပါသည် -

"မျက်စိရောဂါခံစားနေရတာ တစ်နှစ်ကျော်လောက်ရှိပါပြီ။ အခုဆရာဝန်ကြီးတွေနဲ့ ကုသပေးတာ ကျေးဇူးတင်ပါတယ်။ လူနာတွေကိုလည်းအထူးဂရုစိုက်ပါတယ်၊ အလွန့်အလွန်ကောင်းပါတယ်၊ ကျန်တဲ့သူတွေလည်း ကုသမှုခံယူကြတယ်။ ကိုယ်တွေလည်း ကုသမှုခံယူရတယ်။ ဒီလိုမျိုးနောက်နှစ်လည်း လာရောက်ပြီးတော့ကုသပေးစေချင်ပါသေးတယ်။ ကျန်တဲ့လူနာတွေလည်း ဒီလိုပဲ အဆင်ပြေပြေကုသနိုင်အောင် ဆရာဝန်တွေကို အထူးပဲဖိတ်ခေါ်ပါတယ်။ ကြိုဆိုပါတယ်။ ကုသပေးတဲ့ ဆရာဝန်ကြီးတွေလည်း ဒီထက်မကတိုးတက်ချမ်းသာပါစေ၊ ဒီထက်မကကုသနိုင်ပါစေလို့ မေတ္တာပို့သလိုက်ပါတယ်"ဟုပြောသည်။

"ကျွန်မနာမည်ကတော့ ဒေါ်ခင်မာဦးလို့ခေါ်ပါတယ်။ လောလောဆယ်ခံစားနေရတာကတော့ ဆီးချိုသွေးချိုနဲ့ အကြောကိုလာပြီးတော့ ပြသတာပါ။ အကုန်လုံး လုပ်ထားကိုင်ထားတာတွေကအစပေ့ါနော်။ စီစဉ်ထားတာတွေအားလုံးကောင်းပါတယ်၊ အရမ်းကျေးဇူးတင်ပါတယ်။ အရမ်းကို ကျေးဇူးတင်တာ အားရတယ်။ တပ်မတော်က လာရောက်ကုသတဲ့ ဆရာဝန်တွေရော အကုန်လုံးကို ကျေးဇူးအများကြီးတင်ပါတယ်" ဟုပြောသည်။ (၁၀၀)

# တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)မှ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူ ၄၇၅ ဦးအား ဆေးဝါးကုသမှုများဆောင်ရွက်





တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)နှင့်အတူ လိုက်ပါလာသည့် တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများ၊ သူနာပြုများပါဝင်သော တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့က ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများဆောင်ရွက်ပေးစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ် (သံလွင်)ဖြင့် ဧရာဝတီတိုင်းဒေသကြီး၊ ငပုတောမြို့သို့ရောက်ရှိနေသည့်တပ်မတော်မှ ပါရဂူများ၊ ဆေးမှူးများနှင့် သူနာပြုများ ပါဝင်သော တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် ငပုတောမြို့နယ်၊ ငရုတ်ကောင်းမြို့သို့ ရောက်ရှိရာ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်မိရပ်ဖများ၊ ဆရာ၊ ဆရာမများ၊ ကျောင်းသား၊ ကျောင်းသူများနှင့် ဒေသခံပြည်သူများက သောင်းသောင်းဖြဖြကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် တပ်မတော်နယ်လှည့် အထူးကုဆေးအဖွဲ့သည် ငရုတ်ကောင်းမြို့၊ တိုက်နယ်ပြည်သူ့ဆေးရုံတွင် အခြေပြု၍ ငရုတ်ကောင်းမြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများမှဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးကြသည်။

ထိုသို့ဆောင်ရွက်ပေးရာတွင်ဆေးကုသမှုဆိုင်ရာရောဂါ ၁၂၁ ဦး၊ ခွဲစိတ်ရောဂါ ၅၆ ဦး၊ သားဖွား/မီးယပ်ရောဂါ ၂၂ဦး၊ကလေးရောဂါ ၁၉ ဦး၊ အရိုးရောဂါ ၉၃ ဦး၊ နား၊ နှာခေါင်း၊



လည်ချောင်းရောဂါ ၃၁ ဦး၊ မျက်စိရောဂါ ၈၀ ဦးနှင့် သွားနှင့်ခံတွင်းရောဂါ ၅၃ ဦး စုစုပေါင်း ၄၇၅ ဦးတို့ကို လိုအပ်သည့် ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးသည်။ ၎င်းတို့အနက် အထွေထွေခွဲစိတ်လူနာ ၄ ဦး၊ မျက်စိခွဲစိတ်လူနာ ၁၁ ဦး၊ ဓာတ်မှန်ရိုက်လူနာ ၄ ဦး၊ Ultrasound စက်ဖြင့် စမ်းသပ်စစ်ဆေးလူနာ ၆၄ ဦး၊ ECG စက်ဖြင့် နှလုံးစမ်းသပ်လူနာ ၅၄ ဦးနှင့် ဓာတ်ခွဲစမ်းသပ်လူနာ ၃၅ ဦးတို့ကို ရောဂါရှာဖွေစမ်းသပ်ကုသပေးခြင်းများ ဆောင်ရွက်ပေးပြီး ဆေးရုံလွှဲပြောင်းကုသရန် လိုအပ်သည့် ဒေသခံပြည်သူတစ်ဦးအား ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်ရှိ တပ်မတော်ဆေးရုံသို့ လွှဲပြောင်းကုသပေးသည်။ ထိုသို့ဆေးဝါးကုသမှု လာရောက်ခံယူကြသည့် ဒေသခံပြည်သူများအား တာဝန်ရှိသူများက လိုက်လံကြည့်ရှုအားပေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ တပ်မတော်နယ်လှည့်အထူးကုဆေးအဖွဲ့သည် ရန်ကုန်တိုင်းဒေသကြီး၊ ကိုကိုးကျွန်းမြို့နယ်နှင့် ဧရာဝတီတိုင်းဒေသကြီး၊ ဟိုင်းကြီးကျွန်းမြို့နယ်အတွင်းရှိ ကျေးရွာများနှင့် ပတ်ဝန်းကျင်ကျေးရွာများမှ ဒေသခံပြည်သူများအား ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးရန်အတွက် တပ်မတော်ပင်လယ်သွားဆေးရုံရေယာဉ်(သံလွင်)ဖြင့် ရောက်ရှိနေခြင်း ဖြစ်သည်။

ထိုသို့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးနေမှုများအပေါ် ဒေသခံပြည်သူများ၏စကားသံများကိုလည်း ယခုကဲ့သို့ ကြားသိရပါသည်-

"အဘိုးကခါးတွေကိုက်တယ်၊ ကိုယ်တွေလက်တွေကိုက်တယ်။ မစားချင်မသောက်ချင် အဲ့ဒီလိုဖြစ်နေလို့လာပြတာပါ။ တစ်နှစ်လောက်တော့ရှိပြီ။ အဲ့ဒီလိုမျိုးဖြစ်နေတာပဲ ပေါင်တွေကိုက်တယ်။ ခါးတွေကိုက်တယ်။ သိပ်သွားလာလို့မရဘူး။ ခြေထောက်ကညောင်းပြီးတော့ သွားလို့မရဘူး။ အဲ့ဒါကြောင့်မို့လို့ လာပြတာပါ။ ဆရာဝန်နဲ့တော့မတွေ့ရသေးဘူး။ အခုမှစာရင်းလာပေးတာပါ။ အခုလိုလာပြီးတော့ ကိုယ့်နေရာကိုယ့်ဒေသမှာ လာပြီးကုတယ်ဆိုတော့ အထူးဝမ်းသာပီတိဖြစ်ရပါတယ်" ဟုပြောသည်။

(၁၀၀)

# ဆန္ဒမဲပေးခြင်းသည် အမျိုးသားရေးတာဝန်ဖြစ်သည်

လက်ရှင်(ပြည်)

ဤဆောင်းပါးသည် နိုင်ငံသူ နိုင်ငံသားအပေါင်းမျှော်လင့်နေသည့် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်တွင် အပိုင်း(၁)အဖြစ် စတင်ကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား ကြိုဆိုထောက်ခံခြင်းနှင့် ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ကြီးပေါ်ပေါက်စေရေးအတွက် အမျိုးချစ်သည့် နိုင်ငံသားတိုင်းက ပါဝင်ကူညီဆောင်ရွက်ပေးနိုင်ရေးအတွက် ရေးသားရခြင်းဖြစ်ကြောင်း ဦးစွာတင်ပြလိုသည်။

**ဦးတည်ချက်များနှင့်ချီတက်ခဲ့သည့် တပ်မတော်အစိုးရများ**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်တွင် NLD အစိုးရ၏ မဲမသမာမှုကြောင့် နိုင်ငံတော်အာဏာကို ထိန်းခဲ့ရသည်။ သို့သော် ယခင်နိုင်ငံတော်ငြိမ်ဝပ်ပိပြားမှုတည်ဆောက်ရေးအဖွဲ့နှင့် နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီကဲ့သို့ပင် နိုင်ငံတော်တိုးတက်ရာတိုးတက်ကြောင်းဖြင့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဦးတည်ချက်များချမှတ်၍ချီတက်ခဲ့သည်။ ချမှတ်ခဲ့သည့်ဦးတည်ချက်များအား အောင်မြင်စွာ ဖော်ဆောင်ခဲ့သည်ကို လေ့လာသိရှိခဲ့ရသည်။

တပ်မတော်မှ နိုင်ငံတော်တာဝန်ကိုရယူခဲ့ပြီးနောက် ၂၀၂၁ ခုနှစ် ဖေဖော်ဝါရီလ ၁ ရက်မှ ၂၀၂၅ ခုနှစ် ဇူလိုင်လ ၃၁ ရက်အထိ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖြစ်မှ ၂၀၂၅ ခုနှစ် ဩဂုတ်လ ၁ ရက်မှ ယနေ့အထိ အမျိုးသားကာကွယ်ရေးနှင့် လုံခြုံရေးကောင်စီအမည်ဖြင့် နိုင်ငံတော်၏တာဝန်အရပ်ရပ်ကို ဦးလည်မသုန်ကျေပွန်စွာထမ်းဆောင်ခဲ့သည်။ အဆိုပါအမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီသည် ဦးတည်ချက်(၄)ရပ် ချမှတ်ထားသည်။ ထို (၄)ရပ်တွင် **ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲနှင့်ပတ်သက်၍ "ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲလုပ်ငန်းစဉ်များအောင်မြင်ပြီး ပြည်သူလူထုတစ်ရပ်လုံး လိုလားတောင့်တသည့် ပါတီစုံဒီမိုကရေစီစနစ်ကို အောင်မြင်စွာလျှောက်လှမ်းနိုင်ရေး ပြည်သူလူထု၏ပူးပေါင်းပါဝင်မှုဖြင့် အကောင်အထည်ဖော်ဆောင်ရွက်ရေး"**ဟု ထည့်သွင်းဖော်ပြခဲ့ပြန်သည်။

တပ်မတော်သည် နိုင်ငံတော်အာဏာအား ထိန်းသိမ်းခဲ့ရသည့် အကြိမ်လေးကြိမ်ရှိခဲ့ပါပြီ။ ထိုလေးကြိမ်ထဲတွင် တပ်မတော်အနေဖြင့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကျင်းပနိုင်ရေးကို ဦးစားပေးဆောင်ရွက်သည်ကို လက်တွေ့ကျကျသိရှိခဲ့ပြီးဖြစ်သည်။ ထိုသို့ နိုင်ငံတော်အာဏာအား တာဝန်ယူခဲ့ရသည့် တပ်မတော်သည် မိဘပြည်သူများသို့ အရပ်သားစစ်စစ်ဖြစ်သည့်အစိုးရများဖြစ်ပေါ်စေရေး ရည်ရွယ်ချက်ဖြင့် စေတနာထားဆောင်ရွက်ပေးခြင်းဖြစ်ပေသည်။

**အချိန်မနှောင်းသေးပါ**

မြန်မာ့နိုင်ငံရေးသမိုင်းတွင် ယုံကြည်ချက်၊ ခံယူချက်ခြင်းမတူညီ၍ လက်နက်ကိုင်တောခိုခဲ့ကြသည်။ ဗိုလ်ချုပ်အောင်ဆန်းနှင့်အတူ မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်ခဲ့သည့် ရဲဘော်သုံးကျိပ်ဝင်အချို့သည် တောခိုခဲ့ကြသည်။ ၎င်းရဲဘော်သုံးကျိပ်ဝင်အချို့သည် တောထဲမှာပင်ဘဝနိဂုံးချုပ်ခဲ့ရသည်။ အလားတူ ၁၉၈၈ ခုနှစ်တွင် ဖြစ်ပွားခဲ့သည့် နိုင်ငံရေးဖြစ်စဉ်၌ နိုင်ငံရေးအမြတ်ထုတ်ခဲ့သည့် နိုင်ငံရေးသမားအချို့ကြောင့် ကျောင်းသားလူငယ်များ တောထဲမှာပင် အသက်၊ သွေး၊ ချွေးများ စတေးခဲ့ရသည်။

ထို့အတူပင် ယခု ၂၀၂၁ ခုနှစ်တွင်လည်း PDF အမည်ခံအကြမ်းဖက်သမားများ၏ဘဝသည် မိအေးနှစ်ခါနာဖြစ်ခဲ့ရသည်။ ဘဝနှစ်ခါနာရခြင်းနှင့်ပတ်သက်၍ ပထမအကြိမ်သည် နိုင်ငံရေးသမားများ၏ သွေးထိုးမြှောက်ပင့်မှုကြောင့် ကျောင်းသားလူငယ်ဘဝအဖြစ်မှ နိုင်ငံရေးသားကောင်အဖျက်သမားဖြစ်ခဲ့ရသည်။ ဒုတိယဘဝနာရခြင်းသည်က တောထဲရောက်ပြန်သော်လည်း တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူများ၏အသုံးချခံဖြစ်ရခြင်းကြောင့် ကျောင်းသားလူငယ်များဘဝသည် တောထဲမှာပင် လူလုံးမလှဘဲ ဘဝဆုံးခဲ့ရသည်။

PDF အမည်ခံ အကြမ်းဖက်သမားဘဝရောက်ရှိသွားသည့် ကျောင်းသားလူငယ်များနှင့်ပတ်သက်၍ အနည်းငယ်တင်ပြလိုသည်။ ငြိမ်းချမ်းသာယာသည့် မိဘရင်ခွင်မှတောခိုသွားသည့် PDF အမည်ခံကျောင်းသားလူငယ်များဘဝ တောထဲမှာပင်ဘဝဆုံးခဲ့ရသည်။ ရှေ့တွင်လည်း ၈၈ မျိုးဆက်ကျောင်းသားလူငယ်များက သက်သေသာဓကဖြစ်ခဲ့သည်။ တောတွင်းရောက်အောင်တွန်းပို့ခဲ့သည့် နိုင်ငံရေးသမားများ၏ သားသမီးများမှာ တောထဲမရောက်၊ ပြည်ပရောက်၍ အေးချမ်းစွာ ပညာသင်ကြားနေရသည်။ မိဘသည် တောင်းဆိုး၊ ပလုံးဆိုးကိုသာ ပစ်ရိုးထုံးစံရှိသည်။ မိဘနှင့်တူသည့် နိုင်ငံတော်အစိုးရသည် သားဆိုး၊ သမီးဆိုးဖြစ်ခဲ့ရသည့် PDF အမည်ခံ အကြမ်းဖက်သမားကျောင်းသားလူငယ်များကို ပစ်ရိုးထုံးစံမရှိခဲ့ပေ။ လက်နက်ကိုင်လမ်းစဉ်ကို စွန့်လွှတ်၍ မိဘရင်ခွင်သို့ ပြန်လာရန် နိုင်ငံတော်မှအကြိမ်ကြိမ်အခါခါ ဖိတ်ခေါ်ခဲ့သည်။ နိုင်ငံတော်နှင့် မိမိဘဝအတွက် အကျိုးမပြုသည့် လက်နက်ကိုင်လမ်းစဉ်ကိုစွန့်လွှတ်၍ နိုင်ငံတော်နှင့်အတူငြိမ်းချမ်းရေးလမ်းခရီးသို့ လျှောက်လှမ်းရန်အတွက် မျှော်လင့်ချက်ရှိသည့်နိုင်ငံတော်၏အရိပ်အာဝါသအောက်တွင်သာ ခိုလှုံစေလိုသည့်စေတနာနှင့်ဖိတ်ခေါ်နေခြင်းဖြစ်ပါသည်။

**ယုံကြည်ပါသည်**

နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်သည် ပြည်တွင်း/ပြည်ပမီဒီယာများနှင့်တွေ့ဆုံရာတွင်လည်းကောင်း၊ နိုင်ငံ့အကျိုးပြုခရီးစဉ်တွင် ဒေသခံပြည်သူများနှင့်တွေ့ဆုံရာတွင်လည်းကောင်း သန့်ရှင်း၍ တရားမျှတသည့် ရွေးကောက်ပွဲစနစ်ဖြစ်လာမည်ဖြစ်ပြီး ကောင်းမွန်သော အစိုးရသစ်တစ်ရပ်ကိုဖွဲ့စည်းပေးနိုင်ရန် ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ၂၈ ရက်မှစတင်၍ ရွေးကောက်ပွဲ အပိုင်း(၁)ကို ကျင်းပပေးမည်ဟု ကတိကဝတ်ပြုခဲ့သည်။ ကျွန်တော်နှင့်အတူ နိုင်ငံသူ နိုင်ငံသားအပေါင်းမှ နိုင်ငံတိုးတက်ရာတိုးတက်ကြောင်းမြင်တွေ့လိုသည့်အတွက် အထူးပင်ယုံကြည်ရ၍ ဝမ်းသာခဲ့ရသည်။ ထို့အတူ ၂၀၂၀ ပြည့်နှစ် ဩဂုတ်လ ၁၄ ရက်တွင် နေပြည်တော်၌ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်က နိုင်ငံရေးပါတီ ၃၄ ပါတီမှ တာဝန်ရှိသူများနှင့်တွေ့ဆုံရာတွင် အောက်ပါအတိုင်းပြောကြားခဲ့သည်ကို မိမိအနေဖြင့် ပြန်လည်၍ မြင်ယောင်မိခဲ့သည်-

- (က) နိုင်ငံနှင့် ဒေသကို လက်တွေ့အကျိုးပြုမည့်သူ။
- (ခ) တရားဥပဒေစိုးမိုးရေးအမြင်ရှိပြီး ဥပဒေစည်းမျဉ်းစည်းကမ်းများကို လိုက်နာဆောင်ရွက်သူ။
- (ဂ) နိုင်ငံ၏အမျိုးသားအကျိုးစီးပွားဖြစ်သည့် ဒို့တာဝန်အရေးသုံးပါးကို ထိန်းသိမ်းစောင့်ရှောက်သူ။
- (ဃ) တပ်မတော်၏အမျိုးသားနိုင်ငံရေးဦးဆောင်မှုအခန်းကဏ္ဍကို နားလည်သဘောပေါက်သူ။
- (င) အမျိုး၊ ဘာသာ၊ သာသနာကို နည်းမှန်၊ လမ်းမှန်ဖြင့်စနစ်တကျထိန်းသိမ်းနိုင်သူ။
- (စ) ပြည်ပအဖွဲ့အစည်းများ၊ နိုင်ငံခြားသားများ၏လွှမ်းမိုးခြင်းမခံရသူ။

အထက်ဖော်ပြပါအချက်တို့သည် ဒီမိုကရေစီလမ်းကြောင်းပေါ်မှ သွေဖည်မှုပြုနေမည့်အခြေအနေကို ကြိုတင်ထိန်းကျောင်းပေးခဲ့ခြင်းဖြစ်ပါသည်။

**ထောက်ခံကြိုဆိုပါသည်**

မိမိနှင့်အတူ နိုင်ငံသူ နိုင်ငံသားများမှလည်း တိုင်းပြည်အေးချမ်းသာယာပြီး ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်သစ်ဖြစ်ပေါ်လာစေရေးအတွက် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ ဦးဆောင်ကျင်းပပေးမည့် ရွေးကောက်ပွဲကို ကြိုဆိုထောက်ခံသည်။ အဘယ်ကြောင့်ဆိုသော် ကျွန်တော်တို့ပြည်သူများသည် မိမိနိုင်ငံအား တိုးတက်ရာတိုးတက်ကြောင်းဆောင်ရွက်မည့် နိုင်ငံ့ခေါင်းဆောင်ကို လိုလားပါသည်။ မိမိရပ်ရွာတိုးတက်ရေးဆောင်ရွက်ပေးမည့် လွှတ်တော်ကိုယ်စားလှယ်အား စိတ်ကြိုက်ရွေးချယ်ပိုင်ခွင့်ရှိခဲ့သည်။ သန့်ရှင်း၍ တရားမျှတသည့်ရွေးကောက်ပွဲနှင့် နိုင်ငံတော်ကောင်းကျိုးဖော်ဆောင်ပေးမည့်အစိုးရသစ်တစ်ရပ်ဖြစ်လာစေရန် ကျွန်တော်တို့ပြည်သူများမှလည်း နိုင်ငံတော်၊ တပ်မတော်နှင့် လက်တွဲပူးပေါင်းဆောင်ရွက်ရန် လိုအပ်သည်။

**အမှန်မြင်၍ အမြင်မှန်ရကြပါစေ**

ယခု နိုင်ငံတော်ကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ ဦးဆောင်ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲအား အရပ်သားပြည်သူတစ်ဦးဖြစ်သည့် မိမိအနေဖြင့် ယုံကြည်မှုအပြည့်ရှိသည်။ အဘယ်ကြောင့်ဆိုသော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီစတင်တာဝန်ယူခဲ့စဉ်ကပင် ပါတီစုံဒီမိုကရေစီနိုင်ငံတော်သစ်ပေါ်ထွန်းရေးအတွက် ဦးတည်ချက်ချမှတ်၍ ဦးစားပေးဆောင်ရွက်ခဲ့သည်။ တပ်မတော်မှ တာဝန်ယူဆောင်ရွက်ရသည့်အတွက် အခြားသော လက်နက်ကိုင်အဖွဲ့အစည်းများ၊ ပြည်ပမှပြည်ဖျက်မီဒီယာအဖွဲ့အစည်းများနှင့်ပြည်ပနိုင်ငံအချို့မှလည်း သံသယများစွာဖြင့် စောင့်ကြည့်ကြသည်။ ရွေးကောက်ပွဲအား စိတ်ဝင်စားကြသော်လည်း ရွေးကောက်ပွဲဖြစ်မြောက်ရေးကို မလိုလားကြပေ။ ရွေးကောက်ပွဲမဖြစ်ပေါ်စေရေးအတွက် ဝိုင်းဝန်း၍ဖျက်လိုဖျက်ဆီးပြုရန် ကြံစည်ကြသည်။

**◆ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ တာဝန်ယူ၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် သန့်ရှင်း၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်မည်ကို အထူးယုံကြည်ပါ။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် အမှန်ကိုအမှန်အတိုင်းမြင်ရန်လိုသည်။ ဖျက်လိုဖျက်ဆီးမည့် အဖွဲ့အစည်းများ၏သွေးထိုးလှုံ့ဆော်မှုကို မယုံကြည်ရန်နှင့် မိမိနိုင်ငံကောင်းစားရေးအတွက် ပြည်သူများအနေဖြင့် အမြင်မှန်များရ၍ လက်ရှိနိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအား ဝိုင်းဝန်းကူညီပံ့ပိုးပေးရန် လိုအပ် . . .**

အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ တာဝန်ယူ၍ မကြာမီကျင်းပမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် သန့်ရှင်း၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်မည်ကို အထူးယုံကြည်ပါ။ နိုင်ငံသူ နိုင်ငံသားများအနေဖြင့် အမှန်ကိုအမှန်အတိုင်းမြင်ရန်လိုသည်။ ဖျက်လိုဖျက်ဆီးမည့်အဖွဲ့အစည်းများ၏ သွေးထိုးလှုံ့ဆော်မှုကို မယုံကြည်ရန်နှင့် မိမိနိုင်ငံကောင်းစားရေးအတွက် ပြည်သူများအနေဖြင့် အမြင်မှန်များရ၍ လက်ရှိနိုင်ငံတော်အစိုးရနှင့်ပူးပေါင်း၍ ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးအား ဝိုင်းဝန်းကူညီပံ့ပိုးပေးရန်လိုအပ်သည်။ နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတကာမှ လာရောက်လေ့လာစောင့်ကြည့်မှုများကိုလည်း လက်ခံကြိုဆိုမည်ဖြစ်ကြောင်း သိရှိရပြီးဖြစ်သည်။

နိုင်ငံတော်အကြီးအကဲနှင့်တာဝန်ရှိသူအဆင့်ဆင့်မှ သန့်ရှင်း၍တရားမျှတသည့်ရွေးကောက်ပွဲဖြစ်ပေါ်စေရေးအတွက် အချိန်ကာလယူ၍ ကြိုးပမ်းဆောင်ရွက်ပေးခဲ့သည်။ နိုင်ငံ့အကျိုးသယ်ပိုးမည့် ဒီမိုကရေစီအစိုးရသစ်ဖြစ်ပေါ်လာရေး ဘက်ပေါင်းစုံမှအားထုတ်ဆောင်ရွက်ခဲ့ရသည်။ မဲမသမာမှုမဖြစ်စေရေးအတွက် နိုင်ငံတော်မှကြိုးကြပ်၍ မြန်မာအီလက်ထရောနစ်မဲပေးစက်(MEVM)စနစ်ကို အကောင်အထည်ဖော်ပေးခဲ့သည်။ အများပြည်သူများသိရှိအောင် ရှင်းလင်းချပြပေးခဲ့သည်။ မဲရုံနှင့်ပတ်သက်၍ တာဝန်ထမ်းဆောင်မည့် ဝန်ထမ်းများ၊ အနီးကပ်လုံခြုံရေးဆောင်ရွက်မည့်သူများကို ရွေးချယ်ခန့်အပ်တာဝန်ပေးအပ်ရသည်။ သန့်ရှင်း၍ တရားမျှတသည့် ရွေးကောက်ပွဲဖြစ်မြောက်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်သည်။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မြန်မာနိုင်ငံသားတိုင်း မဲရုံသို့သွားရောက်၍ မဲပေးနိုင်ရေးသည် အမျိုးသားရေးတာဝန်ဖြစ်ပါသည်။

နိဂုံးချုပ်အနေဖြင့် အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှ ကြိုးပမ်းဆောင်ရွက်ပေးမည့် စစ်မှန်၍စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီအစိုးရသစ်တစ်ရပ်ဖြစ်ပေါ်လာစေရေးအတွက် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူ မြန်မာနိုင်ငံသားတိုင်း မဲပေးရေးသည် မိမိတို့၏မွေးရာပါတာဝန် သို့မဟုတ် အမျိုးသားရေးတာဝန်တစ်ရပ်ဖြစ်သည်။ ပြည်သူများမှ ဒီမိုကရေစီအစိုးရသစ်တစ်ရပ်အား ထုဆစ်ပုံဖော်ပေးလိုပါက အမျိုးသားရေးတာဝန်တစ်ရပ်အနေဖြင့် ဆန္ဒမဲပေးရန်သာဖြစ်သည်။ သို့ဖြစ်ပါ၍ အမျိုးသားကာကွယ်ရေးနှင့်လုံခြုံရေးကောင်စီမှဦးဆောင်၍ ကျင်းပပေးမည့် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲတွင် ကိုယ်တိုင်ကိုယ်ကျဆန္ဒမဲပေးခြင်းဖြင့် မိဘပြည်သူများ မျှော်လင့်တောင့်တနေသည့် ဒီမိုကရေစီနိုင်ငံတော်သစ်အား မကြာမီကာလအတွင်း ထုဆစ်ပုံဖော်နိုင်မည်ဖြစ်ပါကြောင်း ဆုမွန်ကောင်းတောင်း၍ တိုက်တွန်းတင်ပြအပ်ပါသည်။ ။

# ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ်(CHID Bank)၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကျင်းပ



နေပြည်တော် နိုဝင်ဘာ ၃၀

ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက်)(CHID Bank) ၏ (၁၂)ကြိမ်မြောက် နှစ်ပတ်လည်အထွေထွေအစည်းအဝေးကို ယနေ့တွင် ရန်ကုန်တိုင်းဒေသကြီး ဒဂုံမြို့နယ်ရှိ ဆောက်လုပ်ရေး၊ အိမ်ရာနှင့်အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် (ရုံးချုပ်) ၌ ကျင်းပသည်။

အခမ်းအနားသို့ CHID Bank နာယက ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်၊ CHID Bank ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ဒါရိုက်တာအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာအကြီးအကဲများ၊ ဘဏ်အစုရှယ်ယာရှင်များ၊ စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူများ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ဘဏ်မှ တာဝန်ရှိသူများ တက်ရောက်ကြသည်။

ဦးစွာ ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် နာယက ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်က ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ် တစ်နှစ်တာကာလအတွင်း ဒါရိုက်တာအဖွဲ့ဝင်များ၊ စီမံခန့်ခွဲမှုအဖွဲ့ဝင်များနှင့် ဝန်ထမ်းများ၏ ကြိုးပမ်းအားထုတ်မှုကြောင့် ဘဏ္ဍာရေးစွမ်းဆောင်ရည်တွင် အမြတ်ငွေများကို ယခင်ဘဏ္ဍာရေးနှစ်ထက် ၉၄ ရာခိုင်နှုန်း တိုးတက်ရရှိအောင်ဆောင်ရွက်နိုင်ခဲ့ပြီး Final Indicators များ ပိုမိုအားကောင်းလာအောင် ဆောင်ရွက်နိုင်ခဲ့သည်ကို တွေ့ရှိရကြောင်း၊ စီမံခန့်ခွဲမှုအပိုင်းတွင် ISO 9001 : 2015 Quality Management System အသိအမှတ်ပြုလက်မှတ်ကို ပထမဦးဆုံးရယူနိုင်ခဲ့သည့် ဘဏ်တစ်ခုအဖြစ် ဂုဏ်ယူဖွယ်ရာတွေ့မြင်ရကြောင်း၊

မိတ်ဖက်အဖွဲ့အစည်းများနှင့်လည်း ယခုထက်ပိုမို၍ ပူးပေါင်းဆောင်ရွက်သွားရန်လိုကြောင်း၊ ဆောက်လုပ်ရေးဝန်ကြီးဌာနအနေဖြင့်လည်း CHID ဘဏ်ကြီးတိုးတက်အောင်မြင်ရေးအတွက် မူဝါဒနှင့်အညီ အဘက်ဘက်မှ ပံ့ပိုးကူညီပေးလျက်ရှိပြီး ရှေ့ဆက်လက်၍လည်း ကူညီပေးသွားမည်ဖြစ်ကြောင်း။

၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဘဏ်လုပ်ငန်းများကို အောင်မြင်အောင်ဆောင်ရွက်နိုင်ခဲ့သည့်အတွက် ဘဏ်၏ဒါရိုက်တာအဖွဲ့ဝင်များ Shareholder များ၊ Customer များနှင့် ဘဏ်ဝန်ထမ်းများအနေဖြင့် CHID ဘဏ်ကြီး ယခုထက်ပိုမိုခိုင်မာအောင်မြင်စွာ ရပ်တည်နိုင်ရေးအတွက် ကြိုးစားဆောင်ရွက်ပေးကြရန် တိုက်တွန်းကြောင်း ပြောကြားသည်။

ထို့နောက် ဆောက်လုပ်ရေး၊ အိမ်ရာနှင့် အခြေခံအဆောက်အအုံဖွံ့ဖြိုးရေးဘဏ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌ၊ ဘဏ်အမှုဆောင်အရာရှိချုပ်နှင့် စာရင်းစစ်အဖွဲ့မှ တာဝန်ရှိသူတို့က ၂၀၂၄ -၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဘဏ်လုပ်ငန်းများဆောင်ရွက်ထားရှိမှုအခြေအနေ၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ဆက်လက်ဆောင်ရွက်မည့် ဘဏ်လုပ်ငန်းစဉ်များနှင့်စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

အစီအစဉ်အရ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ်အတွက် ဘဏ်၏ပြင်ပစာရင်းစစ်အစီရင်ခံစာကို တင်ပြအတည်ပြုချက်ရယူခြင်း၊ ဘဏ်၏ ဒါရိုက်တာအဖွဲ့ဝင်များ နုတ်ထွက်ခြင်း၊ ဒါရိုက်တာအဖွဲ့ဝင်သစ်များကို အစုရှယ်ယာရှင်များ၏ ဆန္ဒမဲဖြင့်ရွေးချယ်ခန့်အပ်ခြင်းနှင့်အမည်စာရင်းအတည်ပြုကြေညာခြင်း၊ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်အတွက် ပြင်ပစာရင်းစစ်ခန့်အပ်ခြင်း၊ အခကြေးငွေသတ်မှတ်ခြင်း၊ အစုရှယ်ယာရှင်များမှ ကြိုတင်ပေးပို့ထားသောမေးခွန်းများနှင့် အကြံပြုချက်များ ပြန်လည်ဖြေကြားခြင်း၊ ငွေကြေးအဖွဲ့အစည်းများ ဥပဒေပုဒ်မ (၈၅) အရ စာရင်းစစ်ကော်မတီဝင်များခန့်အပ်ခြင်း၊ အတည်ပြုချက်ရယူခြင်းနှင့် အမည်စာရင်းကြေညာခြင်းတို့ကို အစီအစဉ်အတိုင်း ဆက်လက်ဆောင်ရွက်ပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြားခဲ့ကြောင်း သိရသည်။ **မြဝတီ**

# (၆၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဂုဏ်ပြုညစာစားပွဲကျင်းပ

**ရန်ကုန် နိုဝင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ဆေးတက္ကသိုလ်(၁) ရန်ကုန် (၆၁)ကြိမ်မြောက် ဘွဲ့နှင်းသဘင်ဂုဏ်ပြုညစာစားပွဲအခမ်းအနားကို ယမန်နေ့ည ၆ နာရီက ဆေးတက္ကသိုလ်(၁) ရန်ကုန် လမ်းမတော်မြက်ခင်းပြင်၌ ကျင်းပသည်။

အခမ်းအနားသို့ ကျန်းမာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်း၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပါမောက္ခချုပ်များ၊ မြန်မာနိုင်ငံဆေးကောင်စီ နာယက၊ ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆေးပညာရှင်အဖွဲ့ဥက္ကဋ္ဌ၊ မြန်မာနိုင်ငံဆရာဝန်အသင်းဥက္ကဋ္ဌ၊ အထူးဖိတ်ကြားထားသူများနှင့် ဆေးရုံအုပ်ကြီးများ၊ ပညာရေးအဖွဲ့ဝင် ပါမောက္ခ၊ ဌာနမှူးများနှင့် ဆရာ၊ ဆရာမများ၊ တက္ကသိုလ်ဝန်ထမ်းများ၊ ဘွဲ့ရမောင်မယ်များ စုံစုံညီညီပါဝင်တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုဝန်ကြီး ပါမောက္ခ ဒေါက်တာသက်ခိုင်ဝင်းက မိမိတို့နိုင်ငံလူဦးရေ၏၇၀ရာခိုင်နှုန်းသည်ကျေးလက်နေပြည်သူများဖြစ်သည့်အတွက် ကျေးလက်ဒေသက ပြည်သူ့ဆေးရုံများအထိ သွားရောက်၍ စေတနာ၊ မေတ္တာအပြည့်ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးကြရန် လိုကြောင်း ပြောကြားသည်။

ယင်းနောက်ဆေးတက္ကသိုလ်(၁)ရန်ကုန် ပါမောက္ခချုပ်နှင့် ဘွဲ့ရမောင်မယ်တစ်ဦးက ကျေးဇူးတင်စကားပြန်လည်ပြောကြားပြီး ဆေးတက္ကသိုလ်(၁) ရန်ကုန် ကျောင်းသား၊ ကျောင်းသူများနှင့် ဘွဲ့ရမောင်မယ်များက အဆိုအကများဖြင့် ဧည့်ခံဖျော်ဖြေခဲ့ကြသည်။

ဆေးတက္ကသိုလ်(၁)အနေဖြင့် ဒီပလိုမာဘွဲ့ရရှိသူပေါင်း ၁၈၂၄ ဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ရရှိသူပေါင်း ၄၂၉၃ ဦး၊ ပါရဂူဘွဲ့ရရှိသူပေါင်း ၇၉၄ ဦး၊ ဆေးပညာဘွဲ့ရရှိသူ ၂၀၂၄၂ ဦး မွေးထုတ်ပေးနိုင်ခဲ့ပြီး လက်ရှိတွင်လည်း ဘွဲ့ကြိုသင်တန်းသား၊ သင်တန်းသူ စုစုပေါင်း ၂၂၆၆ ဦးနှင့် ဘွဲ့လွန်ဒီပလိုမာ ကိုးဦး၊ ဆေးပညာမဟာသိပ္ပံဘွဲ့ ၃၆၁ ဦး၊ ပါရဂူဘွဲ့နှစ်ဦး၊ ဆေးလက်တွေ့ပါရဂူဘွဲ့ ၁၉၅ ဦး ဘွဲ့လွန်သင်တန်းသားစုစုပေါင်း ၅၆၇ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။



မြဝတီ

# ဆေးတက္ကသိုလ်(တောင်ကြီး)ဒုတိယအကြိမ် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ




**တောင်ကြီး နိုဝင်ဘာ ၃၀**

ကျန်းမာရေးဝန်ကြီးဌာန ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ် ဦးစီးဌာန ဆေးတက္ကသိုလ်(တောင်ကြီး) ဒုတိယအကြိမ်ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် တောင်ကြီးတက္ကသိုလ် ဘက်စုံခန်းမ၌ ကျင်းပသည်။

အခမ်းအနားသို့ကျန်းမာရေးလူ့စွမ်းအားအရင်းအမြစ်ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်၊ တာဝန်ရှိသူများ၊ ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ပညာရေးအဖွဲ့ဝင်များ၊ စီမံခန့်ခွဲရေးအဖွဲ့ဝင်များ၊ ဘွဲ့ရမောင်မယ်များ၏ မိဘဆွေမျိုးများနှင့် ဆေးပညာဘွဲ့ရမောင်မယ်များ တက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်အလံကိုအလေးပြုကြပြီး ဆေးပညာဘွဲ့ရမောင်မယ်များအား ဆေးတက္ကသိုလ်(တောင်ကြီး)ပါမောက္ခချုပ်က အဓိဋ္ဌာန်ပြုကတိသစ္စာခံယူစေပြီး ဆေးပညာဘွဲ့ရရှိသူ ၈၂ ဦးကို ဆေးပညာဘွဲ့များ ချီးမြှင့်အပ်နှင်းသည်။

ထို့နောက်ဆေးတက္ကသိုလ်(တောင်ကြီး) ပါမောက္ခချုပ်က အခြေခံဆရာဝန်တစ်ဦးအနေဖြင့် ကျန်းမာရေးမြှင့်တင်ခြင်း၊ ရောဂါကာကွယ်ခြင်း၊ ဆေးကုသခြင်း၊ လူနာများကိုပြုစုခြင်းအပြင် စီမံခန့်ခွဲရေးကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်စွာ ဆောင်ရွက်နိုင်အောင်ကြိုးစားကြရန်၊ မွန်မြတ်သည့် ဆရာဝန်ဘဝတွင်ကျန်းမာရေးစောင့်ရှောက်မှုခံယူသူပြည်သူလူထုကို တာဝန်အပြင် မေတ္တာ၊ စေတနာ၊ ကရုဏာ၊ ကိုယ်ချင်းစာတရားနှင့် ပြုစုစောင့်ရှောက်ကုသနိုင်ကြပါစေကြောင်းအမှာစကားပြောကြားခဲ့ကြောင်း သိရသည်။

**စိုင်းသန်းကျော်(တောင်ကြီး)**

## ၃၀-၁၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး (Market Rate)

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား ( ၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ** (၅,၉၈၀,၀၀၀)ကျပ်ဖြစ်သည်။

**ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ**

## တနင်္ဂနွေနေ့ဘောလုံးပွဲရလဒ်များ

### အင်္ဂလန်ပရီးမီးယားလိဂ်

| | | | | | |
|---|---|---|---|---|---|
| အဲဗာတန် | ၁ - ၄ | နယူးကာဆယ် | ချဲလ်ဆီး | ၁ - ၁ | အာဆင်နယ် |
| ဗီလာ | ၁ - ၀ | ဝုလ်ဗ် | စပါး | ၁ - ၂ | ဖူဟမ် |
| ဝက်စ်ဟမ်း | ၀ - ၂ | လီဗာပူး | ပဲလေ့ | ၁ - ၂ | မန်ယူ |

### စပိန်လာလီဂါ

| | | |
|---|---|---|
| အက်သလက်တီကို | ၂ - ၀ | အိုဗီဒို |
| ဆိုစီဒက် | ၂ - ၃ | ဗီလာရီးရဲ |
| ဆီဗီလာ | ၀ - ၂ | ဘက်တစ် |

★ စာမျက်နှာ ၁၇ မှအဆက်

Analog Projection System များနေရာတွင် ခေတ်မီစက်ပစ္စည်းတွေဖြစ်သည့် Digital Projection System များဖြင့် အစားထိုးလဲလှယ်ခြင်း၊ အာကာသနှင့်နက္ခတ်တာရာဆိုင်ရာပြခန်းများ၊ အာကာသစခန်းများနှင့် အခြားအာကာသနည်းပညာဆိုင်ရာပြခန်းများ အစရှိသည့်စိတ်ဝင်စားဖွယ်ပြခန်းနေရာများကို ထပ်မံထည့်သွင်းပြသခြင်းများကို ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း။

နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင်အာကာသနည်းပညာများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့် ပူးပေါင်းကာ ရေတို/ရေရှည် စီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ်ကြောင်း၊ မိမိတို့နိုင်ငံ၏ပညာရှင်လူငယ်များအနေဖြင့်ထိုကဲ့သို့အာကာသနည်းပညာလှုပ်ရှားမှုအစီအစဉ်များတွင် ပါဝင်နိုင်မည့်အခွင့်အလမ်းများကိုလည်း မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းဖော်ဆောင်သွားမည်ဖြစ်ကြောင်း၊ ယင်းနေရာတွင် သာဓကတစ်ခုအနေဖြင့် စက်တင်ဘာလက ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ ဆီးရီးယပ်မြို့တွင် ကျင်းပခဲ့သည့် Open World Astronomy Olympiad (OWAO-25) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ် ၆ ဦးနှင့် International Olympiad on Climate Change and Environmental Issues (IOCE-2025) ပြိုင်ပွဲသို့ ပြိုင်ပွဲဝင်လူငယ် ၅ ဦး စုစုပေါင်း လူငယ် ၁၁ ဦးကို စေလွှတ်ယှဉ်ပြိုင်စေခဲ့ရာ သက်ဆိုင်ရာပြိုင်ပွဲများအလိုက် ထိုက်တန်စွာယှဉ်ပြိုင်နိုင်ခဲ့ကြပြီး အောင်မြင်မှုအသီးသီးဖြင့် ဆုတံဆိပ်များ ဆွတ်ခူးနိုင်ခဲ့ကြသည်ကို တွေ့ရှိရကြောင်း။

နည်းပညာခေတ်ဖြစ်သည့် ယနေ့မျက်မှောက်ကာလတွင် အာကာသနှင့်ဂြိုဟ်တုနည်းပညာများသည် အချိန်နှင့်အမျှ တစ်ဟုန်ထိုးဖွံ့ဖြိုးတိုးတက်လျက်ရှိပြီး လူသားမျိုးနွယ်၏အကျိုးကို ဖော်ဆောင်ပေးနိုင်မည့် အာကာသသုတေသနလုပ်ငန်းများကို အပြိုင်အဆိုင်ပူးပေါင်းဆောင်ရွက်နေကြသည်ကို တွေ့ရှိရကြောင်း၊ ထိုကဲ့သို့ သုတေသနလုပ်ငန်းများမှရရှိလာသည့် အကျိုးရလဒ်များဖြစ်သည့် အာကာသသိပ္ပံနှင့် အသုံးချနည်းပညာ၊ ဂြိုဟ်တုနည်းပညာများကို နိုင်ငံ၏ကာကွယ်ရေး၊ လုံခြုံရေး၊ စီးပွားရေး၊ ပို့ဆောင်ဆက်သွယ်ရေး၊ လူမှုရေး၊ ကျန်းမာရေး၊ ပညာရေးစသည့် နိုင်ငံ့စွမ်းအားကိုဖြစ်စေမည့် ဘက်စုံအခန်းကဏ္ဍအသီးသီးတွင် အကျိုးရှိစွာအသုံးချနေကြသည်ကို တွေ့ရမည်ဖြစ်ကြောင်း၊ ထို့ကြောင့်နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက်ယခုကဲ့သို့အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့်နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့် ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာ အသုံးချနိုင်ရန်အတွက် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ်ကြောင်း။

ယနေ့တွင် အာကာသပြတိုက်ကြီးကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့သောကြောင့် မျိုးဆက်သစ်လူငယ်များအနေဖြင့် မျက်မှောက်ခေတ်အာကာသနယ်ပယ်၏ စိန်ခေါ်မှုနှင့် အခွင့်အလမ်းအသစ်များတွင် ပါဝင်ယှဉ်ပြိုင်နိုင်ပြီး၊ စိတ်ကူးစိတ်သန်းများကိုမွေးဖွားကာ အကောင်အထည်ဖော်ဆောင်နိုင်တော့မည်ဖြစ်ကြောင်း၊ အနာဂတ်ကာလ အာကာသအသုံးချနယ်ပယ်အသီးသီးတွင် နိုင်ငံတော်က ဂုဏ်ယူအားထားရမည့် သုတေသနပညာရှင်များ၊ အင်ဂျင်နီယာများ၊ အာကာသယာဉ်မှူးများ၊ ဘက်စုံကဏ္ဍအလိုက် ကျွမ်းကျင်ပညာရှင်များနှင့် လူ့စွမ်းအားအရင်းအမြစ်များ ပေါ်ထွက်လာမည်ဟုလည်း ယုံကြည်ပါကြောင်းဖြင့် ပြောကြားသည်။

ငင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ထို့နောက် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်က တက်ရောက်လာကြသည့် နိုင်ငံတကာမှသံတမန်များအား အမှတ်တရလက်ဆောင်ပစ္စည်းများပေးအပ်သည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့်အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသနှင့် နက္ခတ်တာရာဆိုင်ရာ Dome Video Clip အားကြည့်ရှုကြသည်။

အခမ်းအနားအပြီးတွင်နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌနှင့် သံတမန်များက အာကာသပြတိုက်(ရန်ကုန်) ဧည့်သည်တော်မှတ်တမ်းစာအုပ်တွင် မှတ်တမ်းတင်လက်မှတ်ရေးထိုးကြသည်။

အဆိုပါအာကာသပြတိုက်(ရန်ကုန်)သည် ရန်ကုန်မြို့၊ ပြည်သူ့ရင်ပြင်တွင်တည်ရှိပြီး ယခင်နက္ခတ်တာရာပြခန်းအားခေတ်နှင့်အညီဖြစ်စေရေးအတွက် အဆင့်မြှင့်တင်ပြန်လည်မွမ်းမံခြင်းလုပ်ငန်းများကို ဆောင်ရွက်၍ အာကာသပြတိုက်(ရန်ကုန်)အဖြစ် ဖွင့်လှစ်ခဲ့ခြင်းဖြစ်ကြောင်း၊ ပြတိုက်အတွင်း Deep Space Exploration ပြခန်း၊ Space Station ပြခန်းနှင့် အာကာသတွင်း စေလွှတ်ခဲ့သည့်ဒုံးပျံများ၊ အာကာသတွင် လှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုများ၊ အာကာသတွင်းစူးစမ်းလေ့လာသည့်အာကာသယာဉ်နှင့် ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာများအား ကြည့်ရှုလေ့လာနိုင်မည်ဖြစ်ကြောင်း သတင်းရရှိသည်။

(၁၀၀)



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်ထံ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းက အာကာသပြတိုက်(ရန်ကုန်) ဖွင့်ပွဲအထိမ်းအမှတ်လက်ဆောင်အား ဂါရဝပြုပေးအပ်စဉ်။

❖ **နိုင်ငံတော်ခေတ်မီဖွံ့ဖြိုးတိုးတက်ရေးအတွက် ယခုကဲ့သို့အလွန်အရေးပါသည့် အာကာသသိပ္ပံနှင့်နည်းပညာရပ်များတွင် နိုင်ငံတကာနှင့်ယှဉ်ပြီး ရင်ပေါင်တန်းနိုင်ရန်၊ အရှိန်အဟုန်ဖြင့်ဖွံ့ဖြိုးတိုးတက်ပြီး အကျိုးရှိစွာအသုံးချနိုင်ရန် မျိုးဆက်သစ်လူငယ်လူရွယ်များကို ပြုစုပျိုးထောင်လေ့ကျင့်သင်ကြားပေးရမည်ဖြစ် . . .**

## ယခုဘဏ္ဍာရေးနှစ် ပထမခြောက်လအတွင်း အသေးစားစက်မှုလက်မှုလုပ်ငန်း မှတ်ပုံတင် ၂၁၀၀ ကျော် ဆောင်ရွက်ပေးပြီးဖြစ်

**နေပြည်တော် နိုဝင်ဘာ ၃၀**

အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနအနေဖြင့် နိုင်ငံတစ်ဝန်း၌ ယခုဘဏ္ဍာရေးနှစ် ပထမခြောက်လဖြစ်သော ဧပြီလမှစက်တင်ဘာလအထိ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် ၂၁၀၀ ကျော် ဆောင်ရွက်ပေးပြီးဖြစ်ကြောင်း သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီလှိုင်၏ ပြောကြားချက်အရ သိရသည်။

ပြည်တွင်းရှိ အသေးစားစက်မှုလက်မှုလုပ်ငန်းရှင်များသည် ၎င်းတို့၏ထုတ်ကုန်ပစ္စည်းများကို ဈေးကွက်အတွင်း တရားဝင်ဖြန့်ဖြူးရောင်းချနိုင်စေရန်၊ ပြည်တွင်းပြည်ပဈေးကွက်များသို့ တိုးချဲ့တင်ပို့နိုင်စေရန်နှင့် စားသုံးသူပြည်သူများအနေဖြင့်လည်း ယုံကြည်စိတ်ချစွာ ဝယ်ယူစားသုံးနိုင်စေရန် စသည့်ရည်ရွယ်ချက်များဖြင့် ယခုကဲ့သို့ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင်များ ပြုလုပ်ပေးခြင်းဖြစ်ကြောင်း သိရသည်။

"ဒီဘဏ္ဍာနှစ်အတွင်း နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနဲ့ ပြည်နယ် ၁၅ ခုမှာ အသေးစားစက်မှုလက်မှုလုပ်ငန်းမှတ်ပုံတင် ၃၀၀၀ ဆောင်ရွက်ပေးဖို့လျာထားပါတယ်။ ဧပြီလကနေ စက်တင်ဘာလအထိ ပထမခြောက်လအတွင်း လုပ်ငန်းမှတ်ပုံတင်ပေါင်း ၂၁၅၈ ခုကို ဆောင်ရွက်ပေးပြီးဖြစ်ပါတယ်။ မှတ်ပုံတင်ပြုလုပ်ပေးတဲ့လုပ်ငန်းအမျိုးအစား ၁၃ မျိုးရှိပါတယ်၊ လုပ်ငန်းမှတ်ပုံတင်အများဆုံးပြုလုပ်ပေးရတာကတော့ စားသောက်ကုန်လုပ်ငန်းတွေပဲဖြစ်ပါတယ်" ဟု ဒေါ်ရီရီလှိုင်ကပြောသည်။

ထိုသို့ လုပ်ငန်းမှတ်ပုံတင်ပြုလုပ်ခြင်းဖြင့် MSME member အဖြစ် အသိအမှတ်ပြုခံရပြီး အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာနမှ နည်းပညာပိုင်းဆိုင်ရာအကူအညီ၊ အထောက်အပံ့များရရှိနိုင်ကြောင်း၊ လုပ်ငန်းများပိုမိုအောင်မြင်စေရန် လုပ်ငန်းသဘောသဘာဝတူညီသောမျိုးတူအစုအဖွဲ့များ ဖွဲ့စည်းဆောင်ရွက်နိုင်သည့်အပြင် လုပ်ငန်းတိုးချဲ့လုပ်ကိုင်နိုင်စေရန် နိုင်ငံတော်မှပံ့ပိုးကူညီသောချေးငွေများကိုလည်း ရရှိနိုင်ကြောင်း သိရသည်။

**ဆောင်းဦး**

## ထန်းတပင်မြို့နယ်၌ ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲနှင့်ပဲတီစိမ်းဧက ၆၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံစုံဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီး

**ထန်းတပင် နိုဝင်ဘာ ၃၀**

ပဲခူးတိုင်းဒေသကြီး တောင်ငူခရိုင်ထန်းတပင်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲနှင့် ပဲတီစိမ်း ဧက ၆၀၀၀၀ ကျော်နှင့် ဆီထွက်သီးနှံစုံ ဧက ၁၆၀၀၀ ကျော် စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။

ထန်းတပင်မြို့နယ်၌ ယခုနှစ် ဆောင်းသီးနှံစိုက်ပျိုးရာသီတွင် မတ်ပဲ ၄၁၇၂၉ ဧက၊ ပဲတီစိမ်း ၁၈၃၃၅ ဧက စုစုပေါင်း ၆၀၀၆၄ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ပြီး ဆီထွက်သီးနှံများဖြစ်သည့် မြေပဲဧက ၁၁၀၀၀၊ နှမ်းဧက ၁၅၇၀၊ နေကြာ ၃၅၁၄ ဧကနှင့် ပန်းနှမ်း ၃၁ ဧက စုစုပေါင်း ၁၆၁၁၅ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်၍ သီးနှံအလိုက် လျာထားချက်ပြည့်မီအောင်စိုက်ပျိုးနိုင်ခဲ့ကြောင်း သိရသည်။

အဆိုပါ ဒေသခံတောင်သူများစိုက်ပျိုးထားရှိသည့် ပဲမျိုးစုံနှင့်ဆီထွက်သီးနှံများ အထွက်နှုန်းတိုးတက်စေရေး စိုက်ပျိုးရေးဆိုင်ရာအသိပညာပေးလုပ်ငန်းများ၊ စိုက်ဧကများတိုးချဲ့စိုက်ပျိုးနိုင်ရေး၊ ကောင်းမွန်သည့် မျိုးကောင်းမျိုးသန့်များ ရွေးချယ်စိုက်ပျိုးနိုင်ရေးနှင့် သီးနှံများ ပိုးမွှားရောဂါကျရောက်မှုမရှိစေရေး စသည့်တောင်သူအသိပညာပေးလုပ်ငန်းများကိုလည်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**မောင်အောင်(ပြန်/ဆက်)**





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်အား နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြစဉ်။




ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များပက်ဖျန်းပေးစဉ်။

**❖ အာကာသပြတိုက်ကို ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့်သိပ္ပံဆိုင်ရာစိတ်ကူးစိတ်သန်းများကို နိုးကြားစေမည့်၊ ၎င်းတို့သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကိုကျော်လွန်ပြီး အာကာသနှင့်သိပ္ပံဆိုင်ရာအိပ်မက်အသစ်များကို မွေးဖွားပေးမည့်နေရာတစ်ခုဖြစ်လာစေရေးအတွက်ရည်ရွယ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ခြင်းဖြစ်. . .**

☆ **ရှေ့ဖုံးမှအဆက်**

သံရုံးယာယီတာဝန်ခံများ၊ ရန်ကုန်မြို့တော်ဝန်၊ ဖိတ်ကြားထားသည့် ဧည့်သည်တော်များ၊ ကျောင်းသား၊ ကျောင်းသူများတက်ရောက်ကြသည်။

ဦးစွာ နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌသည် ဖွင့်ပွဲအခမ်းအနားကျင်းပပြုလုပ်မည့်နေရာသို့ရောက်ရှိကြရာ နိုင်ငံတကာသံတမန်များ၊ တာဝန်ရှိသူများနှင့် ကျောင်းသား၊ ကျောင်းသူများက ခရီးဦးကြိုဆိုနှုတ်ဆက်ကြသည်။

ယင်းနောက် အာကာသပြတိုက်ဖွင့်ပွဲအခမ်းအနားကိုကျင်းပပြုလုပ်ရာ သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမျိုးသိန်းကျော်၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ Myanmar Space Agency အမှုဆောင်အရာရှိချုပ် ဒေါက်တာစိုးမြင့်မောင်နှင့် ရန်ကုန်မြို့တော်ဝန် ဦးဗိုလ်ဌေးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများက ပြတိုက်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး ပြတိုက်ကမ္ပည်းမော်ကွန်းအား အမွှေးနံ့သာရည်များဖြင့် ပက်ဖျန်းပေးသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ယခင်နက္ခတ်တာရာပြခန်းတွင် အသုံးပြုခဲ့သော GOTO Planetarim Analog Projection System အား ကြည့်ရှုလေ့လာကြသည်။

၎င်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် အာကာသပြတိုက်(ရန်ကုန်)ရှေ့တွင် မှတ်တမ်းတင်စုပေါင်းဓာတ်ပုံရိုက်ကူးကြသည်။

ထို့နောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့် အေးချမ်းသာယာရေး ကော်မရှင်ဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ပြတိုက်အတွင်းရှိ Deep Space Exploration ပြခန်း၊ Space Station ပြခန်း၊ ရုရှားဖက်ဒရေးရှင်းနိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ အိန္ဒိယနိုင်ငံနှင့် အမေရိကန်နိုင်ငံတို့မှ အာကာသတွင်းသို့ ခေတ်အဆက်ဆက်





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)ဖွင့်ပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားစဉ်။



ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်)အတွင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။

**❖ နိုင်ငံတော်အနေဖြင့် လူမှုစီးပွားဖွံ့ဖြိုးရေးကဏ္ဍများတွင် အာကာသနည်းပညာများကို ငြိမ်းချမ်းသောရည်ရွယ်ချက်ဖြင့် အသုံးချနိုင်ရေးအတွက် မြန်မာအာကာသအေဂျင်စီကို ဖွဲ့စည်းတာဝန်ပေးအပ်ခဲ့ပြီး နိုင်ငံတကာမိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်းကာ ရေတို/ရေရှည်စီမံကိန်းများသတ်မှတ်ပြီး စတင်အကောင်အထည်ဖော်ဆောင်ရွက်နေပြီဖြစ် . . .**

ဖော်ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း၊ ထို့အပြင် ခေတ်မီဖွံ့ဖြိုးတိုးတက်သည့် နိုင်ငံတော်တစ်ရပ်တည်ဆောက်ရာတွင် အာကာသသိပ္ပံပညာနှင့် အသုံးချနည်းပညာများသည် တစ်နေ့တခြား ပိုမိုအရေးပါလာသည်ဖြစ်သည့်အတွက် မိမိတို့နိုင်ငံတွင် အာကာသနည်းပညာများ ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်လာစေရေးအတွက်လည်း ရည်မှန်းချက်ထားပြီး ဆောင်ရွက်လျက်ရှိကြောင်း။

အာကာသပြတိုက်မှ ရရှိလာသည့် အာကာသနည်းပညာဆိုင်ရာစိတ်ကူးစိတ်သန်းများနှင့် လှုံ့ဆော်မှုများကြောင့် မြန်မာနိုင်ငံ၏ ခေတ်မီဖွံ့ဖြိုးတိုးတက်မှုကို အကျိုးပြုနိုင်မည့် အနာဂတ်၏အာကာသယာဉ်မှူးများ၊ သိပ္ပံပညာရှင်များ၊ အင်ဂျင်နီယာများနှင့် ကဏ္ဍအလိုက်ပညာရှင်များလည်းပေါ်ထွက်လာမည်ဟုယုံကြည်မိကြောင်း။

မိမိတို့အနေဖြင့် မြန်မာနိုင်ငံအစိုးရနှင့်ဂျပန်နိုင်ငံအစိုးရတို့ ၁၉၈၇ ခုနှစ်က ပူးပေါင်းတည်ဆောက်ခဲ့သည့် နက္ခတ်တာရာပြခန်းကို ယခုကဲ့သို့ အာကာသပြတိုက်အဖြစ် အဆင့်မြှင့်တင် တည်ဆောက်ပြုပြင်ခဲ့ခြင်းဖြစ်ပြီး ယခင်အသုံးပြုခဲ့သည့် စက်ပစ္စည်း

စာမျက်နှာ ၁၅ သို့ ☆

လွှတ်တင်ခဲ့သည့်ဒုံးပျံများနှင့် အာကာသယာဉ်ပုံစံငယ်များ၊ အာကာသတွင်းလှည့်ပတ်သွားလာလျက်ရှိသည့် ဂြိုဟ်တုပုံစံငယ်များ၊ ဒုံးပျံလွှတ်တင်ရေးစခန်းမှ ဒုံးပျံလွှတ်တင်မှုသရုပ်ပြသမှုများကို လိုက်လံကြည့်ရှုကြရာ တာဝန်ရှိသူများက ရှင်းလင်းတင်ပြကြသည်။

ယင်းနောက် နိုင်ငံတော်ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌက မိန့်ခွန်းပြောကြားရာ၌ ယနေ့တွင် အာကာသပြတိုက်(ရန်ကုန်)ကို အောင်မြင်စွာဖွင့်လှစ်နိုင်ခဲ့ပြီဖြစ်သဖြင့် မိမိတို့နိုင်ငံတွင်ရှိသည့် ကျောင်းသား/ကျောင်းသူ၊ မျိုးဆက်သစ်လူငယ်များအနေဖြင့် စာအုပ်များတွင်ဖတ်ခဲ့ရသည့်၊ ရုပ်သံများတွင် မြင်တွေ့ခဲ့ရသည့် အာကာသတွင်းစေလွှတ်မည့်ဒုံးပျံများ၊ အာကာသတွင်လှည့်ပတ်သွားလာမည့်ဂြိုဟ်တုများ၊ အာကာသတွင်းစူးစမ်းလေ့လာမည့် အာကာသယာဉ်နှင့်ယာဉ်မှူးများ၊ ဂြိုဟ်များ၊ နက္ခတ်တာရာများ အစရှိသည့် အာကာသဆိုင်ရာဗဟုသုတအကြောင်းအရာများကို ယခုပြတိုက်အတွင်း၌ တစုတစည်းတည်း စူးစမ်းလေ့လာခွင့်ရနိုင်တော့မည်ဖြစ်ကြောင်း။

အာကာသပြတိုက်ကို ကျွန်တော်တို့နိုင်ငံ၏ အနာဂတ်မျိုးဆက်သစ်လူငယ်များ၏ အာကာသနှင့်သိပ္ပံဆိုင်ရာ စိတ်ကူးစိတ်သန်းများကို နိုးကြားစေမည့်၊ ၎င်းတို့သင်ကြားနေသည့် ကျောင်းသင်ခန်းစာများကို ကျော်လွန်ပြီး အာကာသနှင့်သိပ္ပံဆိုင်ရာ အိပ်မက်အသစ်များကိုမွေးဖွားပေးမည့်နေရာတစ်ခုဖြစ်လာစေရေးအတွက်ရည်ရွယ်ပြီး အကောင်အထည်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် အာကာသပြတိုက်(ရန်ကုန်) အတွင်း ပြသထားမှုများကို လှည့်လည်ကြည့်ရှုစဉ်။



MYAWADY IN ENGLISH
www.myawady.net.mm DAILY EDITION E-mail:mwddailynewspapergroup@gmail.com

# Acting President of the Republic of the Union of Myanmar and SSPC Chairman Senior General Min Aung Hlaing opens Space Museum (Yangon)



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects the Space Museum (Yangon).




Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects the Space Museum (Yangon).

NAY PYI TAW November 30

Acting President of the Republic of the Union of Myanmar and Chairman of State Security and Peace Commission, Senior General Min Aung Hlaing inaugurated the Space Museum (Yangon) at the People's Square in Yangon this morning.

Also present at the ceremony were Commission Secretary and Joint Executive Chief General Ye Win Oo, Union ministers, the Yangon Region Chief Minister, senior military officers from the Office of the Commander-in-Chief, the commander of Yangon Command, ambassadors and Charge's d'Affaires ad interim from the People's Republic of China, the Russian Federation, India and Belarus, the Yangon mayor, guests and students.

On arrival at the venue where the ceremony will take place, the Senior General was welcomed by diplomats, officials and students.

At the ceremony, Yangon Region Chief Minister U Soe Thein, Union Minister for Science and Technology Dr Myo Thein Kyaw, Chief Executive Officer of Myanmar Space Agency Dr Soe Myint Maung and Yangon Mayor U Bo Htay cut the ribbon to open the Space Museum (Yangon).

The Senior General and attendees unveiled the signboard of the planetarium and sprinkled scented water on the plaque.

The Senior General observed the GOTO Planetarium Analog Projection System used in the previous planetarium.

The Senior General and attendees had documentary photos taken in front of the museum.

The Senior General and party visited the Deep Space Exploration booth, the Space Station booth, scale models of satellites and spacecrafts launched by the Russian Federation, India and the United States into the space in successive eras, running of the scale model satellites in the orbit, launching of the satellites from the space station and demonstrations at the museum. Officials conducted the Senior General and party round the museum.

In his speech, the Senior General said: With the successful opening of the Space Museum (Yangon) today, students and young people in the country now have the opportunity to explore, in an organized manner within the museum, topics related to space knowledge they have

See Page - 21►►



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing greeted by diplomats at the opening ceremony of the Space Museum (Yangon).



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing signs the guest book of the Space Museum (Yangon).

●● From Page - 21

and associations are making collective efforts for national economic development through export promotion.

As the progress of the production industry is important in promoting the national economy, apart from trade, the government is providing support and encouragement to improve the quality and quantity of local products for export substitution. As the UMFCCI is formed not only with entrepreneurs representing the trade sector, but also with involvement of the production entrepreneurs, it should exert more energy for production development.

The accomplishment of the UMFCCI in acquiring new friendly trade partners in the international business area is important for national economic development and the progress of the private sector, and this achievement is helpful for enhancing the entire private sector to reach the global level through the emergence of entrepreneurs with the ability to compete in the international markets. At the time when other countries are showing interest in Myanmar's geoeconomic opportunities, UMFCCI should strive to stand shoulder to shoulder with the international partner organizations and local associations.

Regarding the adoption of economic policies, the government is implementing them only after assessing the policies and guidelines that align with the prevailing changes. The understanding and cooperation of the private sector plays a vital role in successfully implementing the adopted policies and work programs. The government is always ready to overcome hardships and solve the problems private entrepreneurs face in practically materializing the policies and work programs. The private entrepreneurs should represent the majority in presenting their problems, policy suggestions sector wise. Only then will the government be able to look into the matter through necessary coordination.

In providing encouragement and support for national prosperity, domestic food sufficiency, MSME development, the State will exert efforts for ensuring cooperation between the government and the private sector, market development, acquiring new markets and market extension in accord with the section 35, which states, "The economic system of the Union is market economy system," of the Chapter I of the 2008 Constitution. The role of private sector will increase and become more important in the future business environment. So, priority must be given to seek means to operate the national economy based on the basic facts of the country and to operate regional economy based on its specific situations through discussions as it was mentioned at "the centenary of Myanmar economics".

He emphasized that the UMFCCI, as the national-level non-governmental leading organization representing the interests of private businesses, needs to actively cooperate and participate on behalf of the private sector in matters concerning the State's future policies, work processes, advice, technologies, current challenges, and priority issues, relevant to each sector and field. He urged that since the State-formed commissions and committees include executive members from the Federation; they should work towards the nation's economic development by offering beneficial suggestions and presentations from private sector entrepreneurs. Finally, he wished to convey that the affiliated associations representing various sectors and fields should also work together in unity and harmony under the leadership of the Federation of Chambers of Commerce and Industry.

He stated that the government and the private sector are mutually dependent and are working together to realize the nation's economic interests, noting that the private sector is a key driving force in the economic development of any country. He emphasized that greater harmony between the government and the private sector can be achieved by effectively implementing work processes—starting from the existing dialogue forums that bridge the government and the private sector—until tangible results emerge in the nation's development and public service sectors.

He observed that the attendance of officials from the State Government, international embassies, and international partner organizations at today's Meeting of the Union of Myanmar Federation of Chambers of Commerce and Industry reflects the robustness and credibility of Myanmar's private sector. He affirmed that foreign investments play an essential and vital role in striving for Myanmar's long-term sustainable and inclusive economic development by strengthening domestic economic sectors, creating employment opportunities, and facilitating the transfer of new technologies and good international business practices. He concluded by expressing his belief that international friends and partner organizations will be able to continue intensifying their cooperation in establishing a mutually beneficial investment environment in Myanmar.

He concluded by urging the attendees to continue cooperating with the State and striving for the nation's economic progress and prosperity for many years to come, reaching its golden and diamond jubilees, and to contribute exponentially to the development of the nation by becoming a robust, stable, and developed private sector.

The Senior General then gave supplementary remarks, stating that a nation's wealth is measured by its GDP, which is calculated using the agricultural, industrial, and service sectors, and noted that Myanmar's GDP remains weak. He emphasized that the agricultural sector is fundamental in Myanmar, and through the development of this sector, industry and services will also progress; since approximately 50 percent of the nation's population earns its livelihood from agriculture, prioritizing and promoting the agricultural sector will lead to the advancement of other economic sectors.

Regarding trade, he mentioned the categories of manufactured goods, above ground and underground resources, and garment products, and emphasized that in utilizing resources, they should focus on those that are renewable, such as the production of timber and bamboo, and aquatic products. He pointed out that export goods are only possible when there are produced goods, and that one of the three slogans set by the State is "Let us encourage production for prosperity of the Nation." Therefore, he stressed the need to promote production to enhance the nation's economy.

He stated that the nation's agricultural production remains weak, and if the target goals for cultivation are met, there will be an additional US$-8 billion income annually, and through multiple cropping, there will be approximately US$-12 billion more in earnings. He emphasized that by increasing production and exporting the goods, the nation would secure sufficient foreign currency, and therefore, he urged all to collectively strive to increase productivity.

Regarding the garment industry, he stated that it also needs to be further developed, noting that a United Nations report indicates that 46 percent of the nation's population is on the poverty list, which is primarily calculated based on the economy of the

See Page - 20 ●●

---

►► From Page - 21

believed that future astronauts, scientists, engineers, and specialists in various fields who can contribute to Myanmar's modern development will also emerge.

This involves the upgrading and renovation of the planetarium, which was jointly established by the governments of Myanmar and Japan in 1987, into a space museum. The previously used equipment, such as the Analog Projection System, has been replaced with modern equipment, including Digital Projection Systems. Additionally, interesting exhibition areas related to space and astronomy, space stations, and other space technology displays have been added and showcased.

As a nation, Myanmar has established the Myanmar Space Agency with the responsibility of applying space technology for peaceful purposes in the socio-economic development sectors. It has begun implementing short- and long-term projects in collaboration with international partner organizations. Opportunities will also be provided for young scientists of Myanmar to participate in such space technology initiatives together with partner organizations. For example, in September, as a concrete step, six young participants from Myanmar were sent to compete in the Open World Astronomy Olympiad (OWAO-25) held in Sirius, Russian Federation, and five young participants were sent to the International Olympiad on Climate Change and Environmental Issues (IOCE-2025), totalling 11 youths. They were able to compete appropriately according to the respective competitions and achieved success, winning awards and prizes for their accomplishments.

In today's era of technology, space and satellite technologies are rapidly advancing, and we can observe that countries are collaborating competitively in space research activities that can benefit humanity. The outcomes of such research—space science, applied technologies, and satellite technologies—are being effectively utilized across various national sectors, including defense, security, economy, transportation and communications, social services, healthcare, and education. Therefore, to enable the nation to keep pace internationally in these crucial fields of space science and technology, and to develop and apply them efficiently, it is essential to nurture, train, and educate the younger generation.

Today, with the successful opening of the large space museum, the younger generation will be able to participate and compete in the challenges and new opportunities of the modern space sector, nurturing their ideas and turning them into reality. It is also believed that, in the future, experts whom the nation can take pride in—research scientists, engineers, astronauts, specialists across various fields, and human resources—will emerge in the diverse areas of space utilization.

The Yangon Region Chief Minister presented commemorative gifts to the Senior General as well as diplomats.

The Senior General and attendees watched a dome video clip on the space and planetarium.

After the ceremony, the Senior General and diplomats signed the guest book of the museum.

The Space Museum (Yangon) is located at the People's Park in Yangon. The former planetarium was upgraded and renovated to meet modern standards and reopened as the Space Museum (Yangon). Inside the museum, visitors can explore the Deep Space Exploration exhibit, the Space Station exhibit, and displays on rockets launched into space, orbiting satellites, spacecraft and astronauts exploring space, planets, constellations, and other space-related topics.

100

# 276 buildings used in online scams and gambling in KK Park Area demolished, 119 illegal buildings in Shwe Kokko Area sealed off, confiscated

Before Demolition. After Demolition.



C-2 four-storey residential building illegally constructed in the KK Part Area (Part-3).

NAY PYI TAW November 30

The Government of the Republic of the Union of Myanmar has continued to systematically raid and destroy seized online gambling and scamming devices and illegal buildings in the Shwe Kokko and KK Park areas with inter-departmental officials including local security forces, authorities and local departmental officials.

In doing so, three two-storey buildings and three four-storey buildings, totalling six buildings today in Myawady-Maehtawthalay (KK Park-Part-3), and 128 out of 425 illegal buildings in the part-3 area and 276 out of 635 illegal buildings in the KK Park Area have been demolished so far.



A document for detaining illegal foreigners in the Shwe Kokko Area in Myawady Township in Kayin State (30-11-2025).
A raid against a one-storey building suspected of accommodating illegal foreigners.



A document for the sealing off illegal buildings in the Shwe Kokko Area in Myawady Township in Kayin State (30-11-2025).
A documentary photograph showing the sealing off of an illegal building.

Similarly, clearance operations have been conducted since 18 November in the Shwe Kokko Area and today, 98 buildings were inspected including four one-storey buildings, 63 two-storey buildings, 17 three-storey buildings, three four-storey buildings, four five-storey buildings, one six-storey building, two seven-storey buildings, two nine-storey buildings, one 16-storey building and one 19-storey building used as residential ones, warehouses, stadiums, generator rooms, shops, storage facilities and servant quarters but no online scammers were found and it was learnt that they had taken all their devices for online scams and gambling with them.

Furthermore, buildings used in online scams in the Shwe Kokko Area have been investigated since 18 October and 140 of them have been investigated and 18 of them were sealed off today to prevent them for being used again, totalling 119 out of them have been sealed off and confiscated.

According to clearance operations in the Shwe Kokko Area, a total of 1,954 foreigners, who had entered Myanmar illegally, were detained, 3,310 computer sets, 21,870 mobile phones, 102 Starlink receivers, 22 routers and a lot of accessories were seized and properly destroyed and plans are underway to continue to expose the cases.

From 30 January to 30 November, 2025, a total of 12,945 foreigners, who entered Myanmar illegally, were detained and all of them were investigated. A total of 10,029 of them have been handed over to their relevant countries through Thailand in accordance with the law, rules and regulations. The remaining 2,916 foreigners are underway to be handed over to their relevant countries and they are kept properly.

The government has continued to coordinate with domestic forces as well as neighbouring governments not to allow online scams and gambling to take root in Myanmar as a national responsibility.

100

●● From Page - 19

rural population. Therefore, he stressed the need to increase the yield of agricultural products to boost the economy of the rural population, which would lead to an improved economy and higher living standards for rural residents, resulting in better supply and demand. He urged industrialists to collectively assist in elevating the rural economy and the living standards of the people there.

He observed that there are weaknesses in some areas regarding trade tax and affirmed that they are making every effort to optimize the trade tax system. He also stated that they have systematically managed foreign currency since they first took responsibility, and that there are plans to reduce tax rates soon. He assured that they are striving to achieve the best outcome for the nation's economy, while simultaneously urging the Union of Myanmar Federation of Chambers of Commerce and Industry to conduct their businesses with honesty and integrity.

He stated that there is a need to work toward further progress in agriculture and livestock, increase the per-acre yields, and cultivate high-value crops, noting that Paw San Hmwe rice and coffee already have international markets. He urged all to collectively strive to produce goods that can secure foreign markets, emphasizing that the UMFCCI represents the entire country and can drive national economic development. Therefore, he stressed the imperative to increase production and conduct business with integrity, asking that when producing and selling goods, they ensure correct pricing and guarantee the quality of the products. He highlighted that **reducing poverty within the country is a matter of national dignity,** and thus, **all must cooperate to elevate the national economy to satisfy this requirement,** primarily by increasing public purchasing power. He explained that by increasing the production of goods, supply and demand will become balanced, which will allow for the control of high commodity prices, and he stressed the need to sell essential goods for the public's livelihood at correct prices. He concluded by asserting that the nation will only develop when its economy is sound, and therefore, everyone must cooperate to enhance the economy by increasing productivity.

Subsequently, the President of the UMFCCI delivered a welcoming speech. Following that, the General Secretary read and presented the 2024-2025 Annual Report and Financial Statement.

Then, the Senior General, along with the guests and executive members of the UMFCCI, took a group commemorative photograph.

The report concluded that the Senior General and his delegation, then proceeded to tour and encourage each of the exhibition booths displayed at the 34th annual plenary session of the UMFCCI.

100

# Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing addresses 34th annual plenary session of Union of Myanmar Federation of Chambers of Commerce and Industry

NAY PYI TAW November 30

Union of Myanmar Federation of Chambers of Commerce and Industry held its 34th annual plenary session at National Theatre in Yangon this afternoon, addressed by Acting President of the Republic of the Union of Myanmar, Chairman of State Security and Peace Commission, Senior General Min Aung Hlaing.

Also present at the meeting were SSPC Secretary Joint Executive Chief General Ye Win Oo, union ministers, senior military officers from the Office of the Commander-in-Chief, the Yangon Region Chief Minister, the Yangon Command commander, deputy ministers, officials of UMFCCI, executive committee members, affiliated associations, diplomats, partners organizations, UMFCCI members and officials.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing delivers an address at the 34th annual plenary session of Union of Myanmar Federation of Chambers of Commerce and Industry.



Acting President of the Republic of the Union of Myanmar, Chairman of the State Security and Peace Commission, Senior General Min Aung Hlaing inspects exhibition booths at the 34th annual plenary session of Union of Myanmar Federation of Chambers of Commerce and Industry.

In his address, the Senior General expressed pleasure to meet all the UMFCCI members at the 34th annual plenary session of the federation, honouring and recognizing its ongoing efforts for the progress of private sector.

He said initially, it was founded in 1919 by patriotic nationality traders as "the Burmese Chamber of Commerce," with the conviction that "only a robust economy can ensure national sustainability." In 1999, it was reformed as UMFCCI, with the participation of affiliated associations that represented the relevant sectors. In addition to its over 100 years of existence, it is a National Apex Organization, recognized by the successive governments as the main partner organization.

In realizing the objective of the National Defence and Security Council "To ensure development of the agriculture sector, which plays vital role in the national economy, the growth of socio-economic life of the people will be achieved through the development of Agro-based industries" included in its four objectives, the efforts of private entrepreneurs in cooperation with the relevant ministries is important, and additionally, the involvement UMFCCI and its affiliated association also plays the pivotal role in this matter. The relevant organizations

See Page - 19 ●●

►► From Page - 18

read about in books or seen on television. This includes rockets launched into space, satellites orbiting in space, spacecraft and astronauts exploring space, planets, constellations, and other space-related subjects.

The space museum was established with the aim of inspiring the next generation of young people in our country to develop an interest in space and science. It is intended to go beyond the lessons they learn in classrooms and serve as a place where new dreams related to space and scientific exploration can be born. In addition, as space science and its practical applications are becoming increasingly important in building a modern, developed nation, the museum also aims to ensure that space technologies in our country continue to advance in line with the times.

Due to the ideas and inspiration gained from the space museum regarding space technology, it is

See Page - 19►►



Yangon Region Chief Minister U Soe Thein, Union Minister for Science and Technology Dr Myo Thein Kyaw, Chief Executive Officer of Myanmar Space Agency Dr Soe Myint Maung and Yangon Mayor U Bo Htay cut the ribbon to open the Space Museum (Yangon).

# KK Park နယ်မြေအတွင်းရှိ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုများကျူးလွန်ရာတွင်အသုံးပြုသည့် အဆောက်အအုံ ၂၇၆ လုံး ဖြိုချဖျက်ဆီးပြီးစီး၊ ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်

နေပြည်တော် နိုဝင်ဘာ ၃၀

မြန်မာနိုင်ငံအစိုးရအနေဖြင့် အွန်လိုင်းလိမ်လည်မှုများနှင့်အွန်လိုင်းလောင်းကစားမှုများ အများဆုံးအခြေချလုပ်ကိုင်လျက်ရှိကြသည့် ရွှေကုက္ကိုလ်နယ်မြေနှင့် KK Park နယ်မြေများ၌ လုံခြုံရေးတပ်ဖွဲ့ဝင်များ၊ အုပ်ချုပ်ရေးအဖွဲ့အစည်းများနှင့်ဒေသတွင်းတာဝန်ရှိသူများအပါအဝင်အဖွဲ့စုံပါဝင်သည့် ပူးပေါင်းအဖွဲ့ဖြင့် တရားမဝင်အဆောက်အအုံများအတွင်း ဝင်ရောက်ရှင်းလင်းခြင်း၊ အွန်လိုင်းလိမ်လည်လောင်းကစားမှုလုပ်ငန်းစဉ်များတွင်အသုံးပြုခဲ့သည့် သိမ်းဆည်းရမိပစ္စည်းများနှင့် တရားမဝင်အဆောက်အအုံများအား စနစ်တကျဖြိုချဖျက်ဆီးခြင်းများ ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် မြဝတီ-မဲ့ထော်သလေး (KK Park) အပိုင်း (၃) နယ်မြေအတွင်းရှိတရားမဝင်အဆောက်အအုံများဖြစ်သော ၂ ထပ်အဆောက်အအုံ ၃ လုံး၊ ၄ ထပ်အဆောက်အအုံ ၃ လုံး စုစုပေါင်း တရားမဝင်အဆောက်အအုံ ၆ လုံးကို ထပ်မံဖြိုချဖျက်ဆီးခဲ့သဖြင့် အပိုင်း(၃)နယ်မြေအတွင်းရှိ အဆောက်အအုံ ၄၂၅ လုံးအနက် ယနေ့အထိ ၁၂၈ လုံး ဖြိုချဖျက်ဆီးခဲ့ကြောင်းနှင့် KK Park နယ်မြေအတွင်းရှိ တရားမဝင်အဆောက်အအုံ စုစုပေါင်း ၆၃၅ လုံး အနက် ၂၇၆ လုံးကို ဖြိုချဖျက်ဆီးပြီးဖြစ်ကြောင်း သိရှိရသည်။

အလားတူ ရွှေကုက္ကိုလ်နယ်မြေအတွင်း၌လည်း ရှင်းလင်းဖော်ထုတ်မှုများကို နိုဝင်ဘာလ ၁၈ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ

**စာမျက်နှာ ၂၃ သို့ →**




**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် နိုက်ကလပ် အဆောက်အအုံ**

မဖြိုဖျက်မီ




ဖြိုဖျက်ပြီး



**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၂) ထပ် ဈေးဝယ်စင်တာ အဆောက်အအုံ**

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄) ထပ် လူနေ အဆောက်အအုံ**

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး



**KK Park နယ်မြေအပိုင်း(၃)တွင် တရားမဝင် ဆောက်လုပ်ထားသည့် (၄) ထပ် တိုက်အမှတ်(C 5)လူနေ အဆောက်အအုံ**

မဖြိုဖျက်မီ



ဖြိုဖျက်ပြီး







အွန်လိုင်းလိမ်လည်မှုများဆောင်ရွက်ရာတွင် အသုံးပြုခဲ့သည့်အဆောက်အအုံများအား ချိပ်ပိတ်သိမ်းဆည်းမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၂ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၆ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။





တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၃ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကိုတွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၇ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများထားရှိနိုင်သည့် ၉ ထပ်တိုက်အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။



တရားမဝင် နိုင်ငံခြားသားများ ထားရှိနိုင်သည့် ၁၉ ထပ်တိုက် အဆောက်အအုံအား ဝင်ရောက်ရှင်းလင်းနေမှုကို တွေ့ရစဉ်။

**→ စာမျက်နှာ ၂၂ မှအဆက်**

ယနေ့တွင်လည်း ရွှေကုက္ကိုလ်နယ်မြေအတွင်းရှိ လူနေအဆောက်အအုံများ၊ ဂိုဒေါင်များ၊ အားကစားရုံများ၊ မီးစက်ရုံများ၊ ဈေးဆိုင်ခန်းများ၊ စတိုခန်းများနှင့် အလုပ်သမားတန်းလျားများဖြစ်သော ၁ ထပ်အဆောက်အအုံ ၄ လုံး၊ ၂ ထပ်အဆောက်အအုံ ၆၃ လုံး၊ ၃ ထပ်အဆောက်အအုံ ၁၇ လုံး၊ ၄ ထပ်အဆောက်အအုံ ၃ လုံး၊ ၅ ထပ်အဆောက်အအုံ ၄ လုံး၊ ၆ ထပ်အဆောက်အအုံ ၁ လုံး၊ ၇ ထပ်အဆောက်အအုံ ၂ လုံး၊ ၉ ထပ်အဆောက်အအုံ ၂ လုံး၊ ၁၆ ထပ်အဆောက်အအုံ ၁ လုံးနှင့် ၁၉ ထပ်အဆောက်အအုံ ၁ လုံး၊ စုစုပေါင်း တရားမဝင်အဆောက်အအုံ ၉၈ လုံးတို့ကို ထပ်မံစစ်ဆေးခဲ့ရာ အွန်လိုင်းလိမ်လည်မှုနှင့် လောင်းကစားမှုလုပ်ငန်းများလုပ်ကိုင်နေသူများကို တွေ့ရှိရခြင်းမရှိဘဲ လုပ်ငန်းလုပ်ဆောင်ရာတွင်အသုံးပြုသည့်ပစ္စည်းများကိုလည်း တစ်ပါတည်းဖြုတ်သိမ်းယူဆောင်သွားခဲ့ကြောင်း သိရှိရသည်။

ထို့ပြင် ရွှေကုက္ကိုလ်နယ်မြေအတွင်း အွန်လိုင်းလိမ်လည်မှုများလုပ်ဆောင်ရာတွင် အသုံးပြုခဲ့သည့် အဆောက်အအုံများအား နိုဝင်ဘာလ ၁၈ ရက်မှ စတင်စစ်ဆေးခဲ့ရာ ယနေ့အထိ တရားမဝင်အဆောက်အအုံ ၁၄၀ လုံးကိုစစ်ဆေးတွေ့ရှိရပြီး အဆိုပါအဆောက်အအုံများကိုပြန်လည်အသုံးပြုမှု မရှိစေရေးအတွက် သိမ်းဆည်းချိပ်ပိတ်ခြင်းများကို ဆက်လက်ဆောင်ရွက်လျက်ရှိရာ ယနေ့တွင် တရားမဝင်အဆောက်အအုံ ၁၈ လုံးကို ထပ်မံချိပ်ပိတ်သိမ်းဆည်းနိုင်ခဲ့ပြီး တရားမဝင်အဆောက်အအုံ စုစုပေါင်း ၁၁၉ လုံး ချိပ်ပိတ်သိမ်းဆည်းပြီးဖြစ်ကြောင်း သိရှိရသည်။

ရွှေကုက္ကိုလ်နယ်မြေအတွင်း စုစုပေါင်း ဖော်ထုတ်ရှင်းလင်းမှုများအရ ယနေ့အထိ မြန်မာနိုင်ငံအတွင်းသို့တရားမဝင်ဝင်ရောက်နေထိုင်သည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၉၅၄ ဦးနှင့် အွန်လိုင်းလိမ်လည်လောင်းကစားမှုကျူးလွန်ရာတွင် အသုံးပြုသည့် ကွန်ပျူတာ ၃၃၁၀ လုံး၊ မိုဘိုင်းဖုန်း ၂၁၈၇၀ လုံး၊ Star Link ဘန်း ၁၀၂ လုံး၊ Router ၂၂ လုံးနှင့် လုပ်ငန်းသုံးပစ္စည်းအများအပြားကို စိစစ်တွေ့ရှိဖမ်းဆီးရမိခဲ့ပြီး သိမ်းဆည်းရမိပစ္စည်းများအား စနစ်တကျဖျက်ဆီးရှင်းလင်းခဲ့ကြောင်းနှင့် ဖော်ထုတ်ရှင်းလင်းခြင်းများကိုဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရှိရသည်။

၂၀၂၅ ခုနှစ်၊ ဇန်နဝါရီလ ၃၀ ရက်မှ နိုဝင်ဘာလ ၃၀ ရက်အထိ မြန်မာနိုင်ငံအတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၂၉၄၅ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ကြောင်း၊ ၎င်းတို့အနက်မှ ၁၀၀၂၉ ဦးကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေလုပ်ထုံးလုပ်နည်းနှင့်အညီ စနစ်တကျပြည်နှင်လွှဲပြောင်းပေးခဲ့ပြီး ကျန်ရှိသည့်ပြည်ပနိုင်ငံသား ၂၉၁၆ ဦးကို သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာထိန်းသိမ်းစောင့်ရှောက်ထားရှိကြောင်း သိရှိရသည်။

နိုင်ငံတော်အစိုးရအနေဖြင့် Online လိမ်လည်လောင်းကစားမှုကျူးလွန်မှုများကို အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် ခံယူကာ မြန်မာနိုင်ငံအတွင်း လုံးဝအခြေမပြုနိုင်ရေး ပြည်တွင်းအင်အားစုများအပြင် အိမ်နီးချင်းနိုင်ငံအစိုးရများနှင့်လည်း ပေါင်းစပ်ညှိနှိုင်း၍ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။ (၁၀၀)

# မန္တလေးငလျင်ကြီးကြောင့်ပျက်စီးခဲ့သည့် ကမ်းနားလမ်းတစ်လျှောက် လမ်းပိုင်းပြုပြင်တည်ဆောက်ခြင်းလုပ်ငန်း မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ကြည့်ရှုစစ်ဆေး



မန္တလေး နိုဝင်ဘာ ၃၀

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် မန္တလေးငလျင်ကြီးကြောင့်ပျက်စီးခဲ့သည့်အမရပူရမြို့နယ်နှင့် ချမ်းမြသာစည်မြို့နယ်တို့ရှိ မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီ ရေဆိုးစုပ်ထုတ်စက်ရုံအမှတ်(၂)(ရွှေခဲ)နှင့် ရှမ်းကလေးကျွန်းအကြား မြို့ပတ်လမ်း(ကမ်းနားလမ်း) လမ်းပိုင်းပျက်စီးမှုအားပြင်ဆင်နေမှု၊ လမ်းလယ်ကျွန်းများပြုပြင်နေမှုကို ကြည့်ရှုစစ်ဆေးသည်။

ကြည့်ရှုစစ်ဆေးစဉ် တိုင်းဒေသကြီးဝန်ကြီးချုပ်အား တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီးနှင့် တာဝန်ရှိသူများက လမ်းလွှာတည်ဆောက်မည့်အောက်အနက် ၄ ပေအတွင်းမြေလွှာလျှောပြတ်ပြီး ပပ်ကြားအက်ကွဲဖြစ်ပေါ်နေသည့် မြေများဖယ်ရှား၍ လမ်းအောက်ခံမြေသား သတ်မှတ်ရာခိုင်နှုန်းရရှိရန် အလွှာလိုက်ခင်းကြိတ်ခြင်း၊ Liquefaction၊ Sand Boil နှင့် Ground Crack ဖြစ်ပေါ်နေသောအပိုင်းများတွင် မြေသားအားဖြည့်လွှာအဖြစ် Geo Material များအသုံးပြုခြင်းခြင်း၊ လမ်းလယ်ကျွန်းဧရိယာအတွင်း မလွတ်ကင်းသည့်သစ်ပင်များရွှေ့ပြောင်း၍ သတ်မှတ်ရေထုတ်မြောင်းစနစ်ထည့်သွင်းခြင်းနှင့် လမ်းလယ်ကျွန်းပြန်လည်ပြုပြင်တည်ဆောက်ခြင်း စသည့်ပြန်လည်ပြုပြင်တည်ဆောက်ခြင်းလုပ်ငန်းစဉ်များအားရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လမ်းအသုံးပြုသူများအခက်အခဲမရှိချောမွေ့စွာသွားလာနိုင်ရေး အမြန်ဆုံးဆောင်ရွက်သွားရန်နှင့် ရေရှည်တည်တံ့စေရန် လုပ်ငန်းအရည်အသွေး စံချိန်စံညွှန်းပြည့်မီရေး အလေးထားကြပ်မတ်ဆောင်ရွက်သွားရန် လိုအပ်ကြောင်းပြောကြားပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဖြည့်ဆည်းဆောင်ရွက်ပေးကာ လုပ်ငန်းဆောင်ရွက်နေမှုများကို လိုက်လံကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

မြဝတီ

# နည်းပညာတက္ကသိုလ်(သန်လျင်)၊ အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)၊ အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)တို့ကို ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျ ကြည့်ရှုစစ်ဆေး

နေပြည်တော် နိုဝင်ဘာ ၃၀

သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဒေါက်တာအောင်ဇေယျသည် အဆင့်မြင့်သိပ္ပံနှင့် နည်းပညာဦးစီးဌာနညွှန်ကြားရေးမှူးချုပ်နှင့်အတူ ယမန်နေ့နံနက်ပိုင်းက နည်းပညာတက္ကသိုလ်(သန်လျင်)သို့ ရောက်ရှိပြီး ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်၊ ဌာနမှူးများနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် သီလဝါအထူးစီးပွားရေးဇုန်နှင့် ဒေသတွင်း MSME များ ဖွံ့ဖြိုးရေးဆိုင်ရာ နည်းပညာလိုအပ်ချက်များကို အမှန်တကယ်ပံ့ပိုးပေးနိုင်ရေးအတွက် University-Industry Collaboration မြှင့်တင်ဆောင်ရွက်ရင်း နိုင်ငံ့အကျိုးပြုသုတေသနများဖြင့် ရှင်သန်သက်ဝင်နေစေရေး ကြိုးပမ်းဆောင်ရွက်သွားရန် တိုက်တွန်းမှာကြားပြီးလိုအပ်သည်များကိုဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ယင်းနောက် ဒုတိယဝန်ကြီးသည် ကျောင်းသား၊ ကျောင်းသူများနှင့်ရင်းရင်းနှီးနှီးတွေ့ဆုံမှာကြားကာ သုတ/ရသ




စာအုပ်များကိုပေးအပ်ပြီး ရေနံအင်ဂျင်နီယာဌာနတွင် စာသင်ခန်း၊ စာကြည့်တိုက်၊ Seminar ခန်း၊ ကွန်ပျူတာခန်း၊ လက်တွေ့စမ်းသပ်ခန်းများ၊ လက်တွေ့ပစ္စည်းကိရိယာများကို သတ်မှတ်စံနှုန်းများနှင့်အညီ စနစ်တကျ ဖြည့်ဆည်းထားရှိမှုများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် အစိုးရစက်မှုလက်မှုသိပ္ပံ(သန်လျင်)သို့ရောက်ရှိရာ ကျောင်းအုပ်ကြီးက ဒီဇင်ဘာလ ၁ ရက်တွင်ဖွင့်လှစ်မည့် ပထမနှစ်သင်တန်းများအတွက် ပြင်ဆင်ထားရှိမှုများ၊ သီလဝါအထူးစီးပွားရေးဇုန်ရှိ လုပ်ငန်းရှင်များနှင့်ပူးပေါင်းဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက ပြင်ပစက်မှုလုပ်ငန်းရှင်များနှင့် ပူးပေါင်းဆောင်ရွက်နေမှုများကို အရှိန်အဟုန်မြှင့်တင်ကာ သင်တန်းများကို သတ်မှတ်စံနှုန်းများအတိုင်း စဉ်ဆက်မပြတ်ဖွင့်လှစ်နိုင်ရေး အလေးထားဆောင်ရွက်သွားရန်တိုက်တွန်းမှာကြားကာ အလုပ်ရုံများသို့သွားရောက်၍ လက်တွေ့ပြိုင်ပွဲများတွင် ကျောင်းသားများဆုရရှိသည့် သုတေသနပရောဂျက်များ၊ လက်တွေ့သုံးစက်ပစ္စည်းကိရိယာများ တပ်ဆင်ထားရှိမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များမှာကြားသည်။

မွန်းလွဲပိုင်းတွင် အစိုးရနည်းပညာကောလိပ်(တောင်ဒဂုံ)သို့ ရောက်ရှိပြီး ဝန်ထမ်းများနှင့် ရင်းရင်းနှီးနှီးတွေ့ဆုံ၍ ကျောင်းအုပ်ကြီးက လက်ရှိဖွင့်လှစ်လျက်ရှိသော လျှပ်စစ်စွမ်းအား၊ မြို့ပြနှင့်စက်မှုအင်ဂျင်နီယာဘာသာရပ်များဆိုင်ရာ B.Tech သင်တန်းများ ဖွင့်လှစ်နေမှုအခြေအနေ၊ ၂၀၂၆-၂၀၂၇ ပညာသင်နှစ်တွင် ထပ်မံတိုးချဲ့ဖွင့်လှစ်မည့်သင်တန်းများ၊ ဒေသတွင်း စက်မှုဇုန်ခြောက်ဇုန်တို့မှ တာဝန်ရှိသူများနှင့် ပူးပေါင်းဆောင်ရွက်နိုင်ရေးအတွက် ကနဦးစစ်တမ်းကောက်ယူခြင်းများဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ ဒုတိယဝန်ကြီးက လူငယ်များ၏အလုပ်အကိုင်အခွင့်အလမ်းကောင်းများကို အမှန်တကယ်ဖော်ဆောင်ပေးနိုင်မည့် ပုံမှန်နှင့်ကာလတိုသင်တန်းများကို ရလဒ်အခြေပြုသင်ကြားရေးစနစ်ဖြင့် ပိုမိုပြင်ပြင်ဖွင့်လှစ်ဆောင်ရွက်သွားရန် တိုက်တွန်းပြောကြားပြီး သုတ/ရသစာအုပ်များကို ပေးအပ်ကာ အလုပ်ရုံများကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

အစိုးရနည်းပညာကောလိပ်များတွင် အစိုးရနည်းပညာအထက်တန်းကျောင်းများနှင့် အခြေခံပညာနှင့်စက်မှု-စိုက်ပျိုး-မွေးမြူရေးအထက်တန်းကျောင်းများမှ စက်မှုနည်းပညာဘာသာရပ် ပြီးမြောက်သူများအနက် သတ်မှတ်အဆင့်မီပါက ပထမနှစ်သင်တန်းများသို့ ပေါင်းကူးအနေဖြင့်လည်းကောင်း၊ အစိုးရစက်မှုလက်မှုသိပ္ပံများမှ သင်တန်းပြီးမြောက်သူများအနက်သတ်မှတ်အဆင့်မီပါက တတိယနှစ်သင်တန်းများသို့ ပေါင်းကူးအနေဖြင့်လည်းကောင်း တက်ရောက်ခွင့်ရရှိမည်ဖြစ်ကြောင်း သိရသည်။

မြဝတီ

# နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အသင်းနှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကျင်းပ



နေပြည်တော် နိုဝင်ဘာ ၃၀

နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်း အသင်းနှစ်ပတ်လည် အသင်းသားစုံညီ ညီလာခံကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ် ပုဂံခန်းမ၌ကျင်းပသည်။

အသင်းသားစုံညီ ညီလာခံသို့မြန်မာနိုင်ငံအင်ဂျင်နီယာများအသင်းချုပ်၊ မြန်မာနိုင်ငံမြို့ပြအင်ဂျင်နီယာများအသင်းနှင့်မြန်မာအပြည်ပြည်ဆိုင်ရာအတိုင်ပင်ခံအင်ဂျင်နီယာများအဖွဲ့တို့တွင် ဗဟိုကော်မတီဝင် ဦးဘငြိမ်း၊ နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာ လုပ်ငန်းရှင်အသင်းချုပ်ဥက္ကဋ္ဌ ဦးမျိုးသီဟအောင်၊ အသင်းချုပ်ဒုတိယဥက္ကဋ္ဌ ဦးကျော်ကျော်ဦး၊ အထွေထွေအတွင်းရေးမှူး၊ အသင်းဘဏ္ဍာရေးအတွင်းရေးမှူး၊ အသင်းသား၊ အသင်းသူများ စုံညီစွာတက်ရောက်ကြသည်။

ဦးစွာ နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းချုပ် ဒုတိယဥက္ကဋ္ဌက အဖွင့်အမှာစကားပြောကြားပြီး အသင်းဥက္ကဋ္ဌ က အစီရင်ခံစာကိုဖတ်ကြားသည်။

ထို့နောက်နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းဘဏ္ဍာရေးအတွင်းရေးမှူးကနှစ်ချုပ်စာရင်းရှင်းတမ်းနှင့်စာရင်းစစ်အစီရင်ခံစာကို ဖတ်ကြားတင်ပြပြီး EC/CEC များ နုတ်ထွက်ခြင်း၊ Commissioner များနှင့် မိတ်ဆက်ခြင်းများဆောင်ရွက်ကြသည်။

ယင်းနောက် Commissioner ရွေးချယ်တင်မြှောက်ခြင်း၊ စည်းကမ်းချက်များဖတ်ကြားခြင်း၊ EC/CEC များ ကြေညာအတည်ပြုခြင်း၊ နေပြည်တော်ဆောက်လုပ်ရေးဆိုင်ရာလုပ်ငန်းရှင်များအသင်းမှ ရွေးချယ်တင်မြှောက်ခြင်းခံရသည့် EC/CEC များက တစ်ဦးချင်း မိတ်ဆက်စကားပြောခြင်း၊ အသင်းချုပ်၏ ဆောင်ရွက်ချက်များကို ရှင်းလင်းခြင်းတို့ကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြဝတီ

| မြို့ | အနိမ့်ဆုံး/ အမြင့်ဆုံးအပူချိန် |
|---|---|
| နေပြည်တော် | ၁၄˚c / ၂၉˚c |
| ရန်ကုန် | ၁၆˚c / ၃၀˚c |
| မန္တလေး | ၁၅˚c / ၃၀˚c |

လျှပ်စစ်မီးကို ချွေတာသုံးစွဲပါ

အဖိုးတန်ရေချိုကို ချွေတာကြပါစို့

## နယူးဟော်လန်က မီသိန်း-လျှပ်စစ်စနစ်သုံး လယ်ယာသုံးဝန်ချီစက်အသစ်ကို မိတ်ဆက်



နယူးဟော်လန်ကုမ္ပဏီက စိုက်ပျိုးရေးလုပ်ငန်းအတွက် ဒီဇယ် သို့မဟုတ် သန့်စင်လျှပ်စစ်စွမ်းအင်ကိုအားမကိုးဘဲ မီသိန်းစွမ်းအင်နဲ့ အလုပ်လုပ်တဲ့ လယ်ယာသုံးဝန်ချီစက်အသစ်ကို မကြာသေးမီက မိတ်ဆက်ခဲ့ပါတယ်။ ဒီစက်ဟာ လျှပ်စစ်စွမ်းအင်သုံးမောင်းနှင်မှုစနစ်နဲ့ Fiat Powertrain ရဲ့ မီသိန်းစွမ်းအင်သုံးအင်ဂျင်ကို ပေါင်းစပ်ကာ အသုံးပြုထားပါတယ်။

လယ်သမားတွေဟာ ဝက်၊ နွား၊ ကြက် စတဲ့ မွေးမြူရေးတိရစ္ဆာန်တွေရဲ့စွန့်ပစ်ပစ္စည်းတွေနဲ့ စားကြွင်းစားကျန်တွေကို အသုံးပြုပြီးထွက်လာတဲ့ ဇီဝဓာတ်ငွေ့ကနေ ဒီစက်အတွက် လောင်စာကို ရယူတာဖြစ်ပါတယ်။ မီသိန်းစနစ်က ဘက်ထရီကို အားပြန်သွင်းပေးသူအဖြစ် အဓိကအသုံးပြုတာကြောင့် ပုံမှန်လျှပ်စစ်စွမ်းအင်သုံးစက်တွေလိုမျိုး အားကုန်တာကို စိုးရိမ်စရာမလိုဘဲ အချိန်ကြာကြာ အသုံးပြုနိုင်ပါတယ်။

စမ်းသပ်မှုတွေအရ ဒီလိုပေါင်းစပ်စနစ်ဟာ ရိုးရိုးဒီဇယ်သုံးဝန်ချီစက်တွေထက် စွမ်းအင်သုံးစွဲမှုကို ၇၀ ရာခိုင်နှုန်းအထိ လျှော့ချပေးပြီး စွမ်းဆောင်ရည်ကို ၃၀ ရာခိုင်နှုန်းအထိ ပိုမိုတိုးတက်စေပါတယ်။ ဒါဟာ စိုက်ပျိုးရေးကဏ္ဍမှာ ကာဗွန်ထွက်ရှိမှုကို လျှော့ချဖို့နဲ့ သန့်ရှင်းစွမ်းအင်ကို ကိုယ်တိုင်ထုတ်လုပ်သုံးစွဲနိုင်ဖို့ ရည်ရွယ်ထားတဲ့ ကုမ္ပဏီရဲ့ "Clean Energy Leader"မဟာဗျူဟာကို ဆက်လက်ဖော်ဆောင်ခြင်းသာဖြစ်တယ်လို့ ကုမ္ပဏီတာဝန်ရှိသူတွေက ပြောထားပါတယ်။

**Ref: IE**

**ကိုထက်**

## သံချပ်ကာတပ်မဟာတိုက်ခိုက်ရေးအဖွဲ့များအတွက် မရှိမဖြစ်လိုအပ်လာမယ့် M2A4 ခြေလျင်သုံးတိုက်ယာဉ်များ




အမေရိကန်တပ်မတော်က သံချပ်ကာတပ်မဟာတိုက်ခိုက်ရေးအဖွဲ့များအတွက် မရှိမဖြစ်လိုအပ်လာမယ့် M2A4 ခြေလျင်တိုက်ယာဉ်များထုတ်လုပ်ဖို့ BAE Systems ကုမ္ပဏီနဲ့ဒေါ်လာသန်း ၃၉၀ ကျော်တန်ဖိုးရှိတဲ့ စာချုပ်ကို ထပ်မံချုပ်ဆိုခဲ့တယ်လို့ သိရပါတယ်။ ဒီစာချုပ်ဟာ Bradley ခြေလျင်တိုက်ယာဉ်တွေကို ခေတ်မီတဲ့ M2A4 ပုံစံအဖြစ် အဆင့်မြှင့်တင်ဖို့အတွက် ဖြစ်ပါတယ်။

Bradley M2A4 ဗားရှင်းအသစ်မှာ ယခင်မော်ဒယ်တွေထက် ပစ်ခတ်နိုင်စွမ်း၊ အသက်ရှင်သန်နိုင်စွမ်း၊ ကွန်ရက်ချိတ်ဆက်နိုင်စွမ်းနဲ့ ဘေးကင်းလုံခြုံမှုတွေ ပိုမိုမြင့်မားအောင်တိုးမြှင့်ထားပါတယ်။ ဒီအဆင့်မြှင့်တင်မှုက စစ်သည်တွေအတွက် တိုက်ပွဲမှာ အသာစီးရနိုင်ဖို့ လိုအပ်တဲ့စွမ်းဆောင်ရည်ကို ဖြည့်ဆည်းပေးတာဖြစ်တယ်လို့ BAE Systems ရဲ့ တာဝန်ရှိသူတွေက ပြောပါတယ်။

M2A4 ပုံစံဟာ စစ်မြေပြင်အခြေအနေတွေကို ပိုမိုကောင်းမွန်စွာသိရှိနိုင်ဖို့အတွက် ဒစ်ဂျစ်တယ်အီလက်ထရွန်နစ်စနစ်တွေကို ထည့်သွင်းထားပြီး တပ်ဖွဲ့များကြား ကွန်ရက်ချိတ်ဆက်ဆက်သွယ်ရေးကိုပါ မြှင့်တင်ပေးပါတယ်။ ဒီယာဉ်တွေက သံချပ်ကာတပ်မဟာတိုက်ခိုက်ရေးအဖွဲ့အတွက် မျိုးဆက်သစ်တိုက်ယာဉ်များဖြစ်လာပါလိမ့်မယ်။ **Ref: IE**

**ကိုထက်**

## တရုတ်သိပ္ပံပညာရှင်များ၏ ဆန်းသစ်တီထွင်မှုကြောင့် EV များ၏ စွမ်းအင်သိုလှောင်မှု နှစ်ဆဖြစ်လာနိုင်



တရုတ်သိပ္ပံပညာရှင်တွေဟာ All-solid-state လီသီယံဘက်ထရီ နည်းပညာနယ်ပယ်မှာ အရေးကြီးတဲ့ တိုးတက်မှုကြီးတစ်ခုကို ဖော်ဆောင်နိုင်ခဲ့တယ်လို့ သိရပါတယ်။ ဒီအောင်မြင်မှုက လက်ရှိလျှပ်စစ်စွမ်းအင်သုံးယာဉ် (EV)တွေရဲ့ မောင်းနှင်နိုင်တဲ့အကွာအဝေးကို နှစ်ဆအထိ တိုးမြှင့်ပေးနိုင်ပြီး စွမ်းအင်ဘေးကင်းလုံခြုံရေးကိုလည်း မြှင့်တင်ပေးနိုင်တယ်လို့ ဆိုပါတယ်။

Solid-state ဘက်ထရီတွေဟာ လက်ရှိသုံးနေတဲ့ အရည်လျှပ်လိုက်ရည်အစား အခဲကို အစားထိုးအသုံးပြုတာဖြစ်လို့ မီးလောင်နိုင်ခြင်းမရှိတဲ့အပြင် စွမ်းအင်သိပ်သည်းဆ ပိုမိုမြင့်မားပါတယ်။ သိပ္ပံပညာရှင်တွေဟာ "Iodine Glue" လို့ခေါ်တဲ့ ဒြပ်ပေါင်းအသစ်တစ်ခုကိုဖန်တီးနိုင်ခဲ့လို့ ဘက်ထရီများရဲ့ အတွင်းပိုင်းဆက်သွယ်မှုမျက်နှာပြင်တွေကို ချောမွေ့စွာချိတ်ဆက်နိုင်ခဲ့ပါတယ်။

ဒါ့အပြင် သုတေသီတွေက ဘက်ထရီကို ကွေးညွတ်တာ၊ လိမ်တာမျိုး ခံနိုင်ရည်ရှိစေအောင် Polymer Framework ကိုလည်း မိတ်ဆက်ခဲ့တာကြောင့် စွမ်းဆောင်ရည်မကျဆင်းဘဲ အကြိမ် ၂၀၀၀၀ အထိ ကွေးညွတ်နိုင်တယ်လို့ စမ်းသပ်မှုတွေအရသိရပါတယ်။

**Ref: IE**

**ကိုထက်**

## သဘာဝအပင်ထွက် Forskolin ဒြပ်ပေါင်းက သွေးကင်ဆာဓာတုကုထုံးကို အစွမ်းထက်စေ


သိပ္ပံပညာရှင်များက သဘာဝအပင်ထွက် Forskolin လို့ခေါ်တဲ့ ဒြပ်ပေါင်းတစ်မျိုးကို ရှာဖွေတွေ့ရှိခဲ့ပါတယ်။ ဒီဒြပ်ပေါင်းဟာ ပြင်းထန်တဲ့ သွေးကင်ဆာကလာပ်စည်းများကို တိုက်ခိုက်ရုံသာမက ဓာတုကုထုံးအပေါ် ပိုပြီးအစွမ်းထက်စေတယ်လို့ သိရပါတယ်။ Forskolin ဟာ အထူးသဖြင့် ကုသရခက်ခဲလှတဲ့ KMT2A-r AML လူနာတွေအတွက် မျှော်လင့်ချက်အသစ်တစ်ခုဖြစ်လာနိုင်ပါတယ်။

ဒီဒြပ်ပေါင်းဟာ သွေးကင်ဆာကလာပ်စည်းတွေ ကြီးထွားမှုကို တိုက်ရိုက်နှေးကွေးစေပြီး ကင်ဆာဖြစ်ပေါ်တိုးတက်မှုကို အားပေးတဲ့ မျိုးဗီဇအချို့ရဲ့ လှုပ်ရှားမှုကိုလည်း လျှော့ချပေးတယ်လို့ သုတေသီတွေကပြောပါတယ်။ အထူးခြားဆုံးကတော့ Forskolin ဟာ သွေးကင်ဆာကလာပ်စည်းတွေကို ပစ်မှတ်ထားတဲ့ဓာတုကုထုံးဆေး daun-orubicin အပေါ် တုံ့ပြန်မှုမြင့်မားစေတယ်ဆိုတဲ့ အကျိုးကျေးဇူးကိုတွေ့ရှိခဲ့တာပါ။

ဒါဟာ ကင်ဆာကလာပ်စည်းတွေက ဓာတုကုထုံးဆေးတွေကို ပြန်လည်ထုတ်ပစ်ဖို့ သုံးတဲ့ P-glycoprotein 1 ဆိုတဲ့ ပရိုတင်းကို Forskolin က ဝင်ရောက်နှောင့်ယှက်တာကြောင့်ဖြစ်ပါတယ်။ ဒီနည်းလမ်းက ဓာတုကုထုံးဆေးကို ကင်ဆာကလာပ်စည်းတွေအတွင်းမှာ ပိုမိုစုစည်းစေပြီး ကလာပ်စည်းတွေသေစေနိုင်တဲ့စွမ်းရည်ကို မြှင့်တင်ပေးပါတယ်။ Forskolin ကို ဓာတုကုထုံးနဲ့ ပေါင်းစပ်အသုံးပြုခြင်းဟာ ဘေးထွက်ဆိုးကျိုးတွေကို လျှော့ချပြီး သွေးကင်ဆာကုသမှုကို ပိုမိုထိရောက်စေနိုင်မယ်လို့ မျှော်လင့်ရပါတယ်။

**Ref: IE**

**ကိုထက်**



## Exail က အလေးချိန်တန် ၃၅၀၀ ရှိ ရေငုပ်သင်္ဘောများအတွက် စတီယာရင်နှင့် ထိန်းချုပ်စနစ်သစ်ကိုမိတ်ဆက်



Exail ကုမ္ပဏီက အလေးချိန်တန် ၃၅၀၀ ရှိတဲ့ ရေငုပ်သင်္ဘောကြီးတွေအတွက် ရည်ရွယ်ထုတ်လုပ်ထားတဲ့ အဆင့်မြင့်စတီယာရင်နဲ့ ငုပ်လျှိုးမှုထိန်းချုပ်စနစ်ကို မိတ်ဆက်ခဲ့တယ်လို့ သိရပါတယ်။ ဒီစနစ်ကို Opsys လို့ခေါ်ပြီး ရေငုပ်သင်္ဘောရဲ့ ရေအောက်သုံးဖက်မြင်လှုပ်ရှားမှုနဲ့ ရပ်တည်မှုကို တိတိကျကျထိန်းချုပ်နိုင်ဖို့ ဒီဇိုင်းထုတ်ထားတာဖြစ်ပါတယ်။

ဒီစနစ်ဟာ ရေငုပ်သင်္ဘောရဲ့ ရေငုပ်ချိန်ညှိစနစ်တွေနဲ့ စတီယာရင်တွေကို ထိန်းချုပ်ရာမှာ အားကိုးရပြီး လုပ်ငန်းဆောင်ရွက်သူတစ်ဦးတည်းနဲ့တင် လုပ်ငန်းပြီးစီးနိုင်စေတဲ့အတွက် အသုံးပြုရတာ အလွန်လွယ်ကူတယ်လို့ဆိုပါတယ်။ ဒီစနစ်မှာ အစိတ်အပိုင်းခွဲခြားနိုင်မှုနဲ့ အရန်စနစ်များပါဝင်နေတာကြောင့် ပြင်းထန်တဲ့ပတ်ဝန်းကျင်မှာတောင် စိတ်ချယုံကြည်ရတဲ့ စွမ်းဆောင်ရည်ကို အာမခံနိုင်ပါတယ်။

Opsys စနစ်ရဲ့ Software ဟာ မဟာဗျူဟာမြောက် ထိန်းချုပ်မှုအဆင့်အထိ လိုအပ်သလို စိတ်ကြိုက်ပြုပြင်ကာ ရေငုပ်သင်္ဘောတွေရဲ့ ဘေးကင်းလုံခြုံရေးနဲ့ စစ်ဆင်ရေးထိရောက်မှုအတွက် အဓိကအရေးပါတဲ့ အခန်းကဏ္ဍကနေ ပါဝင်နေပါတယ်။ ဒီစနစ်ကို ပြင်သစ်၊ ချီလီ၊ မလေးရှား၊ အိန္ဒိယ၊ တောင်ကိုရီးယားတို့မှာ အသုံးပြုနေပြီလို့လည်း သိရပါတယ်။ **Ref: IE**

**ကိုထက်**

# သီရိလင်္ကာ၌ ဆိုးရွားသော ရာသီဥတုကြောင့် သေဆုံးသူ ၂၁၂ ဦး ရှိလာ

**ကိုလံဘို၊ သဘာဝဘေး**

သီရိလင်္ကာနိုင်ငံ၌ ဆိုးရွားသောရာသီဥတုကြောင့် နိုဝင်ဘာလ ၃၀ ရက်တွင် သေဆုံးသူဦးရေ ၂၁၂ ဦးအထိ မြင့်တက်လာကြောင်းသိရသည်။ ထို့ပြင် နိုင်ငံ၏ဘေးအန္တရာယ်စီမံခန့်ခွဲရေးဌာန (DMC) က ခရိုင်အများအပြားတွင် ပျောက်ဆုံးနေသူအနည်းဆုံး ၂၁၈ ဦးကို ရှာဖွေရေးအဖွဲ့များက ဆက်လက်ရှာဖွေနေဆဲဖြစ်သည်ဟု ပြောသည်။

နိုင်ငံ၏ ကုန်သွယ်ရေးဝန်ကြီးဌာနသည် နိုင်ငံအတွင်းလိုအပ်သော ကုန်ပစ္စည်းများ ပြတ်လပ်မှုမရှိစေရန် အာမခံသည်ဟု ထုတ်ပြန်ထားသည်။ မိုးလေဝသဌာန၏ထုတ်ပြန်ချက်အရ ဆိုင်ကလုန်းမုန်တိုင်းဒစ်ဝါ၏ အရှိန်သည် နိုင်ငံတစ်ဝန်းတွင် တဖြည်းဖြည်း အားလျော့လာနေသည်ဟုသိရသည်။

ထို့ပြင် လျှပ်စစ်ဓာတ်အားပေးဝေမှုနှင့် ရေပေးဝေမှုပြတ်တောက်ခြင်းများကိုလည်း လာမည့်ရက်ပိုင်းအတွင်း ဖြေရှင်းပေးသွားမည်ဟု တာဝန်ရှိသူများက အတည်ပြုပြောထားကြောင်းသိရသည်။ **Ref: Xinhua**

# သဘာဝဘေးများဖြစ်ပွားမှုကြောင့် အရှေ့တောင်အာရှသုံးနိုင်ငံတွင် သေဆုံးသူ ၆၀၀ ကျော်နှင့် ဘေးသင့်သူ လေးသန်းကျော်ရှိ



**ဂျကာတာ၊ သဘာဝဘေး**

အရှေ့တောင်အာရှနိုင်ငံများဖြစ်သည့် အင်ဒိုနီးရှား၊ မလေးရှားနှင့် ထိုင်းနိုင်ငံတို့တွင် ပြင်းထန်သောသဘာဝဘေးများဖြစ်သည့် ရေကြီးမှုများနှင့် မြေပြိုမှုများ ဆက်တိုက်ဖြစ်ပွားခဲ့ခြင်းကြောင့် သေဆုံးသူဦးရေသည် ၆၀၀ ကျော်အထိ မြင့်တက်လာသည်ဟု နိုဝင်ဘာလ ၃၀ ရက်တွင် တာဝန်ရှိသူများက အတည်ပြုပြောထားသည်။

မလက္ကာရေလက်ကြားတစ်လျှောက်၌ ဖြစ်ပေါ်သော ရှားပါးသည့်အပူပိုင်းမုန်တိုင်း၏ ရိုက်ခတ်မှုကြောင့် ယင်းနိုင်ငံများသည် သီတင်းပတ်တစ်ပတ်ကြာ ပြင်းထန်သော မိုးသည်းထန်ခြင်းနှင့် လေပြင်းတိုက်ခတ်ခြင်းများကို ကြုံတွေ့ခဲ့ရခြင်းဖြစ်သည်။

ယင်းသဘာဝဘေးများကြောင့် သေဆုံးသူဦးရေသည် အင်ဒိုနီးရှားနိုင်ငံ၌ အများဆုံးဖြစ်ပြီး ၄၃၅ ဦးရှိသည်။ ထိုင်းနိုင်ငံ၌ ၁၇၀ ဦးနှင့် မလေးရှားနိုင်ငံ၌ သုံးဦး သေဆုံးကြောင်း တရားဝင်ထုတ်ပြန်ထားသည့် စာရင်းများတွင်ဖော်ပြထားသည်။ ယင်းမုန်တိုင်းကြောင့် စုစုပေါင်း လူဦးရေ လေးသန်းကျော်သည် သဘာဝဘေးဒဏ်သင့်ပြီး အဆိုပါဘေးသင့်သူများတွင် ထိုင်းနိုင်ငံတောင်ပိုင်းမှ သုံးသန်းခန့်နှင့် အင်ဒိုနီးရှားနိုင်ငံအနောက်ပိုင်းမှ ၁ ဒသမ ၁ သန်းခန့် ပါဝင်နေသည်ကို တွေ့ရသည်။ ရေလွှမ်းမိုးမှုများကျဆင်းလာပြီဖြစ်သောကြောင့် ရေဘေးသင့်ဒေသများသို့ ကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးအဖွဲ့များ သွားရောက်ရန် ကြိုးပမ်းနေကြောင်းနှင့် သေဆုံးသူဦးရေမှာ ပိုမိုများပြားလာနိုင်ဖွယ်ရှိကြောင်း သတင်းဌာနများကသုံးသပ်ထားသည်။ **Ref: ST**

# ကယ်လီဖိုးနီးယား၌ မွေးနေ့ပွဲအတွင်း ပစ်ခတ်မှုဖြစ်ပွား သေဆုံးသူ လေးဦးနှင့် ဒဏ်ရာရသူ ၁၀ ဦးရှိ

**စတော့တန်၊ ရာဇဝတ်မှု**

အမေရိကန်ပြည်ထောင်စု ကယ်လီဖိုးနီးယားပြည်နယ် စတော့တန်မြို့၌ ကလေးငယ်တစ်ဦး၏ မွေးနေ့ပွဲကျင်းပနေစဉ် ပစ်ခတ်မှုတစ်ခုဖြစ်ပွားခဲ့ရာ လူကြီးများနှင့် ကလေးငယ်များအပါအဝင် စုစုပေါင်း ၁၄ ဦး ပစ်ခတ်ခံရသည်။

တာဝန်ရှိသူများ၏ပြောကြားချက်အရ သေဆုံးသူဦးရေသည်လေးဦးအထိရှိလာပြီး ဒဏ်ရာရရှိသူ ၁၀ ဦးကို ဆေးရုံတင်ထားသည်ဟုသိရသည်။ ဤဖြစ်ရပ်သည်ရည်ရွယ်ချက်ရှိရှိ ပစ်မှတ်ထားတိုက်ခိုက်မှုဖြစ်နိုင်သည်ဟု ကနဦးသုံးသပ်ချက်များတွင်ဖော်ပြထားသည်။

သို့သော် ပစ်ခတ်မှုလုပ်သည့်သံသယရှိသူသည် ထွက်ပြေးတိမ်းရှောင်နေဆဲဖြစ်ပြီး ဖမ်းဆီးရမိခြင်း မရှိသေးသောကြောင့် အဆိုပါသံသယရှိသူနှင့်ပတ်သက်၍ သတင်းပေးနိုင်သူများအနေဖြင့် တာဝန်ရှိသူများထံ ချက်ချင်းဆက်သွယ်အကြောင်းကြားရန် မြို့တော်ဝန်ကတိုက်တွန်းထားသည်။ **Ref: BP**

# တောင်ကိုရီးယား၌ သက်ကြီးပိုင်း လူသုံးယောက်တွင် တစ်ယောက်က တစ်ဦးတည်းနေထိုင်ရ

**ဆိုး၊ ပြည်တွင်းရေး**

တောင်ကိုရီးယားနိုင်ငံ၌ သက်ကြီးပိုင်းလူသုံးယောက်လျှင် တစ်ယောက်က တစ်ဦးတည်းနေထိုင်နေရကြောင်း အစိုးရ၏ ထုတ်ပြန်ချက်တွင်ဖော်ပြထားသည်။

တစ်ဦးတည်းနေထိုင်ရသူအရေအတွက်သည် သက်ကြီးပိုင်းလူဦးရေစုစုပေါင်း၏ ၃၆ ရာခိုင်နှုန်းကျော်အထိ စံချိန်တင်မြင့်တက်လာခြင်းဖြစ်သည်။ နိုင်ငံ၏ အသက် ၆၅ နှစ်နှင့်အထက် သက်ကြီးရွယ်အိုဦးရေသည်လည်း ပထမဆုံးအကြိမ်အဖြစ် ၁၀ သန်းအထိ ရောက်ရှိလာရာ နိုင်ငံ့လူဦးရေ၏ ၂၀ ဒသမ ၁ ရာခိုင်နှုန်းရှိလာသည်။

ထို့ပြင် ကလေးငယ်အရေအတွက်သည်လည်းလျော့ကျလာကြောင်း၊ ထို့ကြောင့် အစိုးရအနေဖြင့် လူဦးရေဆိုင်ရာအပြောင်းအလဲနှင့်လိုက်လျောညီထွေဖြစ်စေရန် မူဝါဒများကို အရေးတကြီးပြင်ဆင်ရန်လိုအပ်နေသည်ဟု တာဝန်ရှိသူများကပြောထားသည်။ **Ref: ST**

# စင်ကာပူ၌ အလယ်တန်းကျောင်းများတွင် ဖုန်းအသုံးပြုမှုကို တင်းကျပ်စွာတားမြစ်မည်



**စင်ကာပူ၊ ပြည်တွင်းရေး**

စင်ကာပူပညာရေးဝန်ကြီးဌာနသည် ၂၀၂၆ ခုနှစ် ဇန်နဝါရီလမှစ၍ အလယ်တန်းကျောင်းသားများ ကျောင်းချိန်တွင် စမတ်ဖုန်းများ အသုံးပြုခြင်းတားမြစ်မည့် တင်းကျပ်သည့် စည်းမျဉ်းအသစ်ကို ထုတ်ပြန်လိုက်ကြောင်းသိရသည်။

လက်ရှိတွင် စမတ်ဖုန်းအသုံးပြုခြင်းကို စာသင်ချိန်အတွင်းသာ တားမြစ်ထားသော်လည်း ယခုစည်းမျဉ်းအသစ်တွင် အားလပ်ချိန်၊ ကျောင်းပြင်ပလှုပ်ရှားမှုများနှင့် အခြားသင်ကြားမှုနှင့်မသက်ဆိုင်သည့်အချိန်များပါ အကျုံးဝင်သည်။

အဆိုပါစည်းမျဉ်းအရ ကျောင်းသားများသည် ၎င်းတို့၏စမတ်ဖုန်းနှင့်စမတ်နာရီများကဲ့သို့သော စမတ်ကိရိယာများကို ကျောင်းချိန်အတွင်း လော့ကာများ သို့မဟုတ် လွယ်အိတ်များထဲတွင် သိမ်းထားရမည်ဖြစ်သည်။ ထိုနည်းလမ်းသည် ကျောင်းသားများအား နည်းပညာနှင့် ပညာရေးအကြား ကျန်းမာသောဟန်ချက်ညီမှုကိုရှာဖွေနိုင်ရန် ရည်ရွယ်သည်ဟု ပညာရေးဝန်ကြီးဌာနက ပြောသည်။

ဝန်ကြီးဌာနအနေဖြင့် ကျောင်းသားများအပေါ် စမတ်ဖုန်းကြည့်ရှုမှု၏ ဆိုးကျိုးသက်ရောက်မှုများလျော့ချရန် ဤမူဝါဒကို တိုးမြှင့်သတ်မှတ်လိုက်ခြင်းဖြစ်ပြီး အရေးပေါ်ကိစ္စရပ်များတွင်သာ ဖုန်းအသုံးပြုရန် ခွင့်ပြုထားသည်ဟုဖော်ပြထားသည်။ **Ref: ST**

# ဂျပန်၏ကာကွယ်ရေးအသုံးစရိတ်မြှင့်တင်ရန် ကြိုးပမ်းမှု စိုးရိမ်မှုများဖြစ်ပေါ်စေ

**တိုကျို၊ ငြိမ်းချမ်းရေး**

ဂျပန်နိုင်ငံက ကာကွယ်ရေးအသုံးစရိတ်ကို အရှိန်အဟုန်ဖြင့်မြှင့်တင်ရန်ကြိုးပမ်းနေခြင်းသည် ဒေသတွင်းနှင့် နိုင်ငံတကာ၌ စိုးရိမ်ပူပန်မှုများ ဖြစ်ပေါ်စေကြောင်းသိရသည်။

ဝန်ကြီးချုပ် ဆာနာအီတာကာအီချီက ၂၀၂၅ ဘဏ္ဍာနှစ်တွင် ကာကွယ်ရေးအသုံးစရိတ်ကို GDP ၏ ၂ ရာခိုင်နှုန်းအထိ တိုးမြှင့်ရန်ရည်မှန်းထားပြီး သတ်မှတ်ရက်ထက်စော၍ ဆောင်ရွက်ရန်ရည်ရွယ်ထားသည်။

ထို့ကြောင့် ကာကွယ်ရေးအသုံးစရိတ်သည် ယန်း ၁၁ ထရီလီယံနီးပါးအထိတိုးမြှင့်သွားနိုင်ကြောင်း ခန့်မှန်းရသည်။ ဂျပန်၏ လုံခြုံရေးနှင့်ကာကွယ်ရေးဆိုင်ရာစာတမ်းအသစ်များတွင် ရန်သူ့အခြေစိုက်စခန်းကို တိုက်ခိုက်နိုင်စွမ်းရှိစေရေးဟူသည့်အချက်ကိုထည့်သွင်းထားခြင်းသည် နိုင်ငံ၏ ကာကွယ်ရေးကိုသာဦးတည်သောမူဝါဒကို ထိခိုက်စေသည်ဟု ဝေဖန်မှုများရှိနေသည်။

ယာမာဂူချီတက္ကသိုလ်မှ ပါမောက္ခ အာဆူရှိကိုက်ဆုက ယခုတိုးမြှင့်မှုများသည် ပြည်သူတို့၏ အသက်မွေးဝမ်းကျောင်းမှုကို လျစ်လျူရှုကာ စီးပွားရေးအပေါ် ဝန်ထုပ်ဝန်ပိုးဖြစ်စေသည်ဟု ပြောထားသည်။ ထို့ပြင် လက်နက်တင်ပို့မှုဆိုင်ရာ ကန့်သတ်ချက်များဖြေလျှော့ခြင်းအပါအဝင် ဂျပန်၏ လုံခြုံရေးမူဝါဒများသည် နိုင်ငံ၏ငြိမ်းချမ်းရေးဝါဒီဟူသောဂုဏ်ပုဒ်ကို ပိုမိုဆိုးရွားစေမည်ဟု ၎င်းကပြောသည်။ **Ref: Xinhua**



# ဟုမ္မလင်းမြို့ရှိတပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှု ခံယူနေသူများအား ကြည့်ရှုအားပေး



အနောက်မြောက်တိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရ ဆေးကုသမှုခံယူနေသူ တစ်ဦးအား ကျန်းမာရေးတိုးတက် ကောင်းမွန်မှုအခြေအနေများကို မေးမြန်းအားပေးစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

စစ်ကိုင်းတိုင်းဒေသကြီး၊ ဟုမ္မလင်းမြို့ရှိ တပ်မတော်ဆေးရုံ၌ တက်ရောက်ဆေးကုသမှုခံယူလျက်ရှိသော အရာရှိ၊ စစ်သည်၊ မိသားစုဝင်များ၊ ပြည်သူ့စစ်မှုထမ်းများ၊ စစ်မှုထမ်းဟောင်းအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ ပြည်သူ့စစ်(ဌာနေ)တပ်ဖွဲ့ဝင်များနှင့် ဒေသခံပြည်သူများအား နိုဝင်ဘာလ ၂၉ ရက်တွင် အနောက်မြောက်တိုင်းစစ်ဌာနချုပ်မှ တိုင်းမှူး ဗိုလ်မှူးချုပ်ကျော်သူရနှင့် တာဝန်ရှိသူများက သွားရောက်ကြည့်ရှုကြသည်။

ဦးစွာ တိုင်းမှူးနှင့်တာဝန်ရှိသူများက ဆေးရုံတက်လူနာတစ်ဦးချင်း၏ ရောဂါဖြစ်ပွားမှု၊ ဆေးဝါးကုသပေးထားမှုနှင့် ကျန်းမာရေးတိုးတက်ကောင်းမွန်မှုအခြေအနေများကို ရင်းရင်းနှီးနှီးမေးမြန်းအားပေးစကားပြောကြားပြီး အာဟာရဖြည့်စားသောက်ဖွယ်ရာများနှင့် ချီးမြှင့်ငွေများ ပေးအပ်သည်။ ထို့နောက် တိုင်းမှူးနှင့် တာဝန်ရှိသူများသည် ဆေးရုံအတွင်း လှည့်လည်ကြည့်ရှုစစ်ဆေး၍ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ (၁၀၀)

## ထူးခြားသည့် ညအပူချိန်များ

၃၀-၁၁-၂၀၂၅

| | | | | |
|---|---|---|---|---|
| နမ့်စန် (ရှမ်းပြည်နယ်တောင်ပိုင်း) | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လွိုင်လင် | ၂ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| ဟဲဟိုး | ၂ | ဒသမ | ၃ | ဒီဂရီဆဲလ်စီးယက် |
| ဟားခါး | ၂ | ဒသမ | ၅ | ဒီဂရီဆဲလ်စီးယက် |
| ပင်လောင်း | ၄ | ဒသမ | ၈ | ဒီဂရီဆဲလ်စီးယက် |
| တောင်ကြီး | ၅ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |
| လားရှိုး | ၅ | ဒသမ | ၇ | ဒီဂရီဆဲလ်စီးယက် |
| မိုင်းယန်း | ၆ | ဒသမ | ၀ | ဒီဂရီဆဲလ်စီးယက် |

### ပြည်ထဲရေးဝန်ကြီးဌာန
### ၂၀၂၅-၂၀၂၆ ငွေလုံးငွေရင်း(ဖြည့်စွက်)ခွင့်ပြုရန်ပုံငွေဖြင့် တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပြည်ထဲရေးဝန်ကြီးဌာန၏ အောက်ဖော်ပြပါ ပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာနများတွင် တည်ဆောက်ရေးလုပ်ငန်းများဆောင်ရွက်ရန်ရှိပါသဖြင့် မြန်မာနိုင်ငံသား ပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် အိတ်ဖွင့်တင်ဒါတင်သွင်းနိုင်ရန် ဖိတ်ခေါ်ပါသည်-

(က) **ပြည်ထောင်စုဝန်ကြီးရုံး။** နေပြည်တော်။
(ခ) **မြန်မာနိုင်ငံရဲတပ်ဖွဲ့။** နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ရှမ်းပြည်နယ်။
(ဂ) **အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန။** နေပြည်တော်။

၂။ အဆိုပါလုပ်ငန်းများအတွက် မြန်မာနိုင်ငံသားပြည်တွင်းပုဂ္ဂလိကကုမ္ပဏီလုပ်ငန်းရှင်များသည် လုပ်ငန်းဆိုင်ရာအဆိုပြုလွှာများကို ၂-၁၂-၂၀၂၅ ရက်နေ့မှစတင်ဝယ်ယူနိုင်ပြီး ၈-၁၂-၂၀၂၅ ရက်နေ့ ၁၆၀၀ နာရီနောက်ဆုံးထား၍ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

၃။ တင်ဒါစည်းကမ်းချက်များနှင့်အညီ အဆိုပြုလွှာများကို သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးရုံးနှင့် တပ်ဖွဲ့/ဦးစီးဌာန(ရုံးချုပ်)များတွင်ဝယ်ယူနိုင်ပြီး အဆိုပြုလွှာတွင်ပါဝင်ရမည့်အချက်အလက်များ ပြည့်စုံစွာဖြည့်သွင်း၍ တင်ဒါစည်းကမ်းချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါအဆိုပြုလွှာတင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါတင်သွင်းမည့် ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ကုမ္ပဏီမှတ်ပုံတင်နှင့် ကုမ္ပဏီ Profile ကိုပါ တင်ပြရမည်ဖြစ်ပါသည်။

၄။ အသေးစိတ်အချက်အလက်များသိရှိလိုပါက အောက်ဖော်ပြပါ တယ်လီဖုန်းနံပါတ်များသို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်-

(က) ဝန်ကြီးရုံး ဖုန်း ၀၆၇-၃၄၁၂၄၆၆၊ ၀၆၇-၃၄၁၂၆၂၁
(ခ) မြန်မာနိုင်ငံရဲတပ်ဖွဲ့ ဖုန်း ၀၆၇-၃၄၁၂၁၃၈၊ ၀၆၇-၃၄၁၂၄၆၂
(ဂ) အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန ဖုန်း ၀၆၇-၃၄၃၁၃၉၀၊ ၀၆၇-၃၄၃၁၃၉၅

**တည်ဆောက်ရေးလုပ်ငန်းစိစစ်ရေးကော်မတီ**

### ကျန်းမာရေးဝန်ကြီးဌာန
### ပြည်သူ့ကျန်းမာရေးဦးစီးဌာန
### အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှ (၂၀၂၅-၂၀၂၆)ဘဏ္ဍာရေးနှစ်၊ သာမန်နှင့် ငွေလုံးငွေရင်းအသုံးစရိတ်ရန်ပုံငွေဖြင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများအတွက် လိုအပ်သော FDA အသိအမှတ်ပြု ဆေးနှင့်ဆေးပစ္စည်းများနှင့် ဓာတ်ခွဲဆေးပစ္စည်းများ၊ စက်ပစ္စည်းများအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါသဖြင့် မြန်မာနိုင်ငံအတွင်း တရားဝင်မှတ်ပုံတင်ထားသည့်ကုမ္ပဏီလုပ်ငန်းရှင်များအနေဖြင့် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၌ အိတ်ဖွင့်တင်ဒါတင်သွင်းရန် ဖိတ်ခေါ်ပါသည်။

၂။ တင်ဒါတင်သွင်းလွှာပုံစံများအား ကျန်းမာရေးဝန်ကြီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ ရုံးအမှတ်(၄၇)၊ နေပြည်တော်၌ လူကိုယ်တိုင်လာရောက် ဝယ်ယူရရှိနိုင်ပါသည်။ တင်ဒါအဆိုပြုလွှာအား သတ်မှတ်ထားသည့် စည်းကမ်းချက်များနှင့်အညီ ပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။

တင်ဒါအမှတ် - Tender.10.Med & Med Supplies, Reagents and Equipments(4th)(2025–2026)
တင်ဒါပုံစံစတင်ရောင်းချမည့်ရက် - ၁-၁၂-၂၀၂၅ ရက်နေ့
တင်ဒါပိတ်သိမ်းမည့်ရက်နှင့်အချိန် - ၂-၁၂-၂၀၂၅ ရက်နေ့၊ မွန်းတည့်(၁၂:၀၀)နာရီ

၃။ အသေးစိတ်အချက်အလက်များ သိရှိလိုပါက ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ ဝယ်ယူဖြန့်ဖြူးရေးဌာနခွဲ၊ နေပြည်တော် ဖုန်း-၀၆၇-၃၄၃၁၀၈၅/၀၆၇-၃၄၃၁၀၇၇ သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ပြည်သူ့ကျန်းမာရေးဦးစီးဌာန**




**စာပေမြင့်မှ လူမျိုးတင့်မည်**

**ပျောက်ဆုံးကြောင်း**
ကျော်စွမ်းထက်(ဘ)ဦးကျော်သူဝင်း ၁၂/ဒဂတ(နိုင်)၁၆၇၅၁၀ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
မေသံစဉ်ချို(ဘ)ဦးကျော်သူဝင်း ၁၂/ဒဂတ(နိုင်)၁၆၇၅၁၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁

**ပျောက်ဆုံးကြောင်း**
ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့နေ မအယ်လ်လုအောင်(ဘ)ဦးလုံဂျုံလဝမ်(ခ)ဝမ်လ ၁/မကန(နိုင်)၁၁၅၅၆၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၈၈၂၆၉၅၇

**ပျောက်ဆုံးကြောင်း**
နတ်မောက်မြို့နယ်၊ ဖက်တောရွာနေ အောင်ကိုဦး(ဘ)ဦးစိုးမြင့် ၈/နမန(နိုင်)၂၀၇၁၆၃ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ဖြူဖြူအောင်(ဘ)ဦးငွေအောင် ၁၂/ဗဟန(နိုင်)၀၂၄၀၃၁ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၉၄၀၅၄၁

**ပျောက်ဆုံးကြောင်း**
ဝေဝေလွင်(ဘ)ဦးကျန်းကျင်းရင် ၁၃/လရန(နိုင်)၂၆၆၇၅၅ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MG 262171)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။ ဖုန်း-၀၉-၂၅၅၁၂၁၂၅၈

**ပျောက်ဆုံးကြောင်း**
ပွင့်ဖြူမြို့နယ်၊ ရွာသာကြီးကျေးရွာနေ ချမ်းငြိမ်းသူ(ဘ)ဦးသန်းဝင်း ၈/ပဖန(နိုင်)၁၇၀၆၃၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ် (မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၉၇၄၈၀၅၃၂၇

**ပျောက်ဆုံးကြောင်း**
ပဲခူးတိုင်းဒေသကြီး၊ ကဝမြို့နေ မစိုးဒါလီ(ဘ)ဦးစိုးနိုင် ၇/ကဝန(နိုင်)၂၄၄၂၅၇ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(MH 984426)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၇၉၂၁၅၆၁၂၅

**ပျောက်ဆုံးကြောင်း**
ဆလိုင်းမင်းပြည့်စုံထွန်း(ဘ)ဆလိုင်းခင်မောင်ထွေး ၇/အတန(နိုင်)၁၇၀၂၈၈ ကိုင်ဆောင်သူ၏ နိုင်ငံကူးလက်မှတ်အမှတ်(မမှတ်မိ)မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၄၃၁၆၆၈၅၁







## မြဝတီစက်သုံးဆီဖြန့်ဖြူးရောင်းချရေးလုပ်ငန်း




**အရည်အသွေးမှန်၊အရေအတွက်မှန်၊ ကောင်းမွန်သော ဝန်ဆောင်မှုတို့ဖြင့်**

ရန်ကုန်၊ကျောက်တံခါး၊ပဲခူးယကုန်း၊ဖြူး၊နေပြည်တော်၊ သာစည်၊ကျောက်ဆည်၊မန္တလေး၊ကျောက်မဲ၊ပြင်ဦးလွင်၊ ပခုက္ကူ၊အောင်လံ၊ပြည်၊ဝါဇီတို့တွင်လွတ်လပ်စွာ ဝယ်ယူနိုင်ပါသည်။

ဖုန်း။၉၅-၀၁-၅၃၆၅၅၇၊၅၃၁၁၂၈၊၅၃၁၁၂၉



# တရားမဝင် သစ်မျိုးစုံ၊ လူသုံးကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လျှပ်စစ်ပစ္စည်းများ၊ လိုင်စင်မဲ့ မော်တော်ယာဉ်များ၊ လိုင်စင်မဲ့မော်တော်ဆိုင်ကယ်များ၊ တရားမဝင် ကုန်ပစ္စည်းတင်မော်တော်ယာဉ်များနှင့် ရေယာဉ်ဖမ်းဆီးရမိ

နေပြည်တော် နိုဝင်ဘာ ၃၀

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကိုဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ထိုသို့ဆောင်ရွက်လျက်ရှိရာ ကချင်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၄ ရက်**တွင်မိုးညှင်းမြို့နယ်၊ သီတာရပ်ကွက်၌ လိုင်စင်မဲ့မော်တော်ယာဉ် (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၅၀၀၀၀၀၀) ကိုပို့ကုန်သွင်းကုန်ဥပဒေအရလည်းကောင်း၊ မိုးညှင်းမြို့နယ်၊ နန့်စီးအောင်ပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ(၁၅၉၀)ဂါလန်(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၈၀၀၀၀၀)ကို ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာဥပဒေအရလည်းကောင်း **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၈၀၀၀၀၀)**ကို ဖမ်းဆီးအရေးယူ ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်စစ်ကိုင်းတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၄ ရက်**တွင် တကောင်းရပ်ကွက်၊ ရတနာပုံတံတား၌တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် စားသောက်ကုန်ပစ္စည်း (၁)မျိုး **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၉၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ တနင်္သာရီတိုင်းဒေသကြီး တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၀ ရက်**တွင် ကော့သောင်းမြို့နယ်၊ မွေတော်ကျွန်းအနီး၌ တရားမဝင် ကုန်ပစ္စည်းတင်ရေယာဉ်(၁)စင်း **(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၆၀၀၀၀၀၀)**ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

အလားတူ ပဲခူးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၇ ရက်**တွင် ဖြူးမြို့နယ်အတွင်း၌ တရားမဝင် သစ်မာ (၁ ဒသမ ၉၀၃)တန် **(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၈၂၆၈၈၀)** ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင်မန္တလေးတိုင်းဒေသကြီးတရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့်တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၇ ရက်**တွင် ရတနာပုံတံတားစစ်ဆေးရေးဂိတ်၌ မော်တော်ယာဉ်(၉)စီးပေါ်မှတရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၁၇) မျိုး၊ လူသုံးကုန်ပစ္စည်း (၁၂) မျိုး၊ စားသောက်ကုန်ပစ္စည်း (၁၀)မျိုး၊ လုပ်ငန်းသုံးပစ္စည်း (၈)မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၉၉၀၀၄၉၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Htila M3 Truck (၁) စီး၊ Nissan Condor Truck (၁) စီး၊ Toyota Ipsum (၂) စီး၊ Foton Toano Mini Bus (၁) စီး၊ Foton Mini Bus (၁) စီး၊ Ankai Bus (၁) စီး၊ SMPV Micro Bus (၁) စီး၊ Zay Yar Thar Light Truck (၁) စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၅၂၀၀၀၀၀၀) **စုစုပေါင်း (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၃၁၉၀၀၄၉၀)**ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အမှုတွဲဖွင့်လှစ်ထားရှိသည်။

ယင်းအပြင် မွန်ပြည်နယ်တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ **နိုဝင်ဘာလ ၂၄ ရက်**တွင် ကျိုက်ထိုမြို့နယ်၊ မလေ့ချောင်ကျေးရွာ၌ မော်တော်ယာဉ်(၁)စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လျှပ်စစ်ပစ္စည်း (၆)မျိုး(ခန့်မှန်းတန်ဖိုးငွေကျပ်၃၂၃၂၀၀၀၀) ကိုလည်းကောင်း၊ **နိုဝင်ဘာလ ၂၇ ရက်**တွင် မော်လမြိုင်ခရိုင်နှင့် သထုံခရိုင်တို့အတွင်း၌ လိုင်စင်မဲ့မော်တော်ယာဉ်(၁)စီးနှင့် လိုင်စင်မဲ့မော်တော်ဆိုင်ကယ် (၂)စီး(ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀)ကိုလည်းကောင်း **စုစုပေါင်း(ခန့်မှန်းတန်ဖိုးငွေကျပ် ၃၃၈၂၀၀၀၀)** ကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

**နိုဝင်ဘာလ ၂၀ ရက်၊ ၂၄ ရက်နှင့် ၂၇ ရက်**တို့တွင် ဖမ်းဆီးရမိမှု **စုစုပေါင်းမှာ အမှုတွဲ (၂၉)မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၉၆၆၆၂၇၃၇၀)** ကို ဖမ်းဆီးရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအား ကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများ ဖြစ်ပေါ်နိုင်စေပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများဖြစ်ပေါ်စေနိုင်သည်။ သို့ဖြစ်ပါ၍ တရားမဝင် ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက်ပိုမိုတားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင် ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီမှသိရသည်။

မြဝတီ




ကချင်ပြည်နယ်၌ ဖမ်းဆီးရမိမှု။

# ဒဂုံ(မြောက်ပိုင်း)မြို့နယ်၌ မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများဆောင်ရွက်

ရန်ကုန် နိုဝင်ဘာ ၃၀

ရန်ကုန်တိုင်းဒေသကြီး ဒဂုံ(မြောက်ပိုင်း) မြို့နယ် အမှတ် (၄၂) တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်းရှိ မဟာမြိုင်ဈေးနှင့် အမှတ် (၄၉)ရပ်ကွက် ဘုရင့်နောင်လမ်းရှိ အမှတ် (၄၉) ဈေးတို့တွင် ယမန်နေ့က မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအသိပညာပေးဟောပြောခြင်း၊ မီးဘေးလုံခြုံရေး စစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းနှင့် အသိပညာပေးလက်ကမ်းစာစောင်ဖြန့်ဝေခြင်းများ ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးတင်ထွန်းအောင် ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များသည် အမှတ် (၄၂) တိုးချဲ့ရပ်ကွက် ဦးဝိစာရလမ်းရှိ မဟာမြိုင်ဈေးနှင့် အမှတ် (၄၉) ရပ်ကွက် ဘုရင့်နောင်လမ်းရှိ အမှတ် (၄၉) ဈေးတို့မှ ဈေးကော်မတီဥက္ကဋ္ဌ၊ ဈေးတာဝန်ခံများနှင့် ဈေးသူ၊ ဈေးသားများအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးဟောပြောခြင်း၊ ဈေးဆိုင်ခန်းများကို မီးဘေးလုံခြုံရေးစစ်ဆေးခြင်း၊ လက်တွေ့မီးငြိမ်းသတ်ခြင်းများနှင့် ဈေးနှင့်နီးသည့် ရပ်ကွက်များဖြစ်သည့် အမှတ် (၄၂)တိုးချဲ့ရပ်ကွက်နှင့် အမှတ် (၄၉)ရပ်ကွက်အတွင်းရှိ လူနေအိမ်များကို တစ်အိမ်တက်ဆင်း မီးဘေးလုံခြုံရေး စစ်ဆေးခြင်းများ ဆောင်ရွက်ကြသည်။

မြို့နယ်မီးသတ်ဦးစီးဌာန အနေဖြင့် ရပ်ကွက်များအတွင်း မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မီးသတိပြုရေးဆော်သြခြင်း၊ နှိုးဆော်ခြင်းနှင့် စစ်ဆေးခြင်းတို့ကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ မြင့်မြင့်ရီ



ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ်မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁-၁၂-၂၀၂၅ ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၄၉၀ | ၂၆၀၅ | ၂၅၇၀ | ၂၅၀၅ | ၂၆၁၀ | ၂၆၂၅ | ၂၆၄၅ | ၂၅၆၀ | ၄၅၀၅ | ၂၈၅၅ | ၂၅၈၀ | ၂၇၂၅ | ၂၆၅၀ | ၂၆၁၅ | ၂၆၃၅ | ၂၈၉၅ |
| 95 Ron | ၂၅၇၀ | ၂၆၈၅ | ၂၆၅၀ | ၂၅၈၅ | ၂၆၉၀ | ၂၇၀၅ | ၂၇၂၀ | ၂၆၄၀ | ၄၅၆၀ | ၂၉၃၅ | ၂၆၅၅ | ၂၈၁၀ | ၂၇၃၀ | ၂၆၉၅ | ၂၇၁၅ | ၂၉၇၀ |
| HSD (500 ppm) | ၂၅၁၅ | ၂၆၃၀ | ၂၅၉၅ | ၂၅၃၀ | ၂၆၃၅ | ၂၆၅၀ | ၂၆၆၅ | ၂၅၈၅ | - | ၂၈၈၀ | ၂၆၀၅ | ၃၁၀၀ | ၂၆၇၅ | ၂၆၄၀ | ၂၆၆၀ | ၂၉၂၀ |
| HSD (50 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၀၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | ၄၈၃၀ | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |
| HSD (10 ppm) | ၃၀၃၀ | ၃၁၄၅ | ၃၁၀၀ | ၃၀၄၅ | ၃၁၅၀ | ၃၁၆၅ | ၃၁၈၅ | ၃၁၀၀ | - | ၃၃၉၅ | ၃၁၂၀ | ၃၁၆၅ | ၃၁၉၀ | ၃၁၅၅ | ၃၁၇၅ | ၃၄၃၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၃၃၅ | ၂၄၁၅ |
| 95 Ron | ၂၄၁၁ | ၂၄၉၂ |
| HSD (500 ppm) | ၂၃၅၆ | ၂၄၃၆ |
| HSD (50 ppm) | ၂၈၅၈ | ၂၉၄၄ |
| HSD (10 ppm) | ၂၈၅၈ | ၂၉၄၄ |

**မှတ်ချက်။** (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်–

၀၆၇-၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇-၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

**စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်း လုပ်ငန်းကြီးကြပ်ရေးကော်မတီ**

# ၂၀၂၅ ခုနှစ် ဒီဇင်ဘာလ ပထမ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့်ဇလဗေဒခန့်မှန်းချက်

နေပြည်တော် နိုဝင်ဘာ ၃၀

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့်ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း ၁ ကြိမ်ဖြစ်ပေါ်နိုင်သည်။ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနိုင်ပြီး ကပ္ပလီပင်လယ်ပြင်နှင့် ကျန်ဘင်္ဂလားပင်လယ်အော်တို့တွင် တိမ်အသင့်အတင့်မှ တိမ်ထူထပ်နိုင်သည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ရွာသွန်းမြဲအောက် လျော့နည်းနိုင်ပြီး တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၂ ရက်မှ ၃ ရက်ခန့်နှင့်ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအရှေ့ပိုင်း၊ ဧရာဝတီတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်တို့တွင် ၁ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးအနောက်ပိုင်း၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်း၊ ကယားပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနိုင်သည်။

**ညအပူချိန်**

နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်၏ ၁ ဒသမ ၅ ဒီဂရီဆဲလ်စီးယက်နှင့်အောက်လျော့နည်းနိုင်ပြီး မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ဒီဇင်ဘာလပျမ်းမျှအပူချိန်ခန့်သာရှိနိုင်သည်။

**မြူအခြေအနေ**

မန္တလေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် ၅ ရက်မှ ၉ ရက်ခန့်နှင့် နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် ၁ ရက်မှ ၄ ရက်ခန့် နံနက်ပိုင်းတွင် မြူထူများဆိုင်းနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့၊ ကသာမြို့၊ သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ ၂ ပေခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့၊ မော်လိုက်မြို့၊ ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့် လက်ရှိရေမှတ်များအောက် ကျဆင်းလာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် ပေဝက်ခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် ပေဝက်မှ ၁ ပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်ခန့်စီ၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် ပေဝက်ခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတူမြို့နှင့် ပဲခူးမြို့တို့တွင် ပေဝက်မှ ၁ ပေခွဲခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် ၁ ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် ပေဝက်ခန့်၊ ငဝန်မြစ်ရေသည် ငါးသိုင်းချောင်းမြို့တွင် ၁ ပေခွဲခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် ပေဝက်ခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် ပေဝက်ခန့် လက်ရှိရေမှတ်များအောက်ကျဆင်းလာနိုင်ပြီး ငဝန်မြစ်ရေသည် သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်ခန့်စီ လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

(မိုး/ဇလ)

# ဒီဇင်ဘာလ ပထမ(၁၀)ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်

နေပြည်တော် နိုဝင်ဘာ ၃၀

အီကွေတာအနီးရှိ အပူပိုင်းပစိဖိတ်သမုဒ္ဒရာ (Tropical Pacific Ocean)၏ ပင်လယ်ရေမျက်နှာပြင်အပူချိန်နှင့် လေထုဖြစ်စဉ်များမှာ အားအနည်းငယ်ရှိသော လာနီညာအခြေအနေတွင် ရှိနေသည်။ နိုင်ငံတကာမိုးလေဝသဌာနများ၏ သင်္ချာပုံစံပြုမော်ဒယ်လ်များ ခန့်မှန်းချက်အရ ဒီဇင်ဘာလ ပထမ(၁၀)ရက်ပတ်အတွင်း အားအနည်းငယ်ရှိသော လာနီညာအဆင့်တွင် ဆက်လက်တည်ရှိနိုင်သည်ဟု ခန့်မှန်းရသည်။

လာနီညာဖြစ်စဉ်သည် ပစိဖိတ်သမုဒ္ဒရာတွင်ဖြစ်ပေါ်သည့် ဖြစ်စဉ်ဖြစ်သော်လည်း အဆိုပါ လာနီညာဖြစ်စဉ်ကြောင့် အကျိုးသက်ရောက်မှုမှာ ယေဘုယျအားဖြင့် အရှေ့ဘက်မှ လေပွေလှိုင်းများတိုက်ခတ်ခြင်း၊ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်းများ ပိုမိုဖြစ်ပေါ်လာနိုင်ခြင်း၊ ဒေသအချို့တွင် ညအပူချိန်များ လျော့နည်းနိုင်ခြင်းနှင့် အချိန်အခါမဟုတ် မိုးရွာသွန်းမှုဖြစ်စဉ်များ ပိုမိုဖြစ်ပေါ်လာခြင်း စသည့် ရာသီဥတုဖြစ်စဉ်များ ဖြစ်ပေါ်လေ့ရှိသည်။

လာနီညာဖြစ်ပေါ်မှုနှင့်ပတ်သက်သည့် အခြေအနေများအား အချိန်နှင့်တစ်ပြေးညီ ဆက်လက်ထုတ်ပြန်သွားမည်ဖြစ်သည်။

(မိုး/ဇလ)

# အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများအပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG ၊ PDF အမည်ခံအကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များလုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။


၃။ ယင်းတို့၏လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

# ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း- ပူဒူချယ်ရီကမ်းခြေတို့နှင့်အပြိုင် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်


နေပြည်တော် နိုဝင်ဘာ ၃၀

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” (DITWAH) အခြေအနေ**

ယနေ့ညနေ ၃ နာရီခွဲအချိန်တိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော် အနောက်တောင်ပိုင်းနှင့်ယင်းနှင့်ဆက်စပ်လျက်ရှိသော အိန္ဒိယနိုင်ငံ တမီးလ်နာဒူး- ပူဒူချယ်ရီကမ်းခြေတို့တွင်ဖြစ်ပေါ်နေသော ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”(DITWAH) သည်မြောက်ဘက်သို့ရွေ့လျားခဲ့ပြီး မြန်မာနိုင်ငံ ကိုကိုးကျွန်းမြို့(Coco Island)၏




၃၀-၁၁-၂၀၂၅ ရက်နေ့ မြန်မာစံတော်ချိန် ၁၅:၃၀ နာရီအချိန် တိုင်းထွာချက်အရ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ (DITWAH) ” လမ်းကြောင်းပြမြေပုံ




အနောက်-အနောက်တောင်ဘက် ရေမိုင် ၇၆၅ မိုင်ခန့်၊ အိန္ဒိယနိုင်ငံ ပူဒူချယ်ရီမြို့ (Puducherry)၏ အရှေ့တောင်ဘက် ရေမိုင် ၅၀ မိုင်ခန့်နှင့်သီရိလင်္ကာနိုင်ငံ ထရီကိုမာလီမြို့ (Trincomalee)၏ မြောက်-အနောက်မြောက်ဘက်ရေမိုင် ၁၈၀ မိုင်ခန့် အကွာ ပင်လယ်ပြင်ကို ဗဟိုပြုနေသည်။

ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏ လက်ရှိအခြေအနေမှာ မြန်မာနိုင်ငံဘက်သို့ ဦးတည်ရွေ့လျားမည့် အခြေအနေ မရှိပါသဖြင့် အဝါရောင်အဆင့်ဟု သတ်မှတ်သည်။

**ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ” ၏တည်နေရာ၊ ဗဟိုချက်လေဖိအားနှင့်လေတိုက်နှုန်း**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”သည် ညနေ ၃ နာရီခွဲအချိန်တွင် မြောက်လတ္တီတွဒ် ၁၁ ဒသမ ၅ ဒီဂရီနှင့်အရှေ့လောင်ဂျီတွဒ် ၈၀ ဒသမ ၆ ဒီဂရီတွင်ရှိပြီး ဗဟိုချက်လေဖိအား ၉၉၈ ဟက်တိုပါစကယ်နှင့် အမြင့်ဆုံးလေတိုက်နှုန်းမှာ တစ်နာရီလျှင် ၄၅ မိုင်နှုန်းခန့်ဖြစ်သည်။

**နောက် ၂၄ နာရီအတွင်း ခန့်မှန်းချက်**

အဆိုပါ ဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ” သည် အိန္ဒိယနိုင်ငံ တမီးလ်နာဒူးမြောက်ပိုင်း- ပူဒူချယ်ရီကမ်းခြေတို့နှင့်အပြိုင် မြောက်ဘက်သို့ ဆက်လက်ရွေ့လျားနိုင်သည်ဟု ခန့်မှန်းရသည်။

**သတိပေးနှိုးဆော်ချက်**

အဆိုပါဆိုင်ကလုန်းမုန်တိုင်း“ဒစ်ဝါ”၏အရှိန်ကြောင့် မြန်မာ့ပင်လယ်ပြင်တွင် လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၅ ပေမှ ၇ ပေခန့်ရှိနိုင်သည်။

**အကြံပြုချက်**

သို့ဖြစ်ပါ၍ ဆိုင်ကလုန်းမုန်တိုင်း “ဒစ်ဝါ”၏အရှိန်ကြောင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့်ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေး ငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်။ **(မိုး/ဇလ)**

# (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲစာမူများ ဖိတ်ခေါ်ခြင်း

၁။ ၂၀၂၆ ခုနှစ်၊ (၈၁)နှစ်မြောက် တပ်မတော်နေ့ ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်း၊ ကဗျာနှင့်ဝတ္ထုပြိုင်ပွဲဝင်ရန် စာမူများဖိတ်ခေါ်အပ်ပါသည်။ ဆုရရှိသော ဂုဏ်ပြုစစ်ချီသီချင်း၊ စစ်သည်တေးသီချင်းများအား မြဝတီရုပ်မြင်သံကြားတွင် ထုတ်လွှင့်ပြသသွားမည်ဖြစ်ပြီး ကဗျာနှင့်ဝတ္ထုများအား စာအုပ်အဖြစ် စီစဉ်ထုတ်ဝေသွားမည်ဖြစ်ပါသည်။

၂။ **ပြိုင်ပွဲဝင်စာမူများတွင် ပါဝင်ရမည့်အချက်များ**

(က) မြန်မာနိုင်ငံဟူ၍ ဖြစ်တည်ပေါ်ပေါက်လာသည့်အချိန်မှစပြီး တပ်မတော်သည် နိုင်ငံတော်ကို ကာကွယ်စောင့်ရှောက်ခဲ့သည့်အဖွဲ့အစည်းတစ်ရပ်အဖြစ် ခိုင်ခိုင်မာမာရပ်တည်ခဲ့ကြောင်း၊ ခေတ်အဆက်ဆက် သမိုင်းအဆက်ဆက်တွင် အမျိုးသားရေးကို မည်သည့်အခါမျှ သစ္စာမဖောက်ခဲ့သည့်အပြင် စွန့်လွှတ်စွန့်စားခြင်း၊ အနစ်နာခံခြင်းများစွာဖြင့် ပြည်တွင်းပြည်ပရန်ဟူသမျှကို ချေမှုန်းသုတ်သင်နိုင်ခဲ့သည့် အစဉ်အလာကောင်းများရှိကြောင်း၊ နယ်ချဲ့ဆန့်ကျင်ရေး၊ ဖက်ဆစ်တော်လှန်ရေးကာလများတွင် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အတူ လက်တွဲတိုက်ပွဲဝင်ကာ မြန်မာ့လွတ်လပ်ရေးအတွက် အသက်သွေးချွေးများစွာ ပေးဆပ်ခဲ့သည့်အကြောင်းများကို ထည့်သွင်း ရေးသား၊ စပ်ဆိုဖွဲ့နွဲ့သီကုံးနိုင်သည်။

(ခ) ထို့ပြင် တိုင်းပြည်တွင် အရေးကြုံအခက်အခဲပေါ်ပေါက်လာတိုင်း တည်ငြိမ်ဖြောင့်မတ်စွာသုံးသပ်လျက် ဒို့တာဝန်အရေးသုံးပါးကို ဦးထိပ်ထားကာ လုပ်ဆောင်သင့်လုပ်ဆောင်ထိုက်သည်များကို ပြတ်ပြတ်သားသား လုပ်ဆောင်ခဲ့ကြောင်း၊ ပြည်ထောင်စုတိုင်းရင်းသားပေါင်းစုံဖြင့်ဖွဲ့စည်းထားသော ပြည်ထောင်စုတပ်မတော်ကြီးဖြစ်သည့်အားလျော်စွာ ပြည်ထောင်စုကြီးထာဝရငြိမ်းချမ်းရေးရရှိရေး၊ တစ်တိုင်းပြည်လုံး ဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် တပ်မတော်ခေါင်းဆောင်အဆက်ဆက်တို့ကြိုးပမ်းဆောင်ရွက်ခဲ့၊ ဆောင်ရွက်လျက်ရှိကြောင်း၊ ပြည်သူလူထုအကျိုးစီးပွားအတွက် အားချိန်နားချိန်မရှိဘဲ အချိန်ပြည့်တိုင်းပြည်တာဝန်ကို ကျေပွန်စွာထမ်းဆောင်လျက်ရှိကြောင်းများကိုလည်း ထည့်သွင်းရေးသားဖော်ကျူးနိုင်သည်။

(ဂ) အထက်ပါအချက်များထဲက အချက်တစ်ခုခုကိုဖြစ်စေ အများအပြားကိုဖြစ်စေထည့်သွင်းဖွဲ့ဆိုရေးသားနိုင်ပါသည်။

၃။ **စစ်ချီသီချင်း၊ စစ်သည်တေးသီချင်းကဏ္ဍသတ်မှတ်ချက်များ**

(က) တပ်မတော်နှင့်သက်ဆိုင်ပြီး စိတ်ဓာတ်တက်ကြွဖွယ်စာသားများပါဝင်ရမည်။

(ခ) တပ်မတော်၏ဂုဏ်ရည်၊ တပ်မတော်သားတို့၏ဘဝကို ထင်ဟပ်ဖော်ပြနိုင်စွမ်းရှိရမည်။

(ဂ) တေးသီချင်းတစ်ပုဒ် ကြာမြင့်ချိန် ၃ မိနစ်ထက်မနည်း ၅ မိနစ်ထက်မများ ဖြစ်ရမည်။

(ဃ) အသံသွင်းပြီးသီချင်းခွေနှင့်အတူ သီချင်းစာသား Note မိတ္တူ ၃ စုံပေးပို့ရမည်။

(င) ပြိုင်ပွဲဝင်များအနေဖြင့် သံစုံတီးဝိုင်းဖြင့် တီးခတ်အသံသွင်းရန်အခက်အခဲရှိပါက နီးစပ်ရာတိုင်းစစ်ဌာနချုပ်များရှိ စစ်တီးဝိုင်းများတွင် သွားရောက်တီးခတ်၍ အသံသွင်းနိုင်သည်။

၄။ **ကဗျာ(အလွတ်တန်း/ဝါသနာရှင်)စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) မြန်မာဂန္ထဝင်ကဗျာရေးထုံးနှင့် ကိုက်ညီသည့်ကဗျာဖြစ်ရမည်။

(ခ) ကဗျာ(အလွတ်တန်း)တွင် ပါဒ ၃၀၀ မှ ၄၀၀ အတွင်း၊ ကဗျာ(ဝါသနာရှင်)တွင် ပါဒ ၂၅၀ မှ ၃၀၀ အတွင်း ပါဝင်ရမည်။ (လေးလုံးစပ်ကဗျာတွင် စာလုံးလေးလုံးသည် တစ်ပါဒဖြစ်ပြီး အချိုးကဗျာတွင် စာကြောင်းတစ်ကြောင်းသည် တစ်ပါဒဖြစ်သည်။)

(ဂ) ကဗျာတွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို(အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(ဃ) ယှဉ်ပြိုင်သူတစ်ဦးတည်းက ကဗျာ(အလွတ်တန်းအဆင့်)နှင့်ကဗျာ(ဝါသနာရှင်အဆင့်) နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(င) အမျိုးသားစာပေဆု(ကဗျာ)၊ စာပေဗိမာန်စာမူဆု(ကဗျာ)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ကဗျာ)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ကဗျာ(ပထမ၊ ဒုတိယ၊ တတိယ)ဆုရရှိဖူးသူများအနေဖြင့် ကဗျာ(အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၅။ **ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်း/ဝါသနာရှင်) စာမူကဏ္ဍ သတ်မှတ်ချက်များ**

(က) ဝတ္ထုတို၊ ဝတ္ထုရှည်အင်္ဂါရပ်များနှင့်ညီညွတ်ရမည်။

(ခ) ရသမြောက်စွာရေးဖွဲ့ရမည်ဖြစ်ပြီး စကားပြေရေးဟန်နှင့် စကားပြောရေးဟန် ရောနှောရေးသားခြင်းမပြုရ။

(ဂ) ဝတ္ထုတိုတွင် စာလုံးရေ ၆၀၀၀ မှ ၈၀၀၀ အကြား သတ်မှတ်သည်။ ဝတ္ထုရှည်တွင် စာလုံးရေ ၅၀၀၀၀ အောက်မနည်းစေရ၊ ၆၀၀၀၀ ထက်မများစေရ။

(ဃ) ဝတ္ထုတို/ဝတ္ထုရှည်တွင် မိမိယှဉ်ပြိုင်လိုသည့်အဆင့်ကို (အလွတ်တန်းအဆင့်)၊ (ဝါသနာရှင်အဆင့်)ဟူ၍ သိသာစွာရေးသားဖော်ပြရမည်။

(င) ယှဉ်ပြိုင်သူတစ်ဦးတည်းက ဝတ္ထုတို/ဝတ္ထုရှည်(အလွတ်တန်းအဆင့်)နှင့် (ဝါသနာရှင်အဆင့်)နှစ်မျိုးစလုံးတွင် တစ်ပြိုင်နက်ဝင်ရောက်ယှဉ်ပြိုင်ခြင်းမပြုရ။

(စ) အမျိုးသားစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ စာပေဗိမာန်စာမူဆု(ဝတ္ထုတို/ဝတ္ထုရှည်)၊ ပခုက္ကူဦးအုံးဖေစာပေဆု(ဝတ္ထုတို/ဝတ္ထုရှည်)ရရှိပြီးသူများ၊ ယခင်တပ်မတော်နေ့အထိမ်းအမှတ် စာမူပြိုင်ပွဲများတွင် ဝတ္ထုတို/ဝတ္ထုရှည် (ပထမ၊ ဒုတိယ၊ တတိယ) ဆုရရှိဖူးသူများအနေဖြင့် ဝတ္ထုတို/ဝတ္ထုရှည် (အလွတ်တန်းအဆင့်)တွင်သာ ဝင်ရောက်ယှဉ်ပြိုင်ရမည်။

၆။ စာမူများကို A4 ဆိုဒ်တစ်မျိုးတည်းတွင် စာမျက်နှာတစ်ဖက်တည်း၌သာ ရှင်းလင်းပီသသော လက်ရေးဖြင့်ဖြစ်စေ၊ ကွန်ပျူတာစာလုံး (Pyidaungsu Font စာလုံးအရွယ်အစား ၁၃)ဖြင့်ဖြစ်စေ ရေးသားရိုက်နှိပ်ပြီး ခိုင်ခံ့သေသပ်စွာချုပ်လုပ်၍ ၃ စုံစီပေးပို့ရမည်။

၇။ စာမူများတွင် ကိုယ်တိုင်ရေးသားကြောင်း၊ မည်သည့်စာနယ်ဇင်းတွင်မှ ပုံနှိပ်ဖော်ပြဖူးခြင်းမရှိကြောင်းနှင့် မည်သည့်ပြိုင်ပွဲတွင်မှ ဆုရရှိဖူးခြင်းမရှိကြောင်းဝန်ခံချက်ပါရှိရမည်။

၈။ စာမူရှင်များ၏နေရပ်လိပ်စာအပြည့်အစုံနှင့် ဆက်သွယ်ရန်ဖုန်းနံပါတ်တို့ကို ထည့်သွင်းဖော်ပြရမည်။

၉။ ဆုချီးမြှင့်ခြင်းခံရပါက ကိုယ်တိုင်တက်ရောက်ဆုယူနိုင်သူဖြစ်ကြောင်း ကတိပြုချက်ပါရှိရမည်။

၁၀။ စာမူများကို ၂၀၂၅ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နောက်ဆုံးထား၍ ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)၊ ပြည်သူ့ဆက်ဆံရေးနှင့်စိတ်ဓာတ်စစ်ဆင်ရေးညွှန်ကြားရေးမှူးရုံးသို့ ပေးပို့ရမည်။

၁၁။ **စစ်ချီသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၂။ **စစ်သည်တေးသီချင်း ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၈၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၇၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၆၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၅၀၀,၀၀၀ ကျပ်

၁၃။ **ကဗျာ(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၄။ **ကဗျာ(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၅။ **ဝတ္ထုတို(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၅၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၄၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၃၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၂၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၁၅၀,၀၀၀ ကျပ်

၁၆။ **ဝတ္ထုတို(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၅၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၄၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၃၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၂၀၀,၀၀၀ ကျပ်

၁၇။ **ဝတ္ထုရှည်(ဝါသနာရှင်) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၇၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၆၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၅၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၄၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၃၀၀,၀၀၀ ကျပ်

၁၈။ **ဝတ္ထုရှည်(အလွတ်တန်း) ဆုချီးမြှင့်မည့်နှုန်းထားများ**

(က) ပထမဆု ၁,၀၀၀,၀၀၀ ကျပ်
(ခ) ဒုတိယဆု ၇၀၀,၀၀၀ ကျပ်
(ဂ) တတိယဆု ၆၀၀,၀၀၀ ကျပ်
(ဃ) စတုတ္ထဆု ၅၀၀,၀၀၀ ကျပ်
(င) ပဉ္စမဆု ၄၀၀,၀၀၀ ကျပ်

၁၉။ ပြိုင်ပွဲအသီးသီးတွင် ဆုရရှိသူများအား အခမ်းအနားဖြင့် ဂုဏ်ပြုချီးမြှင့်မည်ဖြစ်သည်။

**ပြိုင်ပွဲကျင်းပရေးကော်မတီ**

❖ သဘာဝဘေးအန္တရာယ်များသည် တားဆီး၍မရသော်လည်း လူများ၏ကြိုတင်ကာကွယ်ဖန်တီးမှု၊ လုံ့လ၊ ဝီရိယထားကြိုးပမ်းဆောင်ရွက်မှုများဖြင့် ထိုက်သင့်သလောက်အကာအကွယ်ပေးနိုင် ...

❖ သစ်ပင်စိုက်ပျိုးခြင်း၊ သစ်တောများထိန်းသိမ်းခြင်းကြောင့် အရိပ်အာဝါသများရရှိခြင်း၊ ပတ်ဝန်းကျင်စိမ်းလန်းစိုပြည်ခြင်းများ ဖြစ်ပေါ်ရရှိလာမည်ဖြစ်...

( နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်၏ ၂၀၂၅ ခုနှစ်၊ ဩဂုတ်လ ၁၉ ရက်နေ့တွင် ပြုလုပ်သော မကွေးတိုင်းဒေသကြီး၊ မင်းဘူးခရိုင်၊ မင်းဘူးမြို့နယ်၊ အပူပိုင်းဒေသ (၁၃)ခရိုင်စိမ်းလန်းစိုပြည်ရေး၊ ၂၀၂၅ ခုနှစ် နိုင်ငံတော်အဆင့် ဒုတိယအကြိမ် လူထုလှုပ်ရှားမှုအသွင်ဖြင့် သစ်ပင်စိုက်ပျိုးပွဲတွင် ပြောကြားသောအမှာစကားမှကောက်နုတ်ချက်)

❖ **နိုင်ငံတော်ရှေ့သီးဖို့ ကုန်ထုတ်လုပ်မှုအားပေးစို့။**

❖ **နိုင်ငံတော်ဖွံ့ဖြိုးဖို့ ပညာရေးကိုအားပေးစို့။**

❖ **နိုင်ငံတော်သာယာဖို့ သဘာဝပတ်ဝန်းကျင်ထိန်းကြစို့။**

# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးသို့ တက်ရောက်အမှာစကားပြောကြား





ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးတွင် အမှာစကားပြောကြားစဉ်။

နေပြည်တော် နိုဝင်ဘာ ၃၀

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ ကုန်သည်များနှင့်စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (၃၄)ကြိမ်မြောက် နှစ်ပတ်လည်အသင်းသားစုံညီအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ရှိ အမျိုးသားကဇာတ်ရုံ၌ကျင်းပပြုလုပ်ရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ယာယီသမ္မတ နိုင်ငံတော်လုံခြုံရေးနှင့်အေးချမ်းသာယာရေးကော်မရှင်ဥက္ကဋ္ဌ ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားသည်။

အဆိုပါအခမ်းအနားသို့ ကော်မရှင်အတွင်းရေးမှူး တွဲဖက်အမှုဆောင်ချုပ် ဗိုလ်ချုပ်ကြီးရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ **စာမျက်နှာ ၅ ကော်လံ ၁ ➤**

# မြန်မာ U - 22 အမျိုးသားဘောလုံးအသင်း (၃၃)ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲကျင်းပမည့် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ရောက်ရှိ

ရန်ကုန် နိုဝင်ဘာ ၃၀

မြန်မာU – 22 အမျိုးသားဘောလုံးအသင်းသည် (၃၃) ကြိမ်မြောက် ဆီးဂိမ်းပြိုင်ပွဲယှဉ်ပြိုင်ရန် ယနေ့တွင် ရန်ကုန်မြို့မှထွက်ခွာရာ နေ့လယ်ပိုင်းတွင် ထိုင်းနိုင်ငံ ချင်းမိုင်မြို့သို့ ရောက်ရှိသည်။

မြန်မာU – 22 အသင်းတွင် အုပ်ချုပ်သူအဖြစ် ဦးစိုးမြတ်မင်း၊ နည်းပြချုပ်အဖြစ် ကူရိုဆာကီ(ဂျပန်)၊ အားကစားသမားများအဖြစ် ဂိုးသမား–ဟိန်းထက်စိုး၊ အောင်ပြည့်ဖြိုး(ဒဂုံစတားယူနိုက်တက်)၊ ခန့်မင်းသန့် (ရခိုင်ယူနိုက်တက်)၊ နောက်တန်း–ဖြိုးပြည့်စုံ၊ ရှမွေလင်ိုင်းကီး (ရတနာပုံ)၊ မြတ်သုန်းခန့် (သစ္စာအားမာန်)၊ လသာဝေဘုန်း၊ ကောင်းထက်ပိုင် (ရန်ကုန်ယူနိုက်တက်)၊ ထူးဝေယံ (မဟာယူနိုက်တက်)၊ မာတီးနို (အား/ကာသိပ္ပံ)၊ အလယ်တန်း– စခန့်ချော၊ ရဲရင့်ဖြိုး၊ မိုးဆွေ၊ အောင်သီဟ၊ စွမ်းထက် (ဒဂုံစတားယူနိုက်တက်)၊ အာကာကျော်၊ ဇော်ဝင်းသိန်း၊ ဥက္ကာနိုင် (ရန်ကုန်ယူနိုက်တက်)၊ ရှိုင်းဝဏ္ဏအောင်၊ မင်းမော်ဦး(သစ္စာအားမာန်)၊ ရှေ့တန်း– သန်းတိုးအောင်(ဟံသာဝတီယူနိုက်တက်)၊ စောမျိုးဇော် (သစ္စာအားမာန်)၊ သူရိန်ထွန်း(လက်ရှိအသင်းမရှိသေး)တို့ ပါဝင်ကြသည်။




မြန်မာအသင်းသည် အုပ်စု(C)တွင် အင်ဒိုနီးရှား၊ ဖိလစ်ပိုင်အသင်းတို့နှင့် ကျရောက်နေပြီး အုပ်စု(C)ပွဲစဉ်များကို ချင်းမိုင်မြို့ရှိ နှစ် ၇၀၀ ပြည့်အထိမ်းအမှတ်ကွင်း၌ ကျင်းပမည်ဖြစ်သည်။ မြန်မာအသင်းသည် အုပ်စုပွဲများအဖြစ် ဒီဇင်ဘာလ ၅ ရက်တွင် ဖိလစ်ပိုင်အသင်း၊ ဒီဇင်ဘာလ ၁၂ ရက်တွင် အင်ဒိုနီးရှားအသင်းနှင့် ကစားရမည်ဖြစ်သည်။ **ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – MFF**

**“ ပွဲစဉ်တိုင်းကို မြန်မာအသင်းအနေနဲ့ အင်တိုက်အားတိုက်နဲ့ စွမ်းအားပြည့် အကောင်းဆုံး ယှဉ်ပြိုင်သွားမှာပါ ”**

ဦးစိုးမြတ်မင်း ( U –22 အမျိုးသားလက်ရွေးစင် ဘောလုံးအသင်းအုပ်ချုပ်သူ)

စာ – ၁၀ သို့